# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝဂ်(ဓမ္မပဒ - ၁၄၆)


၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၅ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၅၆)


# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် စာသင်ကျောင်း ၃၀၀ ပြည့်အထိမ်းအမှတ် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာ)အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ရှမ်းပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်းမှ ဆောင်ရွက်ပြီးစီးခဲ့သည့် စာသင်ကျောင်း ၃၀၀ ပြည့်အထိမ်းအမှတ် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက်နံနက်ပိုင်းတွင် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် လုံပေါကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝင်းမင်းထွန်း၊ ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးမှ စီးပွားရေးသံမှူးဖြစ်သူ Mr. Kazuyuki Takimi၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ (စေတနာ)အဖွဲ့တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူ အင်အား ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❄



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် စာသင်ကျောင်း ၃၀၀ ပြည့်အထိမ်းအမှတ် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားအပြီးတွင် စာသင်ဆောင်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

ခွန်အာကာထွန်း (ဟိုပုံး ပြန်/ဆက်)

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သောအဖွဲ့ ဗီယက်နမ်နိုင်ငံသို့ လေ့လာရေးခရီး ထွက်ခွာ

စာမျက်နှာ-၃

## သမိုင်းဝင် ရွှေတောင်စား စေတီတော်မြတ်ကြီး ဒုတိယအကြိမ် လုံးတော်ပြည့် ရွှေစင်ရွှေသား ရွှေသင်္ကန်း ကပ်လှူပူဇော်

စာမျက်နှာ-၄

## ၁၉၈၀ သဘောတူညီချက်နှင့် မြန်မာ့အနောက်တံခါးမှ နယ်နိမိတ်မျဉ်း

ဆောင်းပါး၊ စာမျက်နှာ-၆


AGDBANK
Asia Green Development Bank Limited

FIXED DEPOSIT+++

အပ်နှံကာလအလိုက်အတိုးနှုန်းတွေ တက်သွားပြီး အမြင့်ဆုံး ၁၀% p.a အထိ အတိုးရနိုင်မယ့် Fixed Deposit+++

| ၁ လ | ၂ လ | ၃ လ | ၄ လ | ၅ လ | ၆ လ | ၇ လ | ၈ လ | ၉ လ | ၁၀ လ | ၁၁ လ | ၁၂ လ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၉.၀၀% | ၉.၁၀% | ၉.၂၅% | ၉.၃၀% | ၉.၄၀% | ၉.၅၀% | ၉.၆၀% | ၉.၇၀% | ၉.၇၅% | ၉.၈၅% | ၉.၉၅% | ၁၀% |

www.agdbank.com
AGDBank

မြန်မာ့အလင်း

# မြန်မာ့ပြည်ပပို့ကုန် "ပြောင်း"

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်၍ လယ်ယာထွက်ကုန်တို့အား ပြည်ပနိုင်ငံများသို့ တိုးမြှင့်တင်ပို့နိုင်ရေးသည် တိုင်းပြည်အတွက် အရေးကြီးသော စီးပွားရေးလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် လယ်ယာထွက်ကုန်တို့အနက် ပြောင်းသည်အရေးပါသော ပြည်ပပို့ လယ်ယာထွက်ကုန်တစ်မျိုးဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၌ ပြည်ပနိုင်ငံများသို့ ပြောင်းတန်ချိန် ၆၁၀၂၂၄ တင်ပို့နိုင်ခဲ့သည်ဖြစ်၍ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၀၁ သန်းရရှိခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ ပြည်ပနိုင်ငံများသို့ ပြောင်းတန်ချိန် ၁၂၉၂၁၇၉ တင်ပို့နိုင်ခဲ့သည်ဖြစ်၍ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၅၃ သန်းရရှိခဲ့ပါသည်။ လေးနှစ်တာကာလအတွင်း ပြည်ပသို့တင်ပို့သော ပြောင်းတန်ချိန်အရေအတွက် နှစ်ဆတိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံထွက်ပြောင်းတို့ကို တရုတ်နိုင်ငံ၊ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ တင်ပို့နေသော်လည်း မြန်မာ့ပြောင်း ပြည်ပပို့ကုန်အများစုကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်ပါသည်။ ယခုဘဏ္ဍာရေးနှစ် ပြောင်းတင်ပို့မှုအားလုံး၏ ၉၇ ရာခိုင်နှုန်းအား နယ်စပ်မှ တင်ပို့ခြင်းဖြစ်သကဲ့သို့ နယ်စပ်မှတစ်ဆင့် ပြည်ပသို့ တင်ပို့သော ပြောင်းတို့၏ ၉၉ ရာခိုင်နှုန်းအား တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်၍ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကပြောင်းတင်ပို့ရာ ဈေးကွက်ဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ လူဦးရေသည် ၂၀၁၈ ခုနှစ်၌ သန်းပေါင်း ၁၄၀၀ ကျော်ရှိမည်ဖြစ်၍ မြန်မာ့ပြည်ပပို့လယ်ယာထွက်ကုန်တို့အတွက် အားထားရမည့် ဈေးကွက်တစ်ခုဖြစ်ပါသည်။ သို့သော် မြန်မာ့ပြောင်း ပြည်ပပို့ကုန်အားလုံးနီးပါးကို တရုတ်နိုင်ငံဈေးကွက်တစ်ခုတည်းသို့ တင်ပို့နေခြင်းနှင့် ထိုကဲ့သို့တင်ပို့ရာ၌ ကုန်ကြမ်းအဖြစ်သာ တင်ပို့နေခြင်းသည် အလေးအနက်ထား သုံးသပ်ရမည့်ကိစ္စရပ်ဖြစ်ပါသည်။ မြန်မာ့ ပဲပို့ကုန်အားလုံးနီးပါးကို အိန္ဒိယဈေးကွက်တစ်ခုတည်းအပေါ်၌သာ အားပြုတင်ပို့ခဲ့သည်ဖြစ်၍ အိန္ဒိယနိုင်ငံက သူ့နိုင်ငံ၏ ပြည်တွင်းဈေးကွက်သို့ ပဲတင်သွင်းမှုအား ရုတ်တရက်ကန့်သတ်လိုက်သည့်အခါ၌ မြန်မာ့ပဲကဏ္ဍတစ်ခုလုံး လှုပ်ခါယမ်းလိုက်သကဲ့သို့ မတည်မငြိမ်ဖြစ်ခဲ့ရပါသည်။

လယ်ယာထွက်ကုန်တို့ကို ကုန်ကြမ်းအဖြစ် တင်ပို့ပါက ကန့်သတ်အချိန်တိုတစ်ခုအတွင်း၌သာ ဆောင်ရွက်ရသည်ဖြစ်၍ မူဝါဒအပြောင်းအလဲနှင့် ဈေးကွက်အပြောင်းအလဲတို့၏ ဆိုးကျိုးဒဏ်ကို ပိုမိုအလွယ်တကူခံစားရပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်တို့ကို တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ပြုပြင်ပြောင်းလဲတင်ပို့ရမည်ဖြစ်ပါသည်။ အထူးသဖြင့် ပြောင်းသည် တန်ဖိုးမြှင့်ထုတ်ကုန်အမယ်ပေါင်းများစွာကို ထုတ်လုပ်နိုင်သော လယ်ယာထွက်ကုန် ကုန်ကြမ်းတစ်မျိုးဖြစ်ပါသည်။ ပြောင်းကို အခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်အမယ်ပေါင်း ၂၀၀၀ ခန့်အထိ ထုတ်လုပ်နိုင်သည်ဟု ဆိုပါသည်။ ပြောင်းမှ ထုတ်လုပ်သည့် **SORBITOL** ကို အချိုဓာတ်အဖြစ် စားသောက်ကုန်လုပ်ငန်း၊ အဖျော်ယမကာလုပ်ငန်းနှင့် ဆေးဝါးလုပ်ငန်းတို့၌ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြပါသည်။ ပြောင်းမှထုတ်လုပ်သော အမှုန့်ကို ကော်မှုန့်/အကြော်မှုန့်အဖြစ် အသုံးပြုကြပါသည်။ ပြောင်းသည် တိရစ္ဆာန်အစားအစာနှင့် သရေစာထုတ်လုပ်မှုလုပ်ငန်းတို့၏ ကုန်ကြမ်းလည်းဖြစ်ပါသည်။ ပြောင်းဖူးဆီသည် ပြည်သူလူထုအကြား အလွယ်တကူတွေ့ရသော အခြေခံစားသုံးကုန်တစ်မျိုးဖြစ်ပါသည်။ ထင်ရှားသော ဥပမာပေးရမည်ဆိုပါက ကိုကာကိုလာ **(Coca-Cola)** ကုမ္ပဏီမှ ထုတ်လုပ်သော ဖျော်ရည်တို့၏ ၉၅ ရာခိုင်နှုန်း၌ ပြောင်းမှ ထုတ်လုပ်ထားသည့် **HIGH FRUTOSE CORN SYRUP (HFCS)** ကို အသုံးပြုထားပါသည်။ ဤဥပမာတို့ကို ကြည့်ရုံမျှဖြင့် ပြောင်းအခြေခံတန်ဖိုးမြှင့်ထုတ်ကုန်တို့၏ စီးပွားရေးအလားအလာကို မှန်းဆနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တစ်ဖက်၌ ပြောင်းစိုက်ပျိုးရေးကို တိုးမြှင့်ဆောင်ရွက်သည့်နည်းတူ တစ်ဖက်၌လည်း ပြောင်းအခြေခံတန်ဖိုးမြှင့်ထုတ်ကုန်တို့ ထုတ်လုပ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြပါရန် လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ဦးရာဇ်တော်ဓာတ် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

စစ်တွေ မတ် ၄

**ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် အထင်ကရ တန်ခိုးကြီး ဦးရာဇ်တော်ဓာတ်စေတီတော်မြတ်ကြီးအား ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၂၃ ရက်မှ ၂၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်ကာလတွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ သံဃာ့ဒါနဆွမ်းကျွေးပွဲ၊ ပင့်သံဃာတော် အရှင်သူမြတ်များအား စေတနာရှင် အလှူရှင်များက မတ် ၂၅ ရက် နံနက်ပိုင်းတွင် ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရခိုင်လူမျိုးတို့၏ ရခိုင်ရိုးရာ ပြိုင်လောင်းပွဲတွင် ၈ လံ ၈ လံ ၂ တောင်ပြိုင်ပွဲတွင် ပထမဆု ခုနစ်သိန်း၊ ဒုတိယဆု ၅ သိန်း၊ ၆ လံ ၆ လံ ၂ တောင် ပြိုင်ပွဲတွင် ပထမဆု ခြောက်သိန်း၊ ဒုတိယဆု လေးသိန်း၊ ၅ လံ ၅ လံ ၂ တောင် ပထမဆု ငါးသိန်း၊ ဒုတိယဆု သုံးသိန်းစီ အသီးသီးပေးအပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ရိုးရာကျင်ကိုင်ပွဲတွင် ရွှေမောင်းတန်း ပထမဆု ခြောက်သိန်း၊ ဒုတိယဆု လေးသိန်း၊ ငွေမောင်းတန်း ပထမဆု ငါးသိန်း၊ ဒုတိယဆု သုံးသိန်းနှင့် စိန်ခေါ်(ရွှေမောင်းတန်း)တစ်သိန်းနှင့် စိန်ခေါ်(ငွေမောင်းတန်း) ၈၀၀၀၀ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကာလ ညနေပိုင်းတွင် စိန်ရွှေရတနာ/ ရွှေပြည်စိုး အဆင့်မြင့်ဇာတ်သဘင်များဖြင့် လေးညတိုင်တိုင် ပါဝင်ကပြဖြေဖျော်သွားမည်ဖြစ်ကြောင်းနှင့် အခြားပျော်ပွဲရွှင်ပွဲများစွာပါဝင်ကြောင်း ဦးရာဇ်တော်ဓာတ်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

## မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) က ကြီးမှူး၍ ကမ္ဘာ့သွားနှင့် ခံတွင်းနေ့အထိမ်းအမှတ်အဖြစ် ခရမ်းမြို့၌ အခမဲ့ကွင်းဆင်းကုသမည်

**ရန်ကုန် မတ် ၄**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကမ္ဘာ့သွားနှင့် ခံတွင်းနေ့ အထိမ်းအမှတ်အဖြစ် ဦးဆောင် ပြုလုပ်မည့် အခမဲ့ကွင်းဆင်းကုသရေးအစီအစဉ်ကို မတ် ၁၈ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ခရမ်းမြို့နယ် ၄ ရပ်ကွက် ဗုဒ္ဓဟူးလမ်းရှိ ပုညကုသလအသင်း မြို့လယ်ဓမ္မာရုံ၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သွားနှင့်ခံတွင်း ဆရာဝန်ပေါင်း မြောက်မြားစွာဖြင့် သွားနှင့် ခံတွင်းရောဂါများဖြစ်သော သွားဖာခြင်း၊ သွားနုတ်ခြင်း၊ သွားသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ခရမ်းမြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများ၊ အနီးပတ်ဝန်းကျင် မြို့ ရွာများမှ သွားရောဂါဝေဒနာရှင်များ အခမဲ့လာရောက်ပြသနိုင်ကြောင်း၊ သွားနှင့် ခံတွင်းရောဂါများ လာရောက်ပြသသူတိုင်းကို သွားပွတ်တံနှင့် သွားတိုက်ဆေးများ လက်ဆောင်အဖြစ် ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ကုသလိုသူများအနေဖြင့် ခရမ်းမြို့ ပုညကုသလအသင်း ဖုန်း ၀၅၆ - ၃၀၉၄၆၊ (၃) ရပ်ကွက် ဘုရားလမ်းရှိ ယွန်းနဒီဆေးမျိုးစုံဆိုင်တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

## ညောင်ခါးရှည်ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်

**ဝေါ မတ်လ ၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ဒေသဖွံ့ဖြိုးရေးအတွက် အလှူရှင်များက အလှူငွေပေးအပ်ပွဲကို မတ် ၄ ရက်က ညောင်ခါးရှည်ကျေးရွာအုပ်ချုပ် ရေးမှူးရုံး၌ ကျင်းပခဲ့သည်။




အလှူငွေပေးအပ်ပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပြေဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရပ်မိရပ်ဖ ဦးဝင်းနိုင်က ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်ဖြစ်သော ရန်ကုန်မြို့နေ ဦးဘစီ၊ ဒေါ်ခင်မြ (ရွှေညောင်ပင်သစ်ဆိုင်)မှ လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သောညောင်ခါးရှည်တိုက်နယ်ဆေးရုံအတွက် အလှူငွေကျပ်သိန်း ၂၀၊ ညောင်ခါးရှည်အထကကျောင်းရေသန့်စက်အတွက် အလှူငွေကျပ် ၁၀ သိန်း၊ ပါရမီရှင်ပရဟိတအဖွဲ့အတွက် အလှူငွေကျပ် သုံးသိန်း စုစုပေါင်း အလှူငွေကျပ် ၃၃ သိန်းအား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး (ဓဲပုံ) ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့သည်။

အလှူငွေပေးအပ်ပွဲသို့ ညောင်ခါးရှည်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၄-၃-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ ·၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ·၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❇ *ရှေ့ဖုံးမှ*

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ စီးပွားရေးသံမှူးတို့ကကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးခဲ့သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါ ကျောင်းဝင်းအတွင်း ဆောက်လုပ်လှူဒါန်းထားသော ကလေးကစားကွင်းအား နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ကျောင်းပေါင်း ၁၂၀ ဆောက်လုပ်**

ဆက်လက်၍ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ယနေ့အခမ်းအနားသည် နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့က ရှမ်းပြည်နယ်အတွင်း ဆောက်လုပ်ပြီးစီးခဲ့သော စာသင်ကျောင်းပေါင်း ၃၀၀ ပြည့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားဖြစ်သကဲ့သို့ နိုင်ငံတော်၏ ပညာရေးကဏ္ဍမြင့်မားရေးအတွက် အားသစ်လောင်းသည့်နေ့လည်း ဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မူဝါဒ ၄ ရပ်၊ ရည်မှန်းချက် ၇ ရပ်၊ လုပ်ငန်းစဉ် ၁၈ ရပ် ချမှတ်ပြီး နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်လျက်ရှိရာတွင် နှစ်နိုင်ငံအစိုးရအဖွဲ့များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့နှင့် ၂၀၀၂ခုနှစ်က စတင်ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယခုအခါ စာသင်ကျောင်းဆောင်သစ် ၃၀၀ ဆောက်လုပ်ပေးနိုင်သကဲ့သို့ အချို့ကျောင်းများကို ပြုပြင်ပေးနိုင်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရပ်ရွာ အခြေပြုလူထု ပူးပေါင်းပါဝင်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်၍ ပူးပေါင်းပါဝင်ခဲ့သော ဒေသခံလူထု၏ လုပ်အားခကို ကျောင်းရန်ပုံငွေအဖြစ် ထူထောင်ပေးနိုင်သည့်အပြင် ရေရှည်ထိန်းသိမ်းရေးအတွက် ကောင်းမွန်သည့် အကျိုးကျေးဇူးများ ရရှိစေခဲ့ကြောင်း၊ ဆက်လက်ပြီး နိပ္ပွန်ဖောင်ဒေးရှင်း၏ ရန်ပုံငွေပံ့ပိုးမှုနှင့် အတူလာမည့် စီမံကိန်း စတုတ္ထအဆင့်အဖြစ် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းအပြင် ကယားပြည်နယ်ကိုပါ တိုးချဲ့ပြီး စာသင်ကျောင်းပေါင်း ၁၂၀ ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ပြုစုပျိုးထောင်ပေးနေ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးမူဝါဒ (မဟာဗျူဟာစီမံကိန်း) မှာ ဖော်ပြထားသည့်အတိုင်း မည်သူတစ်ဦး တစ်ယောက်ကိုမျှ ခွဲခြားမှုမရှိဘဲ ကျောင်းနေအရွယ် လူငယ်လူရွယ်အားလုံးကို လူသားကောင်းများ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနေကြောင်း၊ ကျောင်းသား ကျောင်းသူ အားလုံး အသင်းအဖွဲ့ စိတ်ဓာတ်တည်ဆောက်၍ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်တတ်အောင် လေ့ကျင့်ပေးနေကြောင်း၊ အရည်အသွေးမြင့်မားသည့် ဆရာကောင်းများ မွေးထုတ်နိုင်ရေးအတွက် ပညာရေးကောလိပ်များကို လေးနှစ်သင်ပညာရေး ဒီဂရီကောလိပ်များဖြစ်အောင် အဆင့်မြှင့်တင်ပေးနေပါကြောင်း ရှင်းလင်းပြောကြားသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်နေ**

ဆက်လက်၍ နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ Mr. Yohei SASAKAWA က ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးလုပ်ငန်းများအပေါ် ကူညီဆောင်ရွက်ပေးနေမှုများနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးတို့အတွက် နိပ္ပွန်ဖောင်ဒေးရှင်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ စီးပွားရေးသံမှူး Mr. Kazuyuki Takimi က ဂျပန်အစိုးရ၏ ဖွံ့ဖြိုးမှုအကူအညီပေးရေး အစီအစဉ်သည် ဂျပန်နိုင်ငံပြည်သူများကို ကိုယ်စားပြုနေသောကြောင့် ယခုဆောက်လုပ်ပေးသော ကျောင်းဆောင်သစ်များကို ရေရှည်ထိန်းသိမ်းပြီး ကလေးငယ်များ၏ ပညာရည်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌတို့က ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ဘဏ္ဍာနှစ်အလိုက် စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြား၍ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံမဏ္ဍိုင်ဖြစ်သော ပညာရေးကဏ္ဍ တိုးတက်အောင်မြင်ရန် ရန်ပုံငွေများ ကူညီပံ့ပိုးပေးသည့် နိပ္ပွန်ဖောင်ဒေးရှင်းနှင့် စီမံကိန်းလုပ်ငန်းများအား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့် (စေတနာ)အဖွဲ့တို့အား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး ဒေသခံ တိုင်းရင်းသားပြည်သူတစ်ဦးမှလည်း ယခုကဲ့သို့ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာ)အဖွဲ့က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ ကျောင်းရန်ပုံငွေကျပ် ၇၃ သိန်းနှင့် အားကစားပစ္စည်းများအား တာဝန်ရှိသူများထံ ပေးအပ်သည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်း စီမံကိန်းစာသင်ကျောင်း ၃၀၀ ပြည့် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနား အထိမ်းအမှတ်တံဆိပ်နှင့် ဒေသထွက်လက်ဆောင် ပစ္စည်းများအား ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့က နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် စာသင်ကျောင်း ၃၀၀ ပြည့်အထိမ်းအမှတ် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** သတင်းစဉ်

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သောအဖွဲ့ ဗီယက်နမ်နိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ



**နေပြည်တော် မတ် ၄**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် Parliamentary Network on the World Bank & International Monetary Fund(PN) မှ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံသို့ လေ့လာရေးခရီးသွား ရောက်ရန် ယနေ့ ည ၆နာရီ ၅၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားသည်။

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ သံအမတ်ကြီး Dr. Luan Thuy Duong နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဝဲပုံ)

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်သက်ခိုင်၊ ဦးသောင်းအေးတို့လည်း အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည်။

လေ့လာရေးခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံရှိ World Bank ရုံးတွင် IMF အဖွဲ့၊ ကမ္ဘာ့ဘဏ်အဖွဲ့များနှင့် တွေ့ဆုံခြင်း၊ ဗီယက်နမ်နိုင်ငံ လွှတ်တော်သို့ သွားရောက်ကာ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့်တွေ့ဆုံ၍ လွှတ်တော်တွင်း လေ့လာခြင်း၊ WBG projects ဆွေးနွေးပွဲသို့ တက်ရောက်လေ့လာခြင်း၊ ပညာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနများသို့ သွားရောက်လေ့လာခြင်း၊ ဗီယက်နမ်နိုင်ငံရှိ State Bank သို့ သွားရောက်လေ့လာခြင်း၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်ကံပေါက်ဒေသနှင့် မီးလောင်ချိုင့်ဒေသတို့တွင် ဓာတ်အားပေးစက်ရုံနှစ်ရုံကို သုံးနှစ်အတွင်းအပြီးတည်ဆောက်မည်

**နေပြည်တော် မတ် ၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မတ် ၂ ရက်က ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးခရိုင်ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးရုံးသို့ ရောက်ရှိပြီး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးသည် မိမိတို့ဝန်ကြီးဌာနအတွက် အရေးကြီးသည့် ကဏ္ဍတစ်ခုပင်ဖြစ်ကြောင်း၊ လက်ရှိထုတ်လုပ်မှုအရ ၃၀၀၀မဂ္ဂါဝပ်ရှိသဖြင့် နောင်လာမည့်နှစ်နှစ်၊သုံးနှစ်တွင်နောက်ထပ် ၃၀၀၀ မဂ္ဂါဝပ်ခန့်လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်အရလျှပ်စစ်နှင့် ပတ်သက်ပြီးဝန်ကြီးဌာန၏ မူဝါဒနှင့် အညီ သုံးနှစ်အတွင်းနောက်ထပ် ၃၀၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရန် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း လုပ်ငန်းလျာထားချက်များအရ ဆောလျင်စွာပြီးမည့်စီမံကိန်းများ၊ အလယ်အလတ် စီမံကိန်းများနှင့် နောက်ကျဆုံး ၄၂ လ အတွင်း လိုအပ်လျက်ရှိသည့် မဂ္ဂါဝပ် ၃၀၀၀ ခန့်ကို ရရှိလာမည်ဖြစ်ကြောင်း၊ အခြားဘက်တွင်လည်း ရေအားလျှပ်စစ်စီမံကိန်းများ၊ ဆိုလာစီမံကိန်းများ၊ LNG သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများကိုလည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထားဝယ်ကံပေါက်ဒေသတွင် ၁၂၃၀မဂ္ဂါဝပ်နှင့် ဧရာဝတီတိုင်းဒေသကြီး မီးလောင်ချိုင့်ဒေသတွင် ၁၃၉၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံကြီးနှစ်ရုံကို သုံးနှစ်အတွင်းပြီးစီးရန် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ ထိုထုတ်လုပ်မှုနှင့် အတူ ထုတ်ယူရရှိသည့် ဓာတ်အားများကို သယ်ယူရန်အတွက် Transmission System ကို ကောင်းမွန်အောင် ဆောင်ရွက်ဖို့လိုကြောင်း၊ နောင်တွင် တောင့်တင်းခိုင်မာသည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမည့်စနစ်ဖြစ်ရန် မဟာဓာတ်အားလိုင်းအား ၂၃၀ ကေဗွီမှ ၅၀၀ ကေဗွီဓာတ်အားလိုင်းသို့ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာဖြန့်ဖြူးပေးနိုင်ပါကနိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည် ဖြစ်ကြောင်း၊ လက်ရှိမောင်းနှင်နေသော သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များ၏ သက်တမ်းမှာကြာမြင့်လာပြီး စက်စွမ်းရည်ပြည့်မောင်းနှင်နိုင်ခြင်း မရှိသောကြောင့် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း၊ သုံးနှစ်အတွင်း ဓာတ်အားလိုအပ်ချက်များကို ပြည့်မီရန် ဓာတ်အားပေးစက်ရုံများ ဆောင်ရွက်ရမည်ဆိုပါကLNG သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများကို စဉ်းစားရမည်ဖြစ်ကြောင်း၊ ယနေ့ဓာတ်အားလိုအပ်ချက်ကြောင့် ကာလတိုအနေဖြင့် LNG သဘာဝဓာတ်ငွေ့ကို ဝယ်ယူအသုံးပြုသွားမည် ဖြစ်သော်လည်း ပြည်တွင်းမှ သဘာဝဓာတ်ငွေ့ကို စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် အချိန်ကာလတွင် LNG ဝယ်ယူမှုကို လျှော့ချပြီး ပြည်တွင်းမှ သဘာဝဓာတ်ငွေ့ကိုသာ ပြန်လည်အသုံးပြု၍ဓာတ်အား ထုတ်လုပ်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားဖြန့်ဖြူးပေးမည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၁၃၂ ကေဗွီ တောင်ကြီးပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီးဓာတ်အားခွဲရုံ Switch Yard အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သမိုင်းဝင် ရွှေတောင်စားစေတီတော်မြတ်ကြီး ဒုတိယအကြိမ် လုံးတော်ပြည့်ရွှေစင်ရွှေသား ရွှေသင်္ကန်းကပ်လှူပူဇော်

**နေပြည်တော် မတ် ၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ကျက်သရေဆောင် သမိုင်းဝင် ရွှေတောင်စားစေတီတော်မြတ်ကြီး ဒုတိယအကြိမ် လုံးတော်ပြည့် ရွှေစင်ရွှေသား ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ၊ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော်သြဝါဒါစရိယ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာစိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများအား ဇေယျဝတီကျောင်းတိုက် တိုက်အုပ်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီးတို့က ရတနာငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအားလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီးက ဆည်းလည်း ပဒေသာနှင့် လှူဖွယ်ပစ္စည်းများအားလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက သာသနာ့အောင်လံတော်နှင့် လှူဖွယ်ပစ္စည်းများအား လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့် အခမ်းအနားတက်ရောက် လာကြသူများက လှူဖွယ်ပစ္စည်းများအားလည်းကောင်း ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဇေယျဝတီကျောင်းတိုက် တိုက်အုပ်ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်အား လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ငှက်မြတ်နားတော်တို့အားလည်းကောင်း ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။ **(ယာပုံ)**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။ ယင်းနောက် သံဃာတော်များက စေတီတော်ကြီး အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းတော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာသူများက ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

**သတင်းစဉ်**



# (၃၁)ကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနား ကျင်းပ



**ရန်ကုန် မတ် ၄**

ရခိုင်ပြည်နယ် ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့(ရန်ကုန်) ကကြီးမှူးကျင်းပသော (၃၁)ကြိမ်မြောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ရခိုင်ဆရာတော် အရှင်သူမြတ် ၁၈ ပါး၊ သီလရှင်ဆရာကြီးတစ်ပါးနှင့် သာသနာနုဂ္ဂဟလူပုဂ္ဂိုလ်တစ်ဦးတို့အား ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီ က ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး ရခိုင်မင်္ဂလာစည်တော်ဖြင့် အခမ်းအနားကိုဖွင့်လှစ်သည်။

ထို့နောက် ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းက အခမ်းအနားကျင်းပရခြင်းအကြောင်းနှင့် အခမ်းအနား ဖွင့်လှစ်ကြောင်း လျှောက်ထားသည်။

ဆက်လက်၍ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပုသိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များက မေတ္တာပို့သပေးကြသည်။

ယင်းနောက် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်များ၏ နာယကချုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသကိုယ်တိုင် ရေးသားသီကုံးပူဇော်သော သဒ္ဓမ္မဋ္ဌိတိဝေဒလ္လဂါထာများဖြင့် ပူဇော်ပြီး ရခိုင်ပြည်နယ်ဓမ္မာရုံဂေါပကအဖွဲ့ ဦးဆောင်နာယက ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က သာသနာတော်ဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မင်းပြားမြို့မကျောင်းဆရာတော် ဘဒ္ဒန္တဃောသိတာရမ္ဘ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဓမ္မသုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောမနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်သံဃမဟာနာယက ဆရာတော် ယပ်လှဲကျောင်းဆရာတော် ဘဒ္ဒန္တစက္ကိန္ဒတို့ထံမှ ပရိသတ်များက သြဝါဒကထာများ နာယူကြသည်။

ဆက်လက်၍ ဓမ္မာရုံဂေါပကအဖွဲ့ဝင်တစ်ဦးက ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၈ ပါး၊ သီလရှင်ဆရာကြီး တစ်ပါးနှင့် သာသနာနုဂ္ဂဟလူပုဂ္ဂိုလ်တစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ရတနာမာရ်အောင်တောရဓမ္မရိပ်သာ မြောက်ဦးဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒထံမှ ပရိသတ်များက ရေစက်ချ အနုမောဒနာတရားနာယူကြပြီး ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ဝင် ဦးဆောင်နာယက ဦးတင်ညွန့်က နိဂုံးချုပ်စကားလျှောက်ထားကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းက “ဒီအခမ်းအနားက လွတ်လပ်ရေးနေ့မှာ နိုင်ငံတော်က ချီးမြှင့်တဲ့ ဘွဲ့ရဂုဏ်ထူးဆောင်ရခိုင်ဆရာတော်ကြီးတွေကို ရန်ကုန်မှာရှိတဲ့ ရခိုင်သူ၊ ရခိုင်သားတွေက အားလုံးစုပေါင်းပြီး ထပ်ဆင့်ချီးကျူးပူဇော်တဲ့ ပွဲဖြစ်ပါတယ်၊ အကြိမ်က (၃၁)ကြိမ်ရှိပါပြီ၊ ဒီနှစ်မှာတော့ ထူးထူးခြားခြား ပုသိမ်ကျောင်းတိုက် ဆရာတော်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ရရှိပါတယ်၊ ရခိုင်ဆရာတော်တွေထဲမှာ သာသနာရေးဆိုင်ရာ အဆင့်မြင့်ဆုံးဘွဲ့ထူးဂုဏ်ထူးကို ပထဆုံးရခဲ့တာဖြစ်ပါတယ်၊ အဲဒီအတွက် ရခိုင်သူ၊ ရခိုင်သားဒါယကာ၊ ဒါယိကာမတွေက အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်၊ ရခိုင်ဓမ္မာရုံကြီး စပေါ်ကတည်းက ဆရာတော်ကြီးတွေ ပူဇော်ကန်တော့ပွဲကို အစဉ်အလာမပျက် ကျင်းပလာတာပါ၊ နှစ်စဉ်နှစ်တိုင်းလည်း သာသနာတော်ကို ချီးမြှင့်ခြင်းအားဖြင့် စုစုစည်းစည်းလုပ်သွားဖို့ အစီအစဉ်ရှိပါတယ်”ဟု ပြောသည်။

**သတင်းစဉ်**

# ပြည်မြို့ရေပေးဝေရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဖွင့်ပွဲကျင်းပ

**ပြည် မတ် ၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ဂျပန်နိုင်ငံ JICA(OTA) Loan အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချေးငွေရ ယူကာ ၂၀၁၆ ခုနှစ်မှ စတင်၍ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့ရေပေးဝေရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ပြည်မြို့ ကမ်းနားလမ်းရှိ မြို့ရေပေးဝေရေးလုပ်ငန်းရုံးရှေ့၌ မတ် ၄ ရက် မွန်းလွဲ ၃ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် အဆိုပါမြို့ ရေပေးဝေရေး အဆင့်မြှင့်တင်ရေးလုပ်ငန်းအား တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ ဂျပန်နိုင်ငံ JICA အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌတို့က မြို့ရေပေးဝေရေး ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဒေါ်သန်းသန်းဝေက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သည့် မြို့ပြလမ်း၊ တံတား၊ ရေပေးရေး၊ သာယာလှပရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက ဖွင့်ပွဲအထိမ်းအမှတ် ပစ္စည်းများအား ပေးအပ်ပြီး မြို့ရေပေးဝေရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေပေးဝေရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းသည် မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်ရှိ ပြည်သူများအား တစ်ရက်လျှင် ရေဂါလန် သိန်း ၂၀ ဖြန့်ဝေပေးနိုင်ကြောင်း သိရပြီး ယင်းလုပ်ငန်း ဆောင်ရွက်မှုအတွက် ငွေကျပ် ၁၄၇၄ ဒသမ ၃၁၇ သန်း ကုန်ကျကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် မတ် ၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ လေးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော် တင်လှူပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၄

**ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရှေးဟောင်းသမိုင်းဝင် ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ရင်ပြင်ပေါ်ရှိ မင်္ဂလာမဏ္ဍပ်အတွင်း၌ ရဟန်း ၃၄ ပါး၊ သာမဏေ ၉၅၈ ပါး၊ သီလရှင် ၂၀၈ ပါး စုစုပေါင်း အပါး ၁၂၀၀တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ သဒ္ဓမ္မဝံသပေါင်းတည်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသ ပန်းတောင်းမြို့ဒုတိယကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဒေါက်တာ နာဂဒီပ ဆရာတော်အမှူးပြုသည့် ဂိုဏ်းပေါင်းစုံ တိုင်းသံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်ကြီးများ စုစုပေါင်း အပါး ၄၀ ကြွရောက်ချီးမြှင့်ကြသည်။**

အဆိုပါအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ သာသနာ့နုဂ္ဂဟ(ရန်ကုန်)ဝတ်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကုသိုလ်ပြုခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် သာသနာ့ဒါယကာ အလှူရှင်ဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေနှင့် ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းကြွယ်(ဇေကမ္ဘာ)မိသားစုက ကြွရောက်တော်မူကြသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်း ကုသိုလ်ပြုကြသည်။

ယနေ့ နံနက် ၈နာရီ ၁၅ မိနစ်တွင် ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် ထိုင်းနိုင်ငံမှ ဆရာတော်ကြီးများ၊ ဒုတိယကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တဒေါက်တာ နာဂဒီပစသည့် ဆရာတော်ကြီးများ အမှူးပြု၍ စုစုပေါင်း အပါး ၇၀ ကြွရောက်ချီးမြှင့်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသ(ရေတာရှည်)ဆရာတော်ကြီးက ကိုးပါးသီလချီးမြှင့်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသ(ပုသိမ်-ကုန်းသာ)ဆရာတော်ကြီးမှ သြဝါဒမိန့်ကြားကာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဣန္ဒဗလက သြဝါဒကထာ လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က သာသနာရေးဆိုင်ရာနှင့် ကျေးဇူးတင်စကားများ လျှောက်ထားသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက သာသနာပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ လျှောက်ထားပြီး ကြွရောက်တော်မူကြသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းရာ ဒုတိယကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနာဂဒီပ က အနုမောဒနာတရားချီးမြှင့်ကာ ရေစက်သွန်းချအမျှပေးဝေကြသည်။

ဒုတိယပိုင်းအဖြစ် ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်၊ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား တင်လှူပူဇော်ခြင်းအစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ခံပြီး စေတီတော်ကြီး၏ အထွတ်တော်သို့ တင်လှူပူဇော်ခြင်း အောင်မြင်စွာ ကျင်းပသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ)မိသားစုတို့က ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ နဝကမ္မအလှူတော်ငွေများနှင့် မိုက်ကရိုဖုန်းတစ်လုံးစီ လှူဒါန်းသည်။

ဆက်လက်၍ ပြည်မြို့ ခေတ္တရာမြို့သစ်ရပ်ကွက် (တောရကွင်း)၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂအသင်း(ဗဟို)ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ (ဇေကမ္ဘာ)မိသားစုမှ ပင်မဒါယကာပြု၍ ခုနစ်ရက်သားသမီးများ ကောင်းမှုဖြင့် အလျား ပေ ၁၂၀၊ အနံ ပေ ၆၀ ရှိ မဟာမဏိတဓမ္မသာသနာ့ဗိမာန်တော်ကြီး နှစ်ထပ် တည်ဆောက်မည့်နေရာတွင် ရတနာအုတ်မြစ်စီခြင်းနှင့် ပန္နက်တော်စိုက်ထူခြင်း မင်္ဂလာအခမ်းအနား ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်းတော်မြို့နယ် မံမော်ကြိုးဝိုင်းအတွင်း မြန်မာ့သစ်လုပ်ငန်းမှ ၂၀၁၇-၂၀၁၈ သစ်မာတန် ၃၅၀၀ ထုတ်လုပ်နေမှုစစ်ဆေး

**နေပြည်တော် မတ် ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မတ် ၂ ရက် မွန်းလွဲပိုင်းတွင် မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင် ၅၀ အနီး မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာန ပင်လယ်ကြီးစခန်းနှင့် မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင် ၇၀ အနီး သပိတ်ကျင်းမြို့နယ် သစ်တောဦးစီးဌာန ဆင်မွေးစခန်းများရှိ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်းအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ရန် လိုအပ်သောပျိုးပင်များ ပြုစုပျိုးထောင်နေသည့် ပျိုးဥယျာဉ်နှင့် ပညာပေးပြခန်းများအား စစ်ဆေးကြည့်ရှုသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် တကောင်းတောင် ကြိုးဝိုင်းအတွင်းရှိ အမှတ်-၁ သတ္တုတွင်းလုပ်ငန်းနှင့် Myanmar CNMC Nickel Company တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် တကောင်းနီကယ်စီမံကိန်း နီကယ်တူးဖော် ထုတ်လုပ်နေသည့် လုပ်ကွက်အား ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တကောင်းတောင်ကြိုးဝိုင်းအတွင်း ဒေသခံပြည်သူများမှ ရောင်စုံကျောက်များ တူးဖော်နေမှုများအား စစ်ဆေးကြည့်ရှုသည်။

ညနေပိုင်းတွင် ကသာခရိုင် ထီးချိုင့်မြို့နယ် ထီးချိုင့်-ကသာ ခရိုင်ချင်းဆက်ကားလမ်းဘေးရှိ ထီးချိုင့်ကြိုးပြင်ကာကွယ်တော၊ ၁/၂၀၀၉ စီးပွားရေးကျွန်းစိုက်ခင်း ၁၉၉ ဧက ပင်ကျနတ်ခြင်း လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကသာမြို့နယ် အောင်ပုံ-နတ်တံခါး ကြိုးပြင်ကာကွယ်တောအတွင်း စိုက်ပျိုး တည်ထောင်ထားသည့် ၁/၂၀၁၆ စီးပွားရေး ပျဉ်းကတိုးစိုက်ခင်း ဧက ၁၀၀ ရှင်သန်အောင်မြင်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကသာခရိုင် ကသာမြို့နယ်အတွင်းရှိ သစ်တောသုတေသနဌာန၏ စခန်းခွဲတစ်ခုဖြစ်သည့် ဖတ်ဆွတ်သုတေသနစခန်းသို့ ရောက်ရှိစစ်ဆေးခဲ့ရာ သုတေသနစခန်းဝင်းအတွင်းရှိ ပျဉ်းကတိုးစမ်းသပ်စိုက်ကွက်၊ ကျွန်းနှင့် ပိတောက်သစ်မျိုး ရောနှောစိုက်ပျိုးစမ်းသပ်ကွက်များ ကြည့်ရှုစစ်ဆေးခဲ့ပြီး စခန်းတာဝန်ခံအား စမ်းသပ်ကွက်များနှင့်စပ်လျဉ်း၍ မူလရည်ရွယ်ချက်များအတိုင်း သုတေသနပြု ဆန်းစစ်လေ့လာခြင်း၊ သုတေသန စာတမ်းပြုစုခြင်းများအတွက် မှာကြားသည်။

မတ် ၃ ရက် နံနက်ပိုင်းတွင် ကသာမြို့မှ ၁၂ မိုင်ခန့်အကွာ ကသာ-အင်းတော် ကားလမ်းဘေး မြန်မာ့သစ်လုပ်ငန်း ကသာ(အနောက်) သစ်ထုတ်ရေးဒေသ နတ်ပေါက်ဆင်စခန်းသို့ရောက်ရှိ စစ်ဆေးခဲ့ရာ ဆင်စခန်းတာဝန်ရှိသူများက ဧည့်သည်များ လာရောက်လည်ပတ်လေ့လာမှု၊ ဆင်များပြုစု ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ဆင်စခန်းအတွင်း လှည့်လည်စစ်ဆေးကြည့်ရှုခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင် သဘာဝထိန်းသိမ်းရေးနယ်မြေအား စစ်ဆေးကြည့်ရှုခဲ့ရာ ဇလုံတောင်ဘုရားသို့ အများပြည်သူများ လာရောက်လည်ပတ်အပန်းဖြေရာတွင် ဘုရားရင်ပြင်အနီး ပတ်ဝန်းကျင်တွင် ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုများ မဖြစ်စေရန်၊ အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ထားရန်၊ တောင်တက်ကားလမ်းတစ်လျှောက် မြေပြိုတိုက်စားမှု မဖြစ်စေရန် လိုအပ်သည်များအား ဆွေးနွေးမှာကြားသည်။ ထို့နောက် အင်းတော်မြို့နယ် ဆောက်လုပ်ရေးဝန်ကြီးဌာန ရိပ်သာတွင် တာဝန်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ အင်းတော်မြို့နယ် မံမော်ကြိုးဝိုင်း၊ အကွက်အမှတ်-၃၂ အတွင်း မြန်မာ့သစ်လုပ်ငန်းမှ ၂၀၁၇-၂၀၁၈ သစ်မာတန် ၃၅၀၀ ထုတ်လုပ်နေမှုအား စစ်ဆေးကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အတူ ကန့်ဘလူမြို့နယ် ဂုံဂါးကြိုးဝိုင်း၊ ဇင်းကြိုးဝိုင်း၊ ဘောကြိုးဝိုင်းအတွင်းရှိ လင်းနို့ဂူ သဘာဝထိန်းသိမ်းရေးနယ်မြေ၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပညာပေးစခန်း ဆောက်လုပ်မည့်နေရာအား စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အိန္ဒိယရိုးရာ နှစ်သစ်ကူးသင်္ကြန်ပွဲတော် မန္တလေး၌ ကျင်းပ

**မန္တလေး မတ် ၄**

မန္တလေး အောင်မြေသာစံမြို့နယ် ၈၂ လမ်းနှင့် ၈၃ လမ်းကြား ၂၂ လမ်းရှိ ရှရီဒူရ်ဂါ Am Bikar Vijay ဘုရားကျောင်းတော်ကြီး၌ မတ် ၂ ရက်မှ ၄ ရက်အထိ အိန္ဒိယရိုးရာသင်္ကြန်ပွဲတော်ကြီးကို မန္တလေးမြို့ရှိ အိန္ဒိယနွယ်ဖွား ဟိန္ဒူမောင်မယ်များ၊ ကျောင်းသား ကျောင်းသူများ၊ မိသားစုဝင်များ၊ အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ ဘုရားကျောင်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယရိုးရာ ရောင်စုံသင်္ကြန်ရေ၊ ရောင်စုံသင်္ကြန်ဆေးမှုန့်များ ပက်ဖျန်းကာ ရေကစားကြပြီး ဓမ္မတေးသီချင်းများသီဆို၍ အဆိုအကတို့ဖြင့် မိသားစုလိုက် အိန္ဒိယသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်စွာဆင်နွှဲကြကြောင်း သိရသည်။

အလားတူ အောင်မြေသာစံမြို့နယ်အတွင်းရှိ အိန္ဒိယနွယ်ဖွား ဟိန္ဒူမောင်မယ်တို့ကလည်း စုပေါင်း၍ ပြည်လုံးချမ်းသာရပ်ကွက်အတွင်း တစ်အိမ်တက် တစ်အိမ်ဆင်း သွားရောက်ကာ သက်ကြီးသူများအား ကန်တော့ကြပြီး သင်္ကြန်ရေရောင်စုံ ပက်ဖျန်းကစားကြရာ နေအိမ်များမှလည်း သင်္ကြန်ပွဲတော် ဆင်နွှဲကြသူများကို အအေး၊ ရိုးရာမုန့်များဖြင့် ကျွေးမွေးကြပြီး အထူးစည်ကားခဲ့ကြောင်းနှင့် ပြင်ဦးလွင် မြို့နယ်တွင်လည်း အိန္ဒိယရိုးရာနှစ်သစ်ကူး သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ဒေသခံဟိန္ဒူဘာသာဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ ချစ်ခင်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**အောင်စံမောင်**



# ၁၉၈၀ သဘောတူညီချက်နှင့် မြန်မာ့အနောက်တံခါးမှ နယ်နိမိတ်မျဉ်း

ဆောင်းပါးရှင် - ရှင်မင်း

မြန်မာနိုင်ငံ၏ အနောက်တံခါးဟု ခေါ်ဆိုကြသည့် ရခိုင်ပြည်နယ် အရေးကိစ္စများသည် တစ်နေ့တစ်မျိုး မရိုးဟုပင် ဆိုနိုင်ပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်များ တည်ငြိမ်မှုရရှိအောင် ကြိုးပမ်းပြီး ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ အားလုံး စီစဉ်ပြီးချိန်၊ ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ပို့ဆောင်ရေးအတွက် စီစဉ်ဆောင်ရွက်နေချိန် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီး မြန်မာပိုင်နယ်မြေတွင် လူခြောက်ထောင်ကျော် ဝင်ရောက်နေထိုင်မှု အရေးကိစ္စ ဖြေရှင်းဆောင်ရွက်ရန် ပေါ်ပေါက်လာပြန်သည်။

**နှစ်နိုင်ငံ နယ်နိမိတ်မျဉ်း**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းမှ မြန်မာနိုင်ငံဘက်ခြမ်း နယ်စပ်ခြံစည်းရိုးအကြား၊ နယ်နိမိတ်ကျောက်တိုင် ၃၄ နှင့် ၃၅ အကြားတွင် လူနည်းစုမှသည် တစ်စတစ်စ များပြားလာကာ ခြောက်ထောင်ကျော်အထိ နေထိုင်လာခြင်းသည် စိုးရိမ်ဖွယ်အခြေအနေကို ဖိတ်ခေါ်ဖန်တီးနေသကဲ့သို့ပင်။ သို့အတွက် နှစ်နိုင်ငံ တွေ့ဆုံညှိနှိုင်းခဲ့ရသည်။ ထိုသို့ ညှိနှိုင်းခဲ့မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ကူတူပါလောင်ကျေးရွာနှင့် ဘာလူခါလီကျေးရွာများမှ ဒုက္ခသည်စခန်းများသို့ ပြောင်းရွှေ့သွားခဲ့သည့်အတွက် လက်ရှိတွင် တစ်ထောင်ကျော်သာ ကျန်ရှိတော့ကြောင်း သိရှိရပါသည်။

အဆိုပါအရေးကိစ္စနှင့်အတူ အခေါ်အဝေါ် အသုံးအနှုန်းနှင့် ပတ်သက်၍ ပြောဆိုစရာ ကိစ္စတစ်ရပ် ပေါ်ပေါက်လာပြန်သည်။ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအတွင်း နေထိုင်သူများကို ညွှန်းဆိုကြရာတွင် မည်သူမျှမနေရ (No Man's Land) ဟူသည့် အသုံးအနှုန်းကို လည်းကောင်း၊ Zero Line ဟူသည့် အသုံးအနှုန်းကိုလည်းကောင်း သုံးစွဲလာကြခြင်းဖြစ်သည်။

**အချုပ်အခြာအာဏာပိုင်နိုင်ငံ**

အသုံးအနှုန်း အရေးကြီးသလားဟုဆိုရလျှင် လွန်စွာအရေးကြီးပါသည်။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သည်။ အချုပ်အခြာအာဏာပိုင်နိုင်ငံတွင် နိုင်ငံ နယ်နိမိတ်၊ အဆိုပါနယ်နိမိတ်အတွင်း နေထိုင်သည့် ပြည်သူနှင့် အုပ်ချုပ်သော အစိုးရဟူသည့် ဝိသေသလက္ခဏာများ ရှိပြီးဖြစ်သည်။ နိုင်ငံ၏ အချုပ်အခြာ ပိုင်ဆိုင်မှုအတွက် နယ်နိမိတ်မျဉ်းသည် အဓိကကျသည့် သတ်မှတ်ချက်ဖြစ်သည်။ ထို့ကြောင့် တိကျစွာ သုံးနှုန်းရန် လိုအပ်ပါသည်။ နိုင်ငံတကာရေးရာကိစ္စများအတွက် သံတမန်နည်းအားဖြင့် ဆက်သွယ်ရာတွင် အထူးသဖြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဆက်သွယ်ညှိနှိုင်းနေရသည့် ယခုအချိန်အခါမျိုးတွင် ပို၍ သတိထားဖွယ်ဖြစ်သောကြောင့် ဖြစ်ပါသည်။ လွယ်လွယ်ကူကူ မသုံးသင့်ပါ။

စင်စစ်အားဖြင့် No Man's Land ဟူသော စကားရပ်သည် နှစ်နိုင်ငံ နယ်နိမိတ် အငြင်းပွားမှုများကြောင့် ညှိနှိုင်းအဖြေရှာမရ၍ မည်သည့်နိုင်ငံကမှ ဝင်ရောက်ခြင်းမပြုရန် နှစ်ဖက်သဘောတူထားရှိသည့် နေရာမျိုးကို ဆိုလိုခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်း၏ ဟိုဘက်ဒီဘက် သဘောတူသတ်မှတ်ထားသည့် အကွာအဝေးအတွင်း လူပုဂ္ဂိုလ်များ ဝင်ရောက်နေထိုင်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းများ မပြုလုပ်ရန် တားမြစ်ထားသည့် သဘောတူညီချက်များရှိသည်။ ထိုသို့ အဆောက်အအုံမဆောက်လုပ်ရ ဇုန် (Non-Construction Zone) သဘောတူ သတ်မှတ်ချက်သည် နယ်နိမိတ်မျဉ်းကြောင်း သွယ်တန်းမှုအပေါ် ထိခိုက်မှုများ မဖြစ်ပေါ်စေရန်နှင့် နှစ်နိုင်ငံအငြင်းပွားမှုများ ဖြစ်ပေါ်လာခဲ့ပါက နယ်နိမိတ်မျဉ်းကြောင်းကို လွယ်လင့်တကူ ပြန်လည်ရှာဖွေနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်မျဉ်း၏ ပေ ၁၅၀ အကွာအဝေးတွင် အဆောက်အအုံ မဆောက်လုပ်ရ သဘောတူညီချက်ကို ထားရှိပြီးဖြစ်သည်။ ထို့ကြောင့် နှစ်နိုင်ငံ သဘောတူညီချက်များအရ နယ်နိမိတ်မျဉ်းမှ ပေ ၁၅၀ အကွာ ဇုန်အတွင်း မည်သည့် အဆောက်အအုံမျှ ဆောက်လုပ်ခွင့်မရှိပါ။ ထိုအကြောင်းကို ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၉ ရက်တွင် မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အစိုးရချုပ်ဆိုသည့် နယ်ခြား၊ အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားပြီးဖြစ်သည်။

**ညှိနှိုင်းအဖြေရှာ**

ယခု မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းမှ မြန်မာနိုင်ငံဘက်ခြမ်း နယ်စပ် ခြံစည်းရိုးအကြား၊ နယ်နိမိတ်ကျောက်တိုင် ၃၄ နှင့် ၃၅ အကြား နေထိုင်သူများရှိရာနေရာသည် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့်နေရာဖြစ်ပါသည်။ No Man's Land ဟူသည့် ညှိနှိုင်းအဖြေရှာမရ၍ ဝင်ရောက်ခြင်းမပြုရန် နှစ်ဖက်သဘောတူထားရှိသည့် နေရာမျိုး မဟုတ်ပါ။ ထို့ကြောင့် နှစ်နိုင်ငံ နယ်နိမိတ်တစ်လျှောက် "အဆောက်အအုံ မဆောက်လုပ်ရဇုန် (Non-Construction Zone)" အား " No Man's Land" အဖြစ် မသုံးစွဲစေလိုပါ။

**◆ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ စာချုပ်စာတမ်း အပါအဝင် သဘောတူညီချက်ပါအတိုင်း တူညီမှုရှိစေရန် နယ်နိမိတ်မျဉ်းကို Boundary Line ဟုသာ ထည့်သွင်းရန် သတိချပ်သင့်**

**◆ မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အစိုးရချင်း အမြဲပူးပေါင်းဖြေရှင်းမှသာ ကောင်းမွန်သည့် အကျိုးရလဒ်များ ထွက်ပေါ်လာနိုင်**

ဝိဝါဒကွဲပြားမှု မဖြစ်ပေါ်စေရန် အဆောက်အအုံ မဆောက်လုပ်ရဇုန်၊ နယ်နိမိတ်မျဉ်း အစရှိသဖြင့် သုံးစွဲစေလိုပါသည်။

ဤနေရာတွင် နယ်နိမိတ်မျဉ်းကို အင်္ဂလိပ်ဘာသာအားဖြင့် Boundary Line ဟု သဘောတူစာချုပ်၌ သုံးနှုန်းထားပါသည်။ နိုင်ငံတကာတွင် Zero Line ဟုလည်း သုံးကြသည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ စာချုပ်စာတမ်း အပါအဝင် သဘောတူညီချက်ပါအတိုင်း တူညီမှုရှိစေရန် နယ်နိမိတ်မျဉ်းကို Boundary Line ဟုသာ ထည့်သွင်းရန် သတိချပ်သင့်သည်။

နှစ်နိုင်ငံအကြား တွေ့တွေ့ဆိုင်ဆိုင် ပြောဆိုဖြေရှင်းရမည့် အခြေအနေဖြစ်ပေါ်လာလျှင် ကိုယ့်နိုင်ငံဘက်မှ ပြီးပြည့်စုံသည့် အခြေအနေ ဖြစ်နေစေလိုသည်မှာ နိုင်ငံသားတိုင်း၏ ဆန္ဒပင်ဖြစ်သည်။ ဤနေရာတွင် နှစ်နိုင်ငံအရေးကိစ္စကို နှစ်နိုင်ငံချင်း ဆက်သွယ်ညှိနှိုင်းနေသော်လည်း နိုင်ငံတကာကပါ သေချာလေ့လာ စောင့်ကြည့်နေသည့်အတွက် မြန်မာနိုင်ငံအတွက် ပြည်သူနှင့် အစိုးရသည် တစ်သားတည်းကျနေရမည်ဖြစ်သည်ကို အလေးထားစေလိုပါသည်။

**သတိထားရမည်**

ယခု နယ်နိမိတ်မျဉ်းတွင် ကပ်လျက် ဝင်ရောက်နေထိုင်သူများအကြား အကြမ်းဖက်သမားများ ပါဝင်နေနိုင်ကြောင်းနှင့် မြန်မာနိုင်ငံဘက်မှ ဖယ်ရှားရှင်းလင်းမှုများ ဆောင်ရွက်လာလျှင် နေရာက မစွန့်ခွာဘဲ ဆက်လက်နေထိုင်ရန် အကြမ်းဖက်အဖွဲ့အစည်းဝင်များက ညွှန်ကြားနေကြောင်း သတင်းစကားများက ပို၍သတိထားရှိရမည့် အခြေအနေပင်ဖြစ်သည်။

ထို့အတူ နိုင်ငံရေး အမြတ်ထုတ်နိုင်ရန် သတင်းမှား၊ သတင်းတုများကို ဖြန့်ဝေနေသည်မှာ လန့်စရာဟုပင် ဆိုရမလိုပင်။ မြန်မာနိုင်ငံဘက်တွင် အသက်အန္တရာယ် စိုးရိမ်ဖွယ်အခြေအနေ ရှိသယောင်၊ စားသောက်ရန် ပြတ်လပ်ခက်ခဲနေသယောင် စသည်ဖြင့် အမှန် မဟုတ် ဖန်တီးထားသည့် အခြေအနေကို နိုင်ငံတကာက ပုံမှားမြင်လာအောင်၊ လူ့အခွင့်အရေးသမားများ လှုပ်ရှားပါဝင်လာအောင် ချပြဆောင်ရွက်နေသည်ကို သတိပြုရမည်။

**ကောင်းမွန်သည့် အကျိုးရလဒ်**

သို့အတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အစိုးရချင်း အမြဲပူးပေါင်းဖြေရှင်းမှသာ ကောင်းမွန်သည့် အကျိုးရလဒ်များ ထွက်ပေါ်လာနိုင်မည်ဖြစ်သည်။ ထို့ကြောင့်လည်း နှစ်နိုင်ငံ အစိုးရချင်း ညှိနှိုင်းဆောင်ရွက်နေခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ရခိုင်ပြည်နယ်မှ ထွက်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၅ ရက်နေ့တွင် စတင်ကျင်းပပြီး ဇန်နဝါရီလ ၁၆ ရက်တွင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက် ဝန်ကြီးများအဆင့် လက်မှတ်ရေးထိုးခဲ့သည့် Arrangementနှင့်အညီ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက် နှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ခွာသွားသူများအား ပြန်လည်လက်ခံနိုင်ရန် ပုံစံများကို ဖြည့်စွက်ပေးပို့သွားမည်ဖြစ်ကြောင်း၊ ကနဦး စတင်ဆောင်ရွက်သွားနိုင်ရန် ဟိန္ဒူဘာသာဝင် ၅၀၈ ဦးနှင့် စိစစ်ပြီး မူဆလင် ၇၅၀ တို့၏ အချက်အလက် အပြည့်အစုံကိုလည်း မြန်မာနိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးအတွင်းဝန်သို့ ပေးအပ်ခဲ့ကြောင်း နှစ်နိုင်ငံ အစည်းအဝေးအပြီး ထုတ်ပြန်သော သတင်းများအရ သိရသည်။

ထို့ပြင် မြန်မာနိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ARSA အကြမ်းဖက်သမား ၁၀၀၀ ကျော် စာရင်းကို ပေးအပ်ခဲ့ကြောင်းလည်း သိရပါသည်။

**ပြန်လည်ပြင်ဆင်နေရ**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဦးစီးသည့် ကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်စဉ် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် ပထမအသုတ်အဖြစ် လူဦးရေ ၈၀၀၀ ကျော် လွှဲပြောင်းပေးမည့်စာရင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပေးအပ်ခဲ့ကြောင်း၊ ပုံစံစာရင်းကို မြန်မာနိုင်ငံဘက်မှ ပေးပို့ထားသည့် ပုံစံအတိုင်း ဖြည့်စွက်ထားခြင်းမရှိသည့်အတွက် ပုံစံအတိုင်းဝင်အောင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက ပြန်လည်ပြင်ဆင်နေရကြောင်း သိရပါသည်။

မတ်လ ၂ ရက်ကလည်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ တပ်ရင်းမှူးအဆင့် တွေ့ဆုံ ဆွေးနွေးမှု ပြုလုပ်ခဲ့ပြီး နှစ်နိုင်ငံ ညှိနှိုင်းကာ လုပ်ကိုင်ဆောင်ရွက်မည့် အစီအမံများနှင့် သတင်းအချက်အလက်ဖလှယ်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံဘက်၌ ဇန်နဝါရီလ ၂၃ ရက်က စတင်သည့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လုပ်ငန်းစဉ် စတင်သည့် နေ့မှာပင် သက်ဆိုင်ရာ တာဝန်ရှိသူများက မီဒီယာများသို့ ရှင်းလင်းပြောကြားပြီး ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံဘက်က နှစ်နိုင်ငံ ညှိနှိုင်းထားသည့်အတိုင်း ဆောင်ရွက်ထားပြီးဖြစ်ကြောင်း အသိပေးခဲ့ခြင်း ဖြစ်ပါသည်။

ဤနေရာတွင် အလျဉ်းသင့်၍ ရခိုင်ပြည်နယ်အတွင်း ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်း ဆက်စပ်တင်ပြလိုပါသည်။ ရခိုင်ပြည်နယ်အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီကို လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ကော်မတီကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် နိုင်ငံ့ခေါင်းဆောင်များသည် နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံရာတွင် ရခိုင်အရေးကိစ္စ အခြေအနေမှန်များကို အသိပေးဆွေးနွေးပြောကြားခဲ့ကြသည့်အပြင် နိုင်ငံတကာမှ အမှန်အတိုင်း သိရှိနားလည်စေရန် သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများကို ပြန်လည်လက်ခံရေးစခန်းနှစ်ခု နှင့် ကြားစခန်းတို့သို့ သွားရောက်လေ့လာစေခဲ့ပြီးလည်း ဖြစ်ပါသည်။

ပြည်တွင်း ပြည်ပသတင်းမီဒီယာများအား ရခိုင်ပြည်နယ်အတွင်း မောင်တောဒေသနှင့် IDP စခန်းများသို့ သွားရောက်သတင်းရယူနိုင်ရန် ၂၀၁၆ ခုနှစ် အောက်တိုဘာလဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်းမှ ယနေ့အထိ ရှစ်ကြိမ် စီစဉ်ပေးခဲ့ပြီးဖြစ်ကြောင်းလည်း သိရပါသည်။

မောင်တောခရိုင်အတွင်း အလွယ်တကူဖမ်းယူနားဆင်နိုင်သည့် ဗမာ၊ ရခိုင်၊ ဘင်္ဂါလီဘာသာစကားတို့ဖြင့် ထုတ်လွှင့်သည့် မေယု FM အစီအစဉ်ကိုလည်း တစ်နေ့ ခြောက်ကြိမ် ထုတ်လွှင့်ပေးလျက်ရှိပါသည်။

**သတိကြီးကြီးဖြင့် ဖြေရှင်းဆောင်ရွက်နေ**

အချုပ်အားဖြင့်ဆိုရသော် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း တစ်ဖက်က ဆောင်ရွက်နေပြီး တစ်ဖက်ကလည်း တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို သတိကြီးကြီးဖြင့် ဖြေရှင်းဆောင်ရွက်နေရသည့် အခြေအနေကို နားလည်ပေါ်လွင်စေလိုရင်း ဖြစ်ပါသည်။

ထိုသို့ ဖြေရှင်းဆောင်ရွက်ရာတွင်လည်း ပြောစကားများမှအစ ဝေါဟာရ အသုံးအနှုန်းများအထိ မမှားစေရန် ရွေးချယ်သုံးနှုန်းနေရပါသည်။ ထို့ကြောင့် သတိကြီးစွာဖြင့် ဆောင်ရွက်နေရသည့် ရခိုင်အရေးတွင် မိမိနိုင်ငံဘက်မှ ခြွင်းချက်မရှိ ပြီးပြည့်စုံကာ နိုင်ငံ၏ အနောက်တံခါး လုံခြုံစေရေးအတွက် ဖတ်ရှုမှတ်သားလေ့လာထားသမျှကို ရေးသားတင်ပြလိုက်ရပါသည်။ ။

# နေပြည်တော်ရှိ အထင်ကရ ဘုရားများ၊ အပန်းဖြေစရာနေရာများနှင့် လေ့လာစရာနေရာများသို့ လာရောက်လေ့လာ


မြင့်မြင့်သန်း


ဦးဇော်မျိုးမြတ်


မစိုးသန္တာနွယ်


ဦးခိုင်ဇာထွန်း


စောဖော့အဲချန်

**မတ်လ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ ရုံးပိတ်ရက်အတွင်း နေပြည်တော်ရှိ အထင်ကရ ဘုရားများ၊ အပန်းဖြေစရာနေရာများနှင့် လေ့လာစရာနေရာများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာကြသူများ၏ စကားသံများကို ပြန်လည်မျှဝေလိုက်ပါသည်။**

**မြင့်မြင့်သန်း**
**ရခိုင်ပြည်နယ် မာန်အောင်မြို့**

နေပြည်တော်ကို တစ်ခါမှ မရောက်ဖူးလို့ လာလည်တာပါ။ အစ်ကိုက နေပြည်တော်မှာ တာဝန်ကျနေပါတယ်၊ ရုံးက လေးရက်ပိတ်ထားတော့ အစ်ကိုက လိုက်ပို့ပေးပါတယ်၊ အခု နေပြည်တော် ဗုဒ္ဓဂယာကို အရင်လာဖူးတာပါ၊ ဒါပြီးရင် ဆာဖာရီဉယျာဉ်နဲ့ အမျိုးသားအထိမ်းအမှတ်ဉယျာဉ်ကို သွားလေ့လာမှာပါ၊ နေပြည်တော်ကိုရောက်တော့ ဒီမှာ တိုးတက်နေတာတွေ မြင်တွေ့ရပါတယ်၊ လမ်းတွေတော်တော်ကောင်းပါတယ်၊ ကျွန်မတို့ ဒေသကိုလည်း ဒီလို ဖွံ့ဖြိုး တိုးတက်စေချင်ပါတယ်၊ တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်တာကို မြင်ချင်ပါတယ်။

**ဦးဇော်မျိုးမြတ်**
**တောင်သူ၊ ရှမ်းပြည်နယ် ဟဲဟိုးမြို့**

ကျွန်တော်တို့ မိသားစုလိုက် နေပြည်တော်ကို လာလည်ကြတာပါ၊ အခုပဲ နေပြည်တော်က ဗုဒ္ဓဂယာကို ရောက်တာပါ၊ ကျန်တဲ့ လေ့လာစရာနေရာတွေကို ဆက်သွားဖို့ရှိပါတယ်၊ မြို့ကြီးတွေအတိုင်း ကျွန်တော်တို့ဒေသတွေလည်း တိုးတက်ချင်ပါတယ်၊ ဒေသလိုအပ်ချက်တွေကို လုပ်ပေးနေတာတွေတော့ တွေ့နေရပါပြီ၊ ကျွန်တော်က တောင်သူလုပ်ငန်း လုပ်ပါတယ်၊ အာလူး၊ မုန်လာ၊ ကြက်သွန် စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်၊ ဈေးကွက် အတည်တကျမရှိတော့ ရှုံးလိုက်၊ မြတ်လိုက်ပါပဲ၊ တောင်သူတွေအနေနဲ့ လိုအပ်ချက်ကတော့ ခိုင်မာတဲ့ ဈေးကွက်ရှိဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေ ရရှိဖို့ပါပဲ။

**စောဖော့အဲချန်**
**ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်**

ကျွန်တော်တို့ မုဒုံကနေတစ်ဆင့် နေပြည်တော်ကို လာလည်ကြတာပါ၊ လူ ၅၀ လောက်ပါ ပါတယ်၊ အခုလို ရုံးပိတ်ရက် လေးရက်မှာ ဘုရားဖူးခရီးစဉ်တွေရှိလို့ လိုက်လာတာပါ၊ ရေပန်းဉယျာဉ်နဲ့ အမျိုးသားအထိမ်းအမှတ်ဉယျာဉ်ကို ဝင်ရောက်လေ့လာပြီးပါပြီ၊ ဒီကနေ ပြင်ဦးလွင်ကို ဆက်သွားမှာပါ၊ အခုလို ဘုရားဖူးရင်း ဒေသတစ်ခုနဲ့တစ်ခု မတူညီတဲ့ အခြေအနေတွေ၊ ဖွံ့ဖြိုးမှုတွေကို လေ့လာရလို့ ဒေသန္တရဗဟုသုတတွေ ရပါတယ်၊ အခု ကျွန်တော်တို့ဒေသမှာ ငြိမ်းချမ်းလို့ ပျော်နေရပါပြီ၊ ငြိမ်းချမ်းတဲ့ဒေသတွေမှာ ဖွံ့ဖြိုးတိုးတက်နေတာတွေလည်း တွေ့ရပါတယ်၊ ကျွန်တော်တို့လည်း ဖွံ့ဖြိုးတိုးတက်ချင်နေပါပြီ။

**ကိုသီဟ (နိုင်ငံ့ဝန်ထမ်း၊ နေပြည်တော်)**

ဒီတစ်ပတ်မှာ ရုံးက လေးရက်ပိတ်လို့ သူငယ်ချင်းတွေစုပေါင်းပြီး ဗုဗ္ဗသီရိမြို့နယ်က သီလရှင်ကျောင်းမှာ အလှူလုပ်ခဲ့ပါတယ်၊ အဲဒီကနေ ကားနှစ်စီးနဲ့ နေပြည်တော် ဗုဒ္ဓဂယာကို ဘုရားဖူး လိုက်ပို့ပေးတာပါ၊ အလုပ်တွေနဲ့ဆိုတော့ တစ်ခါတလေ စိတ်ဖိစီးမှုလေးတွေရှိတယ်၊ ဒါလေးတွေကို ဒီလိုရုံးပိတ်ရက်တွေမှာ စိတ်အပန်းဖြေတယ်၊ မိသားစုကိုလည်း အချိန်ပေးတယ်၊ ဒီပိတ်ရက်လေးမှာ ကိုယ်လုပ်ချင်တဲ့ အလှူပါလုပ်ဖြစ်တဲ့အတွက် ကုသိုလ်လည်း ရခဲ့ပါတယ်။

**မစိုးသန္တာနွယ် (ရန်ကုန်မြို့)**

အခုလို အားလပ်ရပ်မှာ မိသားစုတွေနဲ့အတူ နေပြည်တော်က ဘုရားတွေဖူးချင်လို့ လာခဲ့တာပါ၊ နေပြည်တော် ဗုဒ္ဓဂယာကနေ ကျန်တဲ့ လေ့လာစရာနေရာတွေကို ဆက်သွားမယ်၊ နေပြည်တော်ပတ်ဝန်းကျင်က ရှုခင်းတွေကို မြင်တွေ့ခဲ့ရပါတယ်၊ ဒီမှာ ကျယ်ကျယ်ဝန်းဝန်းနဲ့ မမွန်းကျပ်ပါဘူး၊ လေကောင်းလေသန့်တွေလည်း ရှူရလို့ သဘောကျပါတယ်။

**ကိုမောင်သူ**
**ရော်ဘာစိုက်ခင်း အလုပ်သမား၊ မွန်ပြည်နယ်**

အလုပ်အားရက်မှာ အလုပ်ရှင်က နေပြည်တော်ကို လိုက်ပို့လို့ လိုက်လာတာပါ၊ နေပြည်တော်ကို ပထမဆုံးအကြိမ် ရောက်ဖူးတာပါ၊ အလုပ်က ရော်ဘာခြစ်တဲ့အလုပ် လုပ်ပါတယ်၊ မိသားစုနဲ့အတူ အပန်းဖြေခရီးတွေလာရတဲ့အတွက် စိတ်အပန်းပြေပါတယ်၊ ပျော်ရတယ်၊ ဒီလို အလုပ်နားရက်လေးတွေက ကျွန်တော်တို့အတွက်တော့ တန်ဖိုးရှိတယ်၊ မိသားစုကို နွေးနွေးထွေးထွေးနဲ့ အချိန်ပေးနိုင်တယ်၊ အချိန်ပေးလုပ်ရမယ့် မိသားစုကိစ္စလေးတွေကို ဒီရက်တွေမှာ လုပ်နိုင်တယ်၊ ကျန်တဲ့အချိန်တွေမှာ စားဝတ်နေရေးအတွက် အလုပ်ကိုပဲ လုပ်နေရတော့ မိသားစုကို အချိန်မပေးနိုင်ဘူး။

**ကိုသက်မင်းဦး**
**ရော်ဘာခြံလုပ်ငန်း၊ ကျိုက်ထိုမြို့**

အားလပ်ရက်မှာ မိသားစုနဲ့ အလုပ်သမားတွေကို နေပြည်တော်ကို လေ့လာရအောင် လိုက်ပို့ပေးတာပါ၊ သူတို့လည်း စိတ်အပန်းပြေအောင်၊ နေပြည်တော်က အခြေအနေတွေ၊ ဖွံ့ဖြိုးတာတွေကိုလည်း မြင်စေချင်လို့ပါ၊ အလုပ်ကတော့ ဒီအချိန်က နှစ်ရက်လုပ် တစ်ရက်နားနေရပါတယ်၊ ကျွန်တော်တို့ ရော်ဘာလုပ်ငန်းတွေ အဆင်ပြေဖို့ နည်းပညာပိုင်း လိုအပ်ပါတယ်၊ ကုန်ချောပြန်လုပ်ဖို့ စက်ကြီးတွေ လိုအပ်ပါတယ်။

**ဒေါ်ကျော့၊ ဈေးရောင်း**

အခုရုံးပိတ်ရက် လေးရက်အတွင်း အမျိုးသားအထိမ်းအမှတ်ဉယျာဉ်ကို လာရောက်ကြတဲ့သူတွေများပါတယ်၊ ဒီ လေးရက်မှာ ပုံမှန်ထက် ငွေကျပ်တစ်သောင်းကျော်၊ နှစ်သောင်း ပိုရောင်းရပါတယ်၊ ပုံမှန်နေ့တွေမှာဆို တစ်သောင်း၊ တစ်သောင်းခွဲကျပ်လောက်ပဲ ရောင်းရပါတယ်၊ မိသားစု လေးယောက်ရှိပါတယ်၊ ကလေးနှစ်ယောက်က ကျောင်းသားပါ၊ အဆင်မပြေပါဘူး၊ အိမ်သားက ကုမ္ပဏီဝန်ထမ်းဆိုတော့ ကျွန်မတို့နှစ်ယောက် ရှန်းကန်ရှာဖွေလို့ရတာနဲ့ စားသောက်နေရပါတယ်။

**ဦးခိုင်ဇာထွန်း၊ ကျောင်းဆရာ**
**မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်**

၈ တန်း၊ ၉ တန်း စာမေးပွဲက ပြီးတာနဲ့ ကျောင်းသားတွေကို အားလပ်ရက်မှာ လေ့လာရေးလိုက်ပို့ပေးတာပါ၊ ကျွန်တော်တို့ နေပြည်တော် ဗုဒ္ဓဂယာ ရောက်ပြီးပါပြီ၊ အဲ့ဒီကနေ အခု အမျိုးသား အထိမ်းအမှတ်ဉယျာဉ်ကို ရောက်တာပါ၊ ဒီကို ပထမဆုံးအကြိမ် လာရောက်လေ့လာဖြစ်တာပါ၊ ဒီကလမ်းတွေ တော်တော်ကောင်းပါတယ်၊ သာယာပါတယ်၊ ဒီနေ့က နွေရာသီကျောင်းပိတ်ရက်လည်းဖြစ်၊ ရုံးပိတ်ရက်လည်းဖြစ်ပါတယ်၊ ဒီလို အားလပ်ရက်မှာ ကျောင်းသားလေးတွေ အကျိုးရှိအောင် မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ လူနေမှုပုံစံ၊ ဓလေ့တွေကို လာရောက် လေ့လာခိုင်းတာပါ။

**ကျော်သူထက်၊ ကျော်ရဲဆွေ**

# ရုံးပိတ်ရက်ရှည်အတွင်း လွိုင်ကော်နှင့် အနီးဝန်းကျင်ရှိ အထင်ကရ နေရာဒေသများတွင် ခရီးသွားသူများဖြင့် စည်ကား

**လွိုင်ကော် မတ် ၄**

ကယားပြည်နယ် လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်ရှိ အထင်ကရနေရာ ဒေသများတွင် တပေါင်းပွဲတော် ၊ တောင်သူလယ်သမားနေ့၊ စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်ရှည်လေးရက်အတွင်း အနယ်နယ်အရပ်ရပ်မှ အပန်းဖြေခရီး လာရောက်သူ၊ ဒေသန္တရ ဗဟုသုတရှာမှီးရန် လာရောက်သူ ခရီးသွားများဖြင့် အထူးစည်ကားခဲ့သည်။

အဆိုပါရက်များအတွင်း လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်ရှိ အထင်ကရနေရာဒေသများမှ ရိုးရာအစားအသောက်ဆိုင်များ၊ ရိုးရာ အဝတ်အထည်နှင့် လက်မှုအနုပညာပစ္စည်းအရောင်းဆိုင်များတွင် ခရီးသွားများဖြင့် စည်ကားခဲ့၍ ရိုးရာအစားအစာ၊ အဝတ်အထည်နှင့် လက်မှုပစ္စည်းများ ရောင်းအားမြင့်တက်ခဲ့သည်။

“ ကျွန်မတို့က မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းတွေပါ၊ ဝန်ထမ်း ၁၅ ဦး ကားစင်းလုံးငှားပြီး လာခဲ့ကြတာပါ၊ အခု ရုံးပိတ်ရက်ရှည်လေးရက်အတွင်း ခရီးထွက်လာကြတာပါ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယဘက်ကနေတစ်ဆင့် ကယားပြည်နယ်ကို လာကြတာပါ၊ အိမ်ပြန်လက်ဆောင်အဖြစ် ပင်လောင်းလက်ဖက်ခြောက်၊ ကယားရိုးရာ အဝတ်အထည်နဲ့ လက်မှုပစ္စည်းလေးတွေ ဝယ်ပြန်ပါမယ် ” ဟု ဒေါ်ရီရီဝင်းက ပြောသည်။

“ ဦးလေးက ရန်ကုန်ကပါ၊ တောင်ကွဲစေတီကို ဖူးမြော်ချင်တာကြာပါပြီ၊ အခုမှ ပထမဦးဆုံးအကြိမ် ဖူးမြော်ရတာပါ၊ မရောက်ဖူးသေးတော့ ခရီးဝေးတယ်လို့ ထင်ခဲ့တာ၊ စိုးရိမ်စိတ်လည်း ရှိခဲ့တယ်၊ လမ်းတွေလည်း ကောင်းနေတော့ သက်သောင့်သက်သာနဲ့ ခရီးကလည်း မဝေးပါဘူး၊ ငြိမ်းငြိမ်းချမ်းချမ်းဆိုတော့ ဝမ်းလည်းသာတယ်” ဟု ရန်ကုန်မြို့နေ ဌာနဆိုင်ရာ ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးတင်အောင်က ပြောသည်။

“ နေပြည်တော်က ဝန်ထမ်းတွေပါ၊ အဖွဲ့လိုက်စုပြီး လာကြတာပါ၊ ပေါင်းလောင်း-ပင်လောင်းလမ်းအတိုင်း လာတာပါ၊ မရောက်ဖူးသေးတော့ ဝေးတယ်ထင်ခဲ့တာ၊ နီးနီးလေးပဲ” ဟု နေပြည်တော်မှ ဝန်ထမ်းတစ်ဦးက ပြောသည်။

ယခုကယားပြည်နယ်သို့ အပန်းဖြေခရီးနှင့် ဒေသန္တရဗဟုသုတ ရှာမှီးရန် လာရောက်ကြသူများသည် နယ်ပေါင်းစုံမှ ဖြစ်ကြပြီး လွိုင်ကော်မြို့ရှိ အထင်ကရ စေတီတော်များဖြစ်ကြသည့် တောင်ကွဲစေတီ၊ မြို့နာမ်စေတီ၊ နေစက်လစက် စေတီတော်တို့အား ဖူးမြော် ကြည်ညိုခြင်း၊ အနီးဝန်းကျင်ရှိ ငွေတောင်ဆည်၊ ကန်ခုနစ်ဆင့်၊


ထီးပွင့်ကန်၊ ထီးစဲခါး ရေတံခွန်များသို့ သွားရောက်အပန်းဖြေခြင်း၊ တိုင်းရင်းသားရိုးရာဓလေ့ထုံးစံများ လေ့လာခြင်း၊ ရိုးရာအစားအစာများ မြည်းစမ်းခြင်း၊ ရိုးရာအဝတ်အထည်နှင့် လက်မှုပစ္စည်းဝယ်ယူခြင်းတို့ကို ပြုလုပ်ကြပြီး စိတ်လက် ပေါ့ပါးရွှင်လန်းကြသည်ကို တွေ့မြင်ခဲ့ကြရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမယ့်သူတွေကို နိုင်ငံတော်က အာမခံပေးတယ်ဆိုရင် လာရောက်ရင်းနှီးမြှုပ်နှံမှာပါ

**Mr.Peter Bruder**

**တွေ့ဆုံမေးမြန်း-သီသီမင်း၊ မင်းသစ်(MNA)၊ ဓာတ်ပုံ-နေလင်း**



**တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိက မောင်းနှင်အားဖြစ်သည့် လျှပ်စစ်စွမ်းအင် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြင်သစ်နိုင်ငံမှ Total ရေနံကုမ္ပဏီနှင့် ဂျာမနီနိုင်ငံမှ လျှပ်စစ်ကုမ္ပဏီကြီးဖြစ်သည့် Siemens ကုမ္ပဏီတို့ ပူးပေါင်းကာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကံပေါက်တွင် သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ မြန်မာနိုင်ငံတွင် အကြီးဆုံး ၅၀၀ ကေဗွီ မဟာဓာတ်အားလိုင်း သွယ်တန်းတည်ဆောက်ခြင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းစီမံကိန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါ လျှပ်စစ်စီမံကိန်း ဆောင်ရွက်နေမှုအပြင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့် စပ်လျဉ်းပြီး Siemens ကုမ္ပဏီ ရန်ကုန်ရုံးမှ အထွေထွေမန်နေဂျာ Mr.Peter Bruder နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**မေး ။ ။SIEMENS အနေနဲ့ မြန်မာနိုင်ငံမှာ ဘယ်အချိန်လောက်ကတည်းက ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပြီး လုပ်ငန်းတွေဆောင်ရွက်နေသလဲဆိုတာ သိပါရစေ။**

ဖြေ။ ။SIEMENS က လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၇၀ လောက်ကတည်းက ဂျာမနီမှာ အခြေစိုက်ပြီး နိုင်ငံပေါင်း ၁၆၀ လောက်မှာ ရုံးတွေရှိပါတယ်။ ထိုင်းမှာရှိတဲ့ SIEMENS ရုံးရဲ့ ရုံးခွဲအနေနဲ့ ရန်ကုန်မှာ ရုံးဖွင့်ထားပါတယ်။ လွန်ခဲ့တဲ့ ၂၅ နှစ်ခန့်ကတည်းကပါ။ ဒီကြားထဲမှာတော့ နိမ့်လိုက်မြင့်လိုက်တော့ ရှိတာပေါ့။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ကနေစပြီးတော့ SIEMENS အနေနဲ့ မြန်မာနိုင်ငံမှာ လုပ်ငန်းတွေ တိုးချဲ့လာခဲ့တယ်။ မြန်မာပြည် ဖွံ့ဖြိုးတိုးတက်လာမှာကို ယုံကြည်တဲ့အတွက် လုပ်ငန်းတွေ တိုးချဲ့ဖို့၊ ဝန်ထမ်းတွေတိုးချဲ့ဖို့ လုပ်လာခဲ့တာပါ။ စွမ်းအင်နဲ့ ပတ်သက်တာ၊ အခြေခံအဆောက်အအုံဆိုင်ရာတွေ၊ စက်မှုလုပ်ငန်းတွေ ဒီလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ဖို့အတွက်ပါ။

**မေး ။ ။SIEMENS အနေနဲ့ မြန်မာနိုင်ငံမှာ စွမ်းအင်ကဏ္ဍနဲ့ ပတ်သက်ပြီး ဘယ်နေရာတွေမှာ လုပ်ငန်းတွေဆောင်ရွက်နေသလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။စွမ်းအင်ကဏ္ဍနဲ့ ပတ်သက်လို့ ပြောရမယ်ဆိုရင် စွမ်းအင်ကတော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အဓိက မောင်းနှင်အားပါ။ မြန်မာပြည်မှာ စွမ်းအင်က အဓိက လိုအပ်တယ်။ ဒါ့ကြောင့်မို့ စွမ်းအင်ကို အဓိက အလေးထားပြီး လုပ်ဖြစ်တာပါ။ ပြန်ကြည့်ကြရင် မြန်မာပြည်က ၂၀၁၄- ၂၀၁၅ လောက်ကတည်းက ကမ္ဘာကို ဖွင့်ပေးလိုက်တယ်။ အဲ့ဒီကတည်းကစပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာဖို့ မျှော်လင့်ကြတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လျှပ်စစ်စွမ်းအင်က အဓိကလိုအပ်တယ်။ လျှပ်စစ်စွမ်းအင်နဲ့ ပတ်သက်လို့ရှိရင် SIEMENS က နှစ်ပေါင်း ၁၇၀ ကတည်းက လျှပ်စစ်ကုမ္ပဏီအနေနဲ့ စပြီးလုပ်ခဲ့တာဆိုတော့ လျှပ်စစ်ထုတ်လုပ်ရေး၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေး၊ ဖြန့်ဖြူးရေး အကုန်လုံးလုပ်နိုင်တယ်။ ဒီနိုင်ငံအနေနဲ့ဆိုရင်တော့ ကျွန်တော်တို့က လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးမှာ သုံးစွဲတဲ့ ပစ္စည်းတွေကို Local မှာ ပြည်တွင်းကုမ္ပဏီတွေကနေ တစ်ဆင့် Supply လုပ်ပြီး ရောင်းချပေးတာ တောက်လျှောက် လုပ်လာတာကြာပါပြီ။ ဒီမှာအဆင်ပြေပါတယ်။

မြန်မာနိုင်ငံမှာ လျှပ်စစ် ဓာတ်အား လိုအပ်ချက်က အတော့်ကို ကြီးမားလာတဲ့အတွက် ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်ကစပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကိုပါ ကျွန်တော်တို့ အားစိုက်ပြီး လုပ်ဖို့လိုတယ်လို့ နားလည်လာတယ်။ ဒါ့ကြောင့်မို့လို့ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ရေးအတွက် ကျွန်တော်တို့ ထားဝယ်မှာရှိတဲ့ ကံပေါက်စီမံကိန်းကို လုပ်ခဲ့တယ်။ အဲ့ဒီစီမံကိန်းကို ကျွန်တော်တို့ Total ကုမ္ပဏီနဲ့ပေါင်းပြီး လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ရေးအတွက် စပြီး ဒီစီမံကိန်းကို develope ဖြစ်လာအောင် လုပ်ဖြစ်တာပါ။ ၂၀၁၅-၂၀၁၆ ကစပြီး လေ့လာဆန်းစစ်မှုတွေ ပြုလုပ်ပြီး တိုးတက်လာအောင် ဆောင်ရွက်ခဲ့တာပါ။

**မေး ။ ။တနင်္သာရီတိုင်းဒေသကြီး ထားဝယ် ကံပေါက်ဒေသမှာ လျှပ်စစ်ကဏ္ဍနဲ့ ပတ်သက်ပြီး Total ကုမ္ပဏီနဲ့ ပူးပေါင်းလုပ်ကိုင်ဖြစ်ခဲ့ပုံကို သိပါရစေ။**

ဖြေ ။ ။လျှပ်စစ်ဓာတ်အား လိုအပ်ချက်နဲ့ ပတ်သက်လို့ အားလုံးသိကြတဲ့အတိုင်း မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ရရှိမှုက ၃၅ ရာခိုင်နှုန်းလောက်ပဲရှိတယ်ဆိုတော့ လျှပ်စစ်လိုအပ်ချက်က အလွန်ကြီးမားတယ်။ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးလာရင်၊ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးလာရင် လျှပ်စစ်က ပိုလိုလာမယ်။ စီးပွားရေးဖွံ့ဖြိုးလာတာနဲ့အမျှ လျှပ်စစ်က ပိုပြီးလိုအပ်နေမှာပါ။ လျှပ်စစ်ထုတ်ဖို့ဆိုရင် လောင်စာလိုတယ်။ လျှပ်စစ်ထုတ်လို့ရတဲ့ လောင်စာမျိုးစုံရှိတဲ့အထဲမှာ ရေအားလျှပ်စစ်ကျတော့လည်း အချိန်အများကြီးကြာတယ်။ လျှပ်စစ်က ခုလိုနေပြီဆိုတော့လည်း ရေအားလျှပ်စစ် ပြီးအောင် မစောင့်နိုင်ဘူး။ သဘာဝဓာတ်ငွေ့စဉ်းစားပြန်တော့ သဘာဝဓာတ်ငွေ့က သိတဲ့အတိုင်း တရုတ်နဲ့ထိုင်းကိုပဲ ရောင်းထားတာ။ သဘာဝဓာတ်ငွေ့ကလည်း မရှိဘူး။ ဒီတော့ သဘာဝဓာတ်ငွေ့ထုတ်လုပ်ဖို့ဆိုရင် ကျောက်မီးသွေးကျတော့လည်း သဘာဝပတ်ဝန်းကျင်ညစ်ညမ်းတဲ့အတွက် ဘယ်သူမှ မလုပ်စေချင်ဘူး။ မကြိုက်ကြဘူးဆိုတဲ့အခါကျတော့ သဘာဝဓာတ်ငွေ့နဲ့ပဲ လုပ်ရတော့မယ်။ သဘာဝဓာတ်ငွေ့ကလည်း မရှိဘူးဆိုတော့ သဘာဝဓာတ်ငွေ့တင်သွင်းဖို့ဆိုရင် သဘာဝဓာတ်ငွေ့နဲ့ ပတ်သက်လို့ နားလည်တဲ့သူ ကြည့်လိုက်ရင် မြန်မာနိုင်ငံမှာTotalက လွန်ခဲ့တဲ့ ၂၅ နှစ်လောက်ကတည်းက မြန်မာနိုင်ငံမှာ ဝင်ရောက်ပြီး လုပ်နေတာဆိုတဲ့အတွက်ကြောင့် သဘာဝဓာတ်ငွေ့နဲ့ ပတ်သက်လို့ရှိရင် Total က တစ်ကမ္ဘာလုံးမှာ လုပ်ကိုင်နေတဲ့ ကုမ္ပဏီကြီးပါ။ အဲ့ဒီအတွက် ကျွန်တော်တို့က လျှပ်စစ်နဲ့ပတ်သက်ရင် အားလုံးသိတယ်။ Total က သဘာဝဓာတ်ငွေ့နဲ့ ပတ်သက်ရင် အားလုံးသိတယ်။ ဒီနှစ်ခုပေါင်းပြီး လုပ်တာဆိုရင် တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်ဖို့ပဲ ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ နှစ်ဖွဲ့ပေါင်းပြီး သဘာဝဓာတ်ငွေ့ကို တင်သွင်းမယ်။ သဘာဝဓာတ်ငွေ့ကို အလွယ်ကူဆုံးက အရည်အဖြစ်ပြောင်းပြီးတော့ LNG အနေနဲ့ တင်သွင်းပြီးတော့မှ ဓာတ်ငွေ့အဖြစ်ပြောင်းပြီးတော့မှ လျှပ်စစ်ဓာတ်အားထုတ်တာ အကောင်းဆုံးပဲဆိုပြီး ဒီလိုမျိုး ပူးပေါင်းဆောင်ရွက်တာပါ။

**မေး ။ ။ ထားဝယ်ကံပေါက်မှာ စမယ့် လျှပ်စစ်စီမံကိန်းရဲ့ လက်ရှိဆောင်ရွက်နေတဲ့ အခြေအနေကိုလည်း သိချင်ပါတယ်။**

ဖြေ ။ ။ ဒီပရောဂျက်နဲ့ ပတ်သက်ပြီးတော့ ပြောရရင် ပထမဦးဆုံးအနေနဲ့ ဒီပရောဂျက်နဲ့ ပတ်သက်တဲ့ အကြမ်းအဆိုပြုချက်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို တင်ပေးလိုက်တယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဒီအဆိုပြုချက်ကို ကြည့်ပြီး စိတ်ဝင်စားတယ်။ ကျွန်တော်တို့ကလည်း ငွေစိုက်ထုတ်ရင်းနှီးပြီး ဖြစ်နိုင်စွမ်းကို လေ့လာတယ်။ ဥပမာဆိုရင် LNG ကို ဘယ်လိုလုပ်မယ်။ လျှပ်စစ်ထွက်လာရင် ရန်ကုန်ထိ ရောက်အောင် ဘယ်လိုလုပ်မယ်။ ဘယ်နေရာမှာ လျှပ်စစ်ဓာတ်အားပေး စက်ရုံတွေ တည်ဆောက်မယ် စသဖြင့် ဖြစ်မြောက်နိုင်စွမ်းတွေကို လေ့လာတယ်။ လေ့လာပြီးတော့မှ ကျွန်တော်တို့က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို ပြန်တင်ပေးတော့ လျှပ်စစ်ဝန်ကြီးဌာနက ကောင်းတယ်၊ အားလုံးအတွက် အကျိုးရှိတဲ့ ပရောဂျက်ဖြစ်တယ်ဆိုပြီး သူတို့လက်ခံတဲ့အတွက် အားလုံးသိတဲ့အတိုင်း Project လေးခုကို(NTP) ထိုးဖို့ ဖြစ်လာတယ်၊ NTP က ဒီပရောဂျက်အတွက်တော့ ဒါဟာအရေးကြီးတဲ့ မှတ်တိုင်တစ်ခုပေါ့၊ ဒီ NTP ရမှ ဒီပရောဂျက် နောက်တစ်ဆင့်ဆက်သွားဖို့အတွက် ဆက်လုပ်ဖို့အတွက် ကုမ္ပဏီကို ဝန်ကြီးဌာနကနေ ဒါဆက်လုပ်ပါလို့ အသိပေးတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုတွေထပ်လုပ်ပြီး ဖြစ်မြောက်နိုင်စွမ်းတွေကို အသေးစိတ်လေ့လာတဲ့ အလုပ်တွေရှိမယ်။ နောက်ပြီးတော့ လုပ်ငန်းအကြီးတွေလုပ်ပြီဆိုရင် ဌာနဆိုင်ရာ ဝန်ကြီးဌာနတွေအားလုံးရဲ့ ခွင့်ပြုမိန့်တွေလိုမယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ခွင့်ပြုမိန့်တွေလိုမယ်။ နောက်ထပ် ထပ်ပြီး အရေးကြီးတာက ငွေရေးကြေးရေး၊ နောက်ကနေ ငွေချေးပေးမယ့် ဘဏ်တွေ၊ ကုမ္ပဏီတွေဆီကနေ ပရောဂျက်နဲ့ဆိုင်တဲ့ ငွေကြေးတွေရအောင် လုပ်ဆောင်တဲ့လုပ်ငန်းတွေ ဆက်လုပ်ဆောင်ရဦးမယ်။ (PPA) ဆိုတဲ့ ဓာတ်အားဝယ်ယူရေး သဘောတူညီချက် ဓာတ်အားထုတ်တဲ့ ပရောဂျက်၊ အခုက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဝယ်မယ်ပေါ့၊ ဘယ်လိုဈေးနဲ့ ဘယ်အချိန်မှာ ဘယ်လိုဝယ်မယ်ဆိုတာမျိုးကို အသေးစိတ် ညှိနှိုင်းပြီးတော့ စာချုပ်ချုပ်မယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနဲ့ ညှိနှိုင်းမှုတွေ လုပ်ရမယ်။ တစ်နှစ်အတွင်းမှာ အားလုံးပြီးအောင် လုပ်နိုင်မယ်လို့တော့ မျှော်လင့်ပါတယ်။ ပရောဂျက်ရဲ့ လက်ရှိအခြေအနေကတော့ အဲဒါပါပဲ။

**မေး ။ ။ ထားဝယ်မှာရှိတဲ့ ကံပေါက်စီမံကိန်းက မြန်မာနိုင်ငံအတွက် ဘယ်လို အကျိုးအမြတ် ရရှိလာမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ကံပေါက်ပရောဂျက်မှာ တိုင်းပြည်နဲ့ ကုမ္ပဏီအတွက် ဘာတွေအကျိုးအမြတ်တွေ ဖြစ်လာမလဲ ဆိုတော့ ဒီပရောဂျက်က ထုတ်မယ့် လျှပ်စစ်ဓာတ်အားက ၁၂၃၀ မဂ္ဂါဝပ်။ ဓာတ်အား ဘယ်လောက်ကြီးမားတယ်ဆိုတာ နှိုင်းယှဉ်ပြရရင် သဘာဝဓာတ်ငွေ့သုံးပြီးတော့ ဓာတ်အားထုတ်လုပ်တဲ့ စက်ရုံဆိုတာ မြန်မာပြည်မှာအကြီးဆုံး တည်ဆောက်နေတဲ့ မြင်းခြံမှာ စင်ကာပူက လာလုပ်တဲ့စက်ရုံထက် ကျွန်တော်တို့က ငါးဆမကကြီးတယ်။ အဲ့ဒီလောက်ကြီးမားတဲ့အတွက် ဓာတ်အားတွေ အများကြီးရမယ်။ အဲ့ဒါကတစ်ခု။ အဲ့ဒီလောက်အကြီးကြီး လုပ်တဲ့အတွက် အကောင်းဆုံးလုပ်နိုင်တဲ့ နောက်ဆုံးအဆင့် နည်းပညာသုံးပြီး ဓာတ်အားပေးစက်ရုံကို SIEMENS က တည်ဆောက်မှာပါ။ အဲ့ဒီလိုလုပ်တဲ့အတွက် တစ်ယူနစ် ထုတ်လုပ်တဲ့ ကုန်ကျစရိတ်ကို ယှဉ်ကြည့်ရင် အများကြီး သက်သာသွားမယ်။ ဒါတိုင်းပြည်အတွက် အကျိုးရှိတာပေါ့။ ဓာတ်အားခ ယှဉ်ကြည့်ရင် အများကြီးသက်သာတယ်။ ဓာတ်အားတွေလည်း အများကြီးရတယ်။ နောက်တစ်ခုက ကံပေါက်ကနေပြီးတော့ ရေး-မော်လမြိုင်ကို ဖြတ်ပြီး ရန်ကုန်ထိ ဓာတ်အားပို့လွှတ်ရေး လုပ်မယ်ဆိုတော့ မြန်မာပြည်မှာက အခုထိကို 230 KV ဓာတ်အားလိုင်းက အမြင့်ဆုံးရှိတာ။ ဒီတိုင်းဒေသကြီး တစ်လျှောက်လုံးမှာဆိုရင် 230 KV မပြောနဲ့ ဘာမှကိုမရှိဘူး။ မဟာဓာတ်အားလိုင်းက မော်လမြိုင်အောက်ပိုင်း တစ်လျှောက်လုံး ကံပေါက်၊ ထားဝယ်ကနေ ကော့သောင်း ထိအောင်ကို မရှိတာ။ ဘာမှမရှိတဲ့နေရာမှာ ကံပေါက်ကနေပြီးတော့ မြန်မာနိုင်ငံမှာ မလုပ်ဖူးသေးတဲ့ 500 KV မဟာဓာတ်အားလိုင်းကြီးကို လာဆောက်မယ်။

> **“ကံပေါက်ကနေပြီးတော့ မြန်မာနိုင်ငံမှာ မလုပ်ဖူးသေးတဲ့ 500KV မဟာဓာတ်အားလိုင်းကြီးကို လာဆောက်မယ်၊ ဘယ်လောက်ရှည်မလဲဆိုရင် အကြမ်းဖျင်းအားဖြင့် ၄၅၀ ကီလိုမီတာရှိမယ်၊ ကံပေါက်ကနေ ပဲခူး-ဘုရားကြီးနားထိ ၄၅၀ ကီလိုမီတာလောက်ထိရှိမယ်၊ အသစ်ဆောက်မယ်၊ မြန်မာနိုင်ငံမှာတောင် တစ်ခါမှ မရှိခဲ့ဖူးသေးတဲ့ မဟာဓာတ်အားလိုင်းကြီး ဒီဒေသမှာ ရောက်လာမယ်၊ မဟာဓာတ်အားလိုင်းကြီး ရောက်လာတဲ့အတွက် အဲ့ဒီဒေသတစ်လျှောက်မှာရှိတဲ့ ပြည်သူတွေအနေနဲ့ မဟာဓာတ်အားလိုင်းရောက်လာပြီဆိုရင် ဓာတ်အားစနစ် ချိတ်လိုက်ပြီဆိုတာနဲ့ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိမှု အတူတူဖြစ်သွားမယ်၊”**

ဘယ်လောက်ရှည်မလဲဆိုရင် အကြမ်းဖျင်း အားဖြင့် ၄၅၀ ကီလိုမီတာရှိမယ်။ ကံပေါက်ကနေ ပဲခူး-ဘုရားကြီးနားအထိ ၄၅၀ ကီလိုမီတာလောက်ထိရှိမယ်။ အသစ်ဆောက်မယ်။ မြန်မာနိုင်ငံမှာတောင် တစ်ခါမှမရှိခဲ့ဖူးသေးတဲ့ မဟာဓာတ်အားလိုင်းကြီး ဒီဒေသမှာ ရောက်လာမယ်။ မဟာဓာတ်အားလိုင်းကြီး ရောက်လာတဲ့အတွက် အဲ့ဒီဒေသတစ်လျှောက်မှာရှိတဲ့ ပြည်သူတွေအနေနဲ့ မဟာဓာတ်အားလိုင်းရောက်လာပြီဆိုရင် ဓာတ်အားစနစ် ချိတ်လိုက်ပြီဆိုတာနဲ့ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိမှု အတူတူဖြစ်သွားမယ်။ ရန်ကုန်မှာ တစ်ယူနစ် ၃၅ ကျပ်ဆို အားလုံးလည်း ၃၅ ကျပ်ပဲ။ အခုဆို မဟာဓာတ်အားလိုင်း မရှိတဲ့နေရာမှာ ကိုယ်ပိုင် မီးစက်တွေနဲ့ဆို ဥပမာ မြိတ်ဆို တစ်ယူနစ် ၃၅၀ ကျပ်ပေးရတယ်။ မီတာတစ်ယူနစ်က ဆယ်ဆလောက် ဈေးကြီးနေတယ်။ ပထမဆုံး လျှပ်စစ်မီးရဖို့ လုပ်ပေးနိုင်တယ်။

မီးရတယ်ဆိုတာနဲ့ တစ်နိုင်ငံလုံး တကယ့်ကို သက်သက်သာသာနဲ့ ရသွားမယ်။ ဒီပရောဂျက်နဲ့ ပတ်သက်လို့ရနိုင်တဲ့ အကျိုးကျေးဇူးတွေပါ။ မဟာဓာတ်အားလိုင်း ဖြတ်သွားတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လျှပ်စစ်ဓာတ်အားရနိုင်တဲ့ အခြေအနေတွေရှိတယ်။ ကံပေါက်တို့ ထားဝယ်မှာဆို တစ်နိုင်တစ်ပိုင်မီးစက်တွေနဲ့ ပေးနေတဲ့ လျှပ်စစ် ဓာတ်အားလိုင်းတွေက ရှိပြီးသား မဟာဓာတ်အားလိုင်းနဲ့ ချိတ်မိသွားဖို့ပဲလိုတယ်။ ကံပေါက်မှာရှိတဲ့ ဒေသခံတွေ၊ ထားဝယ်မှာရှိတဲ့ ဒေသခံတွေအနေနဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲရာမှာ ဈေးနှုန်းက အစတည်ငြိမ်သွားမှာဖြစ်ပါတယ်။ ဒီနိုင်ငံရဲ့ဘဏ္ဍာရေးအခြေအနေအရ မဟာဓာတ်အားလိုင်းဆောက်ဖို့က အလွန်ခက်ခဲတယ်၊ ကျေးလက်မီးလင်းရေးလုပ်နေတဲ့ ကုမ္ပဏီတွေလည်း အများကြီး ကိုယ့်အစီအစဉ်နဲ့ကိုယ် လုပ်နေတာများတယ်။ အဲ့ဒီတစ်လျှောက်မှာလည်း ကိုယ့်အစီအစဉ်နဲ့ကိုယ် လုပ်နေတာတွေ ရှိနေပြီသား။ မဟာဓာတ်အားလိုင်းရှိသွားတယ်ဆိုရင် မော်လမြိုင်မှာ ခွဲရုံကြီး ရှိမယ်၊ အဲ့ဒီကနေ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး အဲ့ဒါတွေအကုန်လုံးက သူ့ရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ခွဲရုံတွေနဲ့ ချိတ်ပေးလိုက်ရင် လျှပ်စစ်ရလာမယ်။ ထပ်ချဲ့ဖို့ကျတော့လည်း နိုင်ငံတော်အနေနဲ့ပဲဖြစ်ဖြစ်၊ ကိုယ်ထူကိုယ်ထပဲဖြစ်ဖြစ်၊ ပြည်တွင်းကုမ္ပဏီတွေကပဲဖြစ်ဖြစ် လုပ်ဖို့ရာက မခက်ဘူး။

ခက်နေတာက မဟာဓာတ်အားလိုင်းရောက်ဖို့ လွတ်လပ်ရေးရပြီးကတည်းက ဒီတစ်လျှောက်မှာ မဟာဓာတ်အားလိုင်းက မရှိခဲ့ဘူး။ ဒီစီမံကိန်းသာ အကောင်အထည်ပေါ်မယ်ဆို လျှပ်စစ်အတွက် အဆင်ပြေသွားမယ်။ သေချာပေါက်က ထားဝယ် ကံပေါက်အပါအဝင် မော်လမြိုင်မှာလည်း ခွဲရုံအကြီးကြီး ဆောက်မယ်၊ မော်လမြိုင်ခွဲရုံကနေ ကရင်ပြည်နယ် မြဝတီထိ အောင်ချဲ့မယ်၊ ကရင်ပြည်နယ်ကြီးတစ်ခုလုံးလည်း လျှပ်စစ်ရသွားမယ်။

**မေး ။ ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ မြန်မာနိုင်ငံကို ဝင်ရောက်လာဖို့ အဓိက လိုအပ်ချက်တွေက ဘာတွေလို့ ထင်မြင်မိပါသလဲ။**

ဖြေ ။ ။နိုင်ငံခြားရင်းနှီးမြှုပ်နှံမယ့် သူတွေအတွက် ပထမဆုံး ဒီနိုင်ငံမှာ စွန့်စားရတာတွေ ရှိတယ်။ နိုင်ငံတော်က အာမခံချက်ပေးနိုင်မယ်ဆိုရင် စိုးရိမ်စရာ မရှိဘူးပေါ့၊ ရင်းနှီးမြှုပ်နှံသူတွေကို နောက်ကထောက်ပံ့သူတွေ သိသိသာသာ သက်သာစေတယ်။ အဲ့ဒီလိုသက်သာတဲ့အတွက်လည်း ရင်းနှီးမြှုပ်နှံသူတွေအတွက် နိုင်ငံတော်က အာမခံပေးတယ်ဆိုရင် စိုးရိမ်စရာမရှိဘဲ လာရောက် ရင်းနှီးမြှုပ်နှံမယ်ပေါ့။

ရင်းနှီးမြှုပ်နှံသူတွေကို သိရသလောက်က ပြန်ရတဲ့ ငွေတွေကို မြန်မာငွေနဲ့ ပြန်ပေးတယ် ဆိုတာမျိုး။ မြန်မာငွေနဲ့ ပြန်ပေးတယ်ဆိုရင် လာရောက်ရင်းနှီးမြှုပ်နှံတယ်ဆိုကတည်းက နိုင်ငံခြားငွေနဲ့ပဲ ရင်းနှီးမြှုပ်နှံထားတာ။ လာမယ့်နှစ် ၂၅၊ ၃၀ စီမံကိန်းကြီးလုပ်တဲ့အခါမှာ ပြန်ရတဲ့ ငွေအကုန်လုံးက မြန်မာငွေနဲ့ ရတယ်ဆိုရင် နောက်ငါးနှစ်၊ ၁၀ နှစ်၊ အနှစ် ၂၀ မှာဆို မြန်မာငွေက ဘယ်လိုဖြစ်မလဲမသိဘူး။ တခြားနိုင်ငံတွေမှာဆိုရင် ငွေကြေးလဲလှယ်မှုနှုန်းက ဘယ်လောက်ပဲ ပြောင်းပြောင်း ကြားထဲက အာမခံပေးထားတဲ့သူရှိတယ်။ အာမခံကြေးတော့ ပေးရတာပေါ့။ အာမခံပေးတဲ့သူရှိရင် ဈေးကွက်က စိတ်ချရတယ်။ သူ့ဟာသူ ငွေကြေးက ဘာပဲဖြစ်နေနေ ရင်းနှီးမြှုပ်နှံသူကတော့ ဒီနှုန်းအတိုင်း ပြန်ရနေမယ်။ အာမခံယူရင် ယူသလောက်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

နှစ်အတိုင်း ဒီနှုန်းအတိုင်း ပြန်ရနေမယ်။ မြန်မာကျပ်ငွေကျတော့ အဲ့ဒီလိုမျိုး မရဘူး။ အဲ့ဒီအခက်အခဲကလည်း ရှိတယ်။

နောက်တစ်ခုက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ။ အဲ့ဒါတွေက အခုလက်ရှိ လုပ်နေတာရှိတယ်။ ဒီထက်ပိုပြီးကောင်းအောင် လုပ်ဖို့လိုတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေက အသစ်ထွက်လာတာ ကောင်းပါတယ်။ ဥပဒေဆိုတာများသောအားဖြင့် ယေဘုယျခြုံပြီး ပြောတာဖြစ်တဲ့အတွက် ဥပဒေက ကောင်းတယ်။ ဥပဒေကို အကောင်အထည်ဖော်ဖို့ နည်းဥပဒေတွေ မရှိသေးဘူး။ နည်းဥပဒေမရှိတဲ့အခါကျတော့ တစ်ခုခုဖြစ်လာရင် ဘယ်ကိုသွားပြီး ဘာလုပ်ရမယ် သေသေချာချာ မသိဘူး။ သိချင်ကြတယ်။ ဒါမှ ကိုယ်ဘာဖြစ်ရင် ဘာလုပ်သင့်တယ်ဆိုတာ သိပြီး စိတ်ချရမယ်။ ဒီ့ပြင်ဆို တစ်ခုခုဖြစ်လာရင် ဘယ်လိုလုပ်ရမှန်း မသိဘူး၊ ဥပဒေထဲမှာသာ ဟိုဟာလုပ်ရတယ်၊ ဒီဟာလုပ်ရတယ် ဆိုပေမယ့် တကယ်တမ်းကျတော့ ဘာလုပ်ရမှန်း သေချာမသိသေးဘူး။ အဲ့ဒါက လိုနေသေးတဲ့အတွက် ရင်းနှီးမြှုပ်နှံမယ့်သူတွေကို ပိုပြီးယုံကြည်လာစေမယ့် အချက်ထဲမှာပါပါတယ်။ ဒါကလည်း အဟန့် အတားတစ်ခုပေ့ါ။ အဓိက ဒီသုံးချက်ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ပိုတိုးတက်လာဖို့အတွက် ဒီသုံးချက်ကို အဆင်ပြေအောင်လုပ်ရင်တော့ ရင်းနှီးမြှုပ်နှံသူတွေ ပိုများမှာပါ။

**မေး ။ ။ ဖြည့်စွက်ပြောလိုတာရှိရင်လည်း ပြောပေးပါဦး။**

ဖြေ ။ ။ နောက်ဆုံးပြောချင်တာက ကျွန်တော်တို့က စွမ်းအင်၊ စက်မှုလုပ်ငန်းတွေ တင်မဟုတ်ဘူး၊ Digitalizationမှာ တစ်ကမ္ဘာလုံးမှာ ဦးဆောင်လုပ်ကိုင်နေတဲ့ ထိပ်တန်းကုမ္ပဏီကြီးတစ်ခုလည်း ဖြစ်ပါတယ်။ Digitalization က မြန်မာနိုင်ငံမှာ နည်းနေသေးတယ်၊ မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ် နည်းပညာအသုံးပြုတာ နည်းတယ်၊ ကျွန်တော်တို့ ကျွမ်းကျင်မှုတွေကို ဒစ်ဂျစ်တယ် နည်းပညာတိုးတက်ဖို့အတွက် မြန်မာပြည်မှာ ပြန်ဝေမျှချင်ပါတယ်၊ ဒီဟာက ဂျာမနီတင်မဟုတ်ပါဘူး၊ တစ်ကမ္ဘာလုံးမှာ ပြောင်းလဲလာတာဖြစ်တဲ့အတွက် အဲ့ဒီကြီးမားတဲ့ ပြောင်းလဲမှုကို ဘယ်သူကမှ မလိုချင်လို့ မရပါဘူး။ မြန်မာပြည်ကို အနေးနဲ့ အမြန် ရောက်လာမှာ ကိုယ်က အနေးနဲ့အမြန် နောက်မကျဘဲ လုပ်နိုင်လို့ရှိရင် ပိုပြီးမြန်မာပြည်က ခုန်ကျော်ပြီး တိုးတက်သွားမှာပါ။ အစိုးရဌာနပဲဖြစ်ဖြစ်၊ ကုမ္ပဏီတွေကိုပဲဖြစ်ဖြစ်၊ လူမှုစီးပွားဘဝကို နေရာတိုင်းမှာ လုပ်နိုင်စွမ်းကို တိုးတက်အောင်လုပ်လို့ရပါတယ်၊ ဒစ်ဂျစ်တယ်နည်းပညာနဲ့ မြန်ဆန်ပြီးမြောက်အောင် ဆောင်ရွက်ပြီး လူမှုစီးပွားတွေကို တိုးတက်အောင် လုပ်နိုင်စွမ်းရှိပါတယ်။

**ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။**



✳ *ကျောာဖုံးမှ*

ဖြစ်ပေါ်ခြင်း၊ အနောက်ဘက်နံရံ ကားထွက်ခြင်း၊ တိုက်မပေါင်းအမိုး အက်ကွဲခြင်းများ၊ ပစ္စယာဆင့်များပေါ်တွင် အက်ကွဲကြောင်းများ ဖြစ်ပေါ်ခြင်းတို့ကြောင့် ရေပိတ်လွှာလောင်းခြင်း၊ လေးပေ x နှစ်ပေ U Beam များဖြင့် တိုက်မနံရံများ၌ ပတ်၍ ထိန်းချုပ်ထားခြင်း၊ စတီးကြိုးခါးပတ် ပတ်ခြင်း၊ Grouting လောင်းခြင်း၊ အက်ကွဲကြောင်းများ အနားသိပ်ဆောင်ရွက်ခြင်း၊ ပစ္စယာအဆင့်များတွင် ရေပိတ်လွှာလောင်းခြင်းစသည့် အရေးပေါ် ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်**

အဆိုပါ ဘုရားအမှတ် ၁၀၆၆ သည် နံရံများ ပွင့်ထွက်၍ ပြိုကျပျက်စီးကြောင်း သတင်းအရ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ထိန်းသိမ်းရေးအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက် ကွင်းဆင်းစစ်ဆေးရာ တိုက်မပစ္စယာအထက်မှ ပြိုကျနံရံများ လွင့်ကျခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပျက်စီးမှုများတွင် နောက်ပိုင်း ပြန်လည်ပြုပြင်ထားသော အပိုင်းများ ပြိုကျ၍ ဘုရားတစ်ဆူလုံး ၇၀ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့ကြောင်း၊ ပြိုကျသွားသော အစိတ်အပိုင်းများ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**ပြိုကျမှုဖြစ်ပွားခဲ့သည့် ပုဂံဘုရားအမှတ် ၁၀၆၆ ကို တွေ့ရစဉ်။**

# မှတ်သားဖွယ်ရာ မိုးရေချိန်

၄-၃-၂၀၁၈

| | | | |
|---|---|---|---|
| မချမ်းဘောမြို့ | ၀ | ဒသမ | ၅၁ လက်မ |
| ပူတာအိုမြို့ | ၀ | ဒသမ | ၄၇ လက်မ |

မိုး/ဇလ



**ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ ဝိနယာ သီသ စာမေးပွဲစာအောင်ဆုနှင်းသဘင်ကို သာစုရပ်ကွက် သာစုပရိယတ္တိစာသင်တိုက်အတွင်းရှိ ရွှေညဝါ ဗိမာန်တော်၌ မတ် ၂ ရက်က ကျင်းပရာ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးညွန့်ဌေး(ကြာငါးခိုင်)က သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

ကိုကြီးတင်

# မုံရွာမြို့တွင် (၃၆)ကြိမ်မြောက် ဇီဝိတဒါနနွားဘေးမဲ့ပွဲတော် ကျင်းပမည်

**မုံရွာ မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အလယ်ရပ်ကွက် ချမ်းသာကြီး မြတ်စွာဘုရား ဂေါပကအဖွဲ့မှကြီးမှူး၍ (၃၆) ကြိမ်မြောက်အဖြစ် ကျင်းပမည့် ဇီဝိတဒါနနွားဘေးမဲ့ပွဲတော်ကို မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ကျင်းပမည်ဖြစ်ရာ ပါဝင်ကုသိုလ်ပြု လှူဒါန်းလိုသူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

“ပြီ ၁၇ ရက်(မြန်မာနှစ်ဆန်း ၁ ရက်) နေ့ ညနေပိုင်းမှာ မုံရွာမြို့နယ်အတွင်းနှင့် မြို့နယ်အသီးသီးက အလှူရှင်များ စုပေါင်းလှူဒါန်းရရှိငွေတွေနဲ့ အဲဒီညပိုင်းမှာသတ်ပြီး အသားဖော်မဲ့ နွားတွေကို ဝယ်ယူအသက်ကယ်တာပါ။ နှစ်ဆန်း ၃ ရက်နေ့မှာ မြို့အတွင်းမှာ လှည့်လည်ပြသမယ်၊ နှစ်ဆန်း ၅ ရက်နေ့မှာ နွားဘေးမဲ့ခြံကို ပို့ဆောင်ပေးမှာပါ၊ နွားဘေးမဲ့ပွဲကတော့ မုံရွာမြို့မှာ နှစ်စဉ်ကျင်းပတဲ့ အလှူပွဲတစ်ခုပေ့ါ” ဟု ချမ်းသာကြီး မြတ်စွာဘုရားဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးတင့်လွင်က ပြောသည်။

ချမ်းသာကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့မှဦးစီးကျင်းပသော နွားဘေးမဲ့ပွဲတော်များဖြစ်သော ပထမအကြိမ်မှ ၁၃ ကြိမ်အထိ တန်ဖိုးငွေကျပ် ၁၀၂၅၀၀၀ ဖြင့် နွား၊ ကျွဲ ဆိတ် စုစုပေါင်း ၂၅၈ ကောင်အား မန္တလေးမြို့ တံခွန်တိုင် နွားဘေးမဲ့ခြံသို့ လည်းကောင်း၊ ၁၄ ကြိမ်မှ ၁၇ ကြိမ်အထိ တန်ဖိုးငွေကျပ် ၈၅၇၅၀၀ ဖြင့် နွား ၄၅ ကောင်အား ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ခမည်းပြင်ဘိုးဘိုးကြီး နွားဘေးမဲ့ခြံသို့ လည်းကောင်း၊ ၁၈ ကြိမ်မှ ၁၉ ကြိမ်အထိ တန်ဖိုးငွေကျပ် ၇၁၆၀၀၀ ဖြင့် နွား ၂၅ ကောင်အား ပြင်ဦးလွင်မြို့ ပွေးတောင် သျှိကစ္စနား နွားဘေးမဲ့ခြံသို့လည်းကောင်း၊ အကြိမ် ၂၀ မှ ၂၅ ကြိမ်အထိ ငွေကျပ် ၇၅၂၃၅၀၀ ဖြင့် နွား ၁၀၁ ကောင်အား နောင်ချိုမြို့နယ် သုံးဆယ် ရွာလေ့ခူး သက်ရှည်မြိုင် နွားဘေးမဲ့ခြံသို့ လည်းကောင်း၊ အကြိမ် ၂၆ မှ ၂၈ အထိ ငွေကျပ် ၁၁၂၅၀၀၀၀ ဖြင့် နွား ၅၄ ကောင်အား ပဲခူးတိုင်းဒေသကြီး ပဏ္ဍိတရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ လည်းကောင်း၊ အကြိမ် ၂၉ မှ ၃၀ အထိ ငွေကျပ် ၉၃၁၅၀၀၀ဖြင့် နွား ၃၉ ကောင်အား ရန်ကုန်၊ ဂျူဗလီ၊ ပန်ဂျရာပို(လ်)စိုဆိုက်တီးဟိန္ဒူဘာသာ ရေးဂေါသာလ ဘေးမဲ့နွားခြံသို့ လည်းကောင်း၊ ၃၁ ကြိမ်တွင် ငွေကျပ် ၅၉၅၀၀၀၀ ဖြင့် နွားအကောင် ၂၀ အား ရေစကြို မြို့နယ် ပန်းတိုင်ခြံကျေးရွာ မေတ္တာစိမ့်စမ်းဘေးမဲ့ဥယျာဉ်သို့ လည်းကောင်း၊ ၃၂ ကြိမ်မှ ၃၃ ကြိမ်အထိ ငွေကျပ် ၁၈၉၅၀၀၀ ဖြင့် နွား ၇၇ ကောင်အား မန္တလေးတိုင်း ဒေသကြီး ပုသိမ်ကြီးမြို့နယ် ဇောခိငါးထောင်ဘေးမဲ့ခြံသို့ လည်းကောင်း၊ ၃၄ ကြိမ်တွင် နွားကောင်ရေ ၈၂ ကောင်အား စစ်ကိုင်းတိုင်း ဒေသကြီး စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာ ဦးမှတ်ခြံသို့ လည်းကောင်း၊ ၃၅ ကြိမ် နွားဘေးမဲ့ပွဲတော်တွင် အသက်ကယ် တင်ရရှိသော စုစုပေါင်းနွား ၆၃ ကောင်အား မန္တလေးတိုင်း ဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာရှိ အင်းကြင်းမြိုင် ငွေတောင်ဘုန်းတော်ကြီးကျောင်း ဘေးမဲ့ခြံသို့ လည်းကောင်း၊ ကျင်းပပြီးစီးခဲ့သည့် နွားဘေးမဲ့ပွဲတော် စုစုပေါင်း ၃၅ ကြိမ်အထိ စုစုပေါင်း နွားကောင်ရေ ၇၆၄ ကောင်အား ဘေးမဲ့ပေး အသက်ကယ် ကုသိုလ်ပြုနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ၃၆ ကြိမ်မြောက်အဖြစ် ကျင်းပမည့် နွားဘေးမဲ့ပွဲတော်မှ အသက်ကယ်တင်ရရှိမည့် နွားများကို မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာ ဘေးမဲ့ခြံသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ရာ မည်သူမဆို ကုသိုလ် ပါဝင်နိုင်ကြောင်း ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့မှ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

◆ *ကျောာဖုံးမှ*

ပုံမှန်ဆိုရင်တော့ မလာဖြစ်ဖူးပေ့ါ၊ အခုကရုံးပိတ်ရက်များတော့ လာဖြစ်တာပါ၊ ဒီမှာလူတွေလည်း တော်တော်စည်တာ တွေ့ရပါတယ်၊ လူကြားထဲမှာ တိုးရတာ လမ်းသွားရတာတောင် တော်တော်နဲ့ နေရာမရပါဘူး” ဟု ဘုရားဖူးလာသူတစ်ဦးက ပြောသည်။

ယခင်နှစ်များက ယခုကဲ့သို့ အချိန်များတွင် ရွှေစက်တော်၌ ဘုရားဖူးသည့်သည်များ ယခုကဲ့သို့ များပြားခဲ့ခြင်းမရှိဘဲ ယခုနှစ်တွင် ရုံးပိတ်ရက်လေးရက်ဆက်တိုက်ပိတ်ခဲ့သဖြင့် လူစည်ကားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ထို့သို့မြန်မာနိုင်ငံအနှံ့မှ ဘုရားဖူးကားများလာရောက်မှု များပြားကာ ကျောက်တစ်လုံးကွေ့အနီးမှ စတင်ကားပိတ်မှုများ ဖြစ်လာခဲ့ခြင်းကြောင့် ရွှေစက်တော်-မင်းဘူးလမ်းပိုင်း၌ ကားပြေးဆွဲနေသူများအနေဖြင့် ကားကျပ်သဖြင့် အခေါက်ရေစိပ်စိပ် ပြေးဆွဲနိုင်ခြင်းမရှိကြဘဲ ကားပြန်ထွက်နိုင်ရန် တစ်နေကုန်ကြန့်ကြာမှုများနှင့် ကြုံကြရသည်ဟု မင်းဘူး-ရွှေစက်တော်ကားပြေးဆွဲနေသူ တစ်ဦးထံမှ သိရသည်။

**အိမွန်ဆွေ(ရေစကြို)၊ ဓာတ်ပုံ- မောင်ကျော်ကြီး**

# ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် မျက်မမြင်ဖြေဆိုသူများအတွက် သင်္ကေတစာ ရေးသားနိုင်သည့် စာရွက်များ ထောက်ပံ့ပေးမည်

**မန္တလေး မတ် ၄**

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် မျက်မမြင် ဖြေဆိုသူများအတွက် သင်္ချာဘာသာရပ်ဖြေဆိုသည့်နေ့တွင် မေးခွန်းပါအချက်အလက်များကို မှတ်သားနိုင်ရန် မျက်မမြင် သင်္ကေတစာ ရေးသားနိုင်သည့် စာရွက်များ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထိုက်က မတ် ၂ ရက်တွင် မန္တလေးမြို့တွင် ပြုလုပ်သော ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းထုတ်ယူရေးနှင့် စာမေးပွဲလုပ်ငန်းဆိုင်ရာ အစည်းအဝေးတွင် ပြောကြားသည်။

“ဒီနှစ်မှာ မျက်မမြင်တွေ သင်္ချာဘာသာရပ်ဖြေဆိုတဲ့အခါမှာ မေးခွန်းပါကိန်းဂဏန်းတွေကို သူတို့ သင်္ကေတတွေနဲ့ အလွယ်တကူမှတ်သားလို့ရအောင်လို့ အကြမ်းတွက်ချက်လို့ရအောင် ပထမဆုံးအနေနဲ့ ဒီနှစ်ကစပြီး ထောက်ပံ့ပေးတာဖြစ်ပါတယ်၊ မသန်စွမ်းတွေကိုလည်း သူတို့ နားလည်နိုင်တဲ့ လက်ပြသင်္ကေတနဲ့ ဖြေဆိုချိန်ပိုပေးပြီး မေးခွန်းကို ဖတ်ပြ ပေးသွားမှာပါ”ဟု ၎င်းကပြောသည်။

ယခုနှစ် မတ် ၇ ရက်တွင် စတင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် မေးခွန်းများကို မတ် ၃ ရက်က တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တစ်ပြိုင်နက်တည်း ထုတ်ပေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွက် မေးခွန်းများကို မန္တလေးတက္ကသိုလ်တွင် နံနက် ၇ နာရီမှစ၍ တစ်နေ့တည်းအပြီး ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“မေးခွန်းတွေထုတ်ပေးတဲ့အခါမှာ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးတွေက စာစစ်ဌာနကြီးကြပ်ရေးမှူးတွေကို တစ်ပါတည်းခေါ်လာပြီး မေးခွန်းအရေအတွက် မှန်၊ မမှန်ကို တစ်ခါတည်း စစ်ဆေးချိတ်ပိတ်ပြီး လုံခြုံရေးသေတ္တာထဲကို ထည့်သိမ်းသွားရမယ်၊ ပြီးရင် သက်ဆိုင်ရာ နယ်မြေရဲစခန်း၊ ဘဏ်တိုက်နဲ့ တပ်ရင်းတွေမှာ စနစ်တကျအပ်နှံထားကြဖို့ မှာကြားရှင်းပြခဲ့ပါတယ်၊ ဒီစာမေးပွဲက တက္ကသိုလ်ကို ကူးပြောင်းလို့ရမယ့် အရေးကြီးတဲ့ စာမေးပွဲဖြစ်တာမို့ အားလုံးစိတ်လှုပ်ရှားနေကြမှာပါ၊ ဒါကြောင့် ဆရာ ဆရာမတွေအနေနဲ့ ဖြေဆိုသူတွေ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်အောင် တာဝန်ယူစောင့်ရှောက်ပေးကြဖို့နဲ့ ကျောင်းသား ကျောင်းသူများကလည်း စိတ်အေးအေးထားပြီး ကြိုးစားဖြေဆိုကြပါလို့ မှာကြားလိုပါတယ်။”ဟု ၎င်းက ဆက်လက်ပြောသည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြေဆိုရန်စာရင်းပေးသွင်းသူ ၈၄၀၀၀၀ ကျော်အတွက် စာစစ်ဌာန ၁၇၀၀ ကျော်ဖွင့်လှစ်ပေးထားပြီး စာမေးပွဲကာလအတွင်း အခြေခံပညာကျောင်းများ၊ အကျဉ်းထောင်၊ ဆေးရုံကြီး စာစစ်ဌာနများတွင် ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူစာရင်းကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဝက်ဘ်ဆိုက်တွင် နေ့စဉ်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ထူးခြားသည့်နေ့အပူချိန်

၄-၃-၂၀၁၈

| | | |
|---|---|---|
| ချောက်မြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၃၉ | ဒီဂရီစင်တီဂရိတ် |

မိုး/ဇလ

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ပဉ္စမအသုတ် UEHRD စေတနာ့ဝန်ထမ်းလူငယ်များအဖွဲ့ မောင်တောဒေသအတွင်း၌ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်

**မောင်တော မတ် ၄**

ရခိုင်ပြည်နယ်အတွင်းလူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)၏ လုပ်ငန်းစဉ်များအနက် လူသားချင်းစာနာမှုအကူအညီများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် မောင်တောဒေသသို့ ပဉ္စမအသုတ်ရောက်ရှိလာကြသော နိုင်ငံတစ်ဝန်းမှ စေတနာ့ဝန်ထမ်း လူငယ်များသည် ယနေ့နံနက်ပိုင်းက မောင်တောဒေသအတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ထောက်ပံ့ကူညီမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့မှုအခြေအနေနှင့်ပတ်သက်၍ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဦးစီးဌာနမှ ပြည်ခရိုင်ဦးစီးမှူး ကိုသန်းထွန်းအောင်က "အခုပဉ္စမအသုတ်လူငယ်အဖွဲ့မှာ ကျွန်တော်တို့ဆီက ဝန်ထမ်းခြောက်ဦး၊ ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီးတို့က Volunteer ၄၇ ဦး စုစုပေါင်း ၅၃ ဦး ပါဝင်ပါတယ်၊ မောင်တောနဲ့ ဘူးသီးတောင်ဆိုပြီး နှစ်ဖွဲ့ခွဲဆောင်ရွက်ခဲ့ပါတယ်၊ ဘူးသီးတောင်မှာက ၂၆ ဦးဖြစ်ပြီး ကျွန်တော်အပါအဝင် မောင်တောမှာက ၂၇ ဦး ဖြစ်ပါတယ်၊ ဒီနေ့မှာတော့ ဘူးသီးတောင်အဖွဲ့က ယူနစ် ၁၅၀ ထောက်ပံ့နိုင်ခဲ့ပြီး မောင်တောအဖွဲ့ကတော့ ၂၆၈ ယူနစ်ထောက်ပံ့နိုင်ခဲ့ပါတယ်"ဟု ပြောသည်။

ထိုသို့ထောက်ပံ့ကူညီရာတွင် မောင်တောဒေသအတွင်းရှိ ငွေတောင်ရွာ၊ သာယာကုန်းရွာ၊ ရွာသာယာရွာနှင့် သစ်တောကျေးရွာများသို့သွားရောက်၍ ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာ၊ ကြက်သွန်၊ အာလူးနှင့် ခြောက်လမှ နှစ်နှစ်အတွင်းရှိသည့် နို့တိုက်ကလေးငယ်များအတွက် နို့မှုန့်အာဟာရထောက်ပံ့မှုများ



စေတနာ့ဝန်ထမ်းလူငယ်များ မောင်တောဒေသအတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ စားသောက်ကုန်ပစ္စည်းများ ဖြန့်ဝေနေကြစဉ်။



စေတနာ့ဝန်ထမ်းလူငယ်များ မောင်တောဒေသအတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ကူညီနေမှုကို တွေ့ရစဉ်။

ထောက်ပံ့ကူညီခဲ့ကြသည်။

"အရင်ကတော့ ဒီကိုတစ်ခါမှ မရောက်ဖူးပါဘူး၊ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီးလူမှုကယ်ဆယ်ရေးအသင်းက ကိုယ်စားလှယ်အနေနဲ့ လာရောက်ရတာဖြစ်ပါတယ်၊ ကျွန်တော်တို့အသင်းအနေနဲ့ တစ်ခေါက်ကိုခြောက်ဦးစီ ပါဝင်ပါတယ်၊ ကျွန်တော့်အနေနဲ့ အခုမှစပြီးကွင်းဆင်းတာဖြစ်လို့ အခက်အခဲတွေတော့ အများကြီးရှိခဲ့ပါတယ်၊ ဒါပေမယ့် တစ်ရွာပြီးတစ်ရွာသွားလာရတဲ့အတွက် အတွေ့အကြုံတွေပိုရပြီး ပိုပြီးအဆင်ပြေလာပါတယ်၊ အဲဒီအတွေ့အကြုံတွေကို မှတ်သားပြီး နောက်ရက်တွေမှာ ဒီထက်ပိုမိုကောင်းမွန်အောင် လုပ်ဆောင်သွားမှာပါ၊ စေတနာ့ဝန်ထမ်းဖြစ်တဲ့အလျောက် လူမျိုးမရွေး၊ ဘာသာမရွေး ကူညီထောက်ပံ့မှုတွေ လုပ်ဆောင်သွားမှာပါ၊ အခုလိုတစ်တပ်တစ်အားကူညီခွင့်ရတဲ့အတွက်လည်း အတိုင်းမသိ ဝမ်းမြောက်မိပါတယ်"ဟု ကူညီထောက်ပံ့မှုအတွေ့အကြုံနှင့်ပတ်သက်၍ အဆိုပါလူငယ်အဖွဲ့မှအဖွဲ့ဝင် တစ်ဦးဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နေ ကိုနောင်ထက်က ပြောသည်။

အဆိုပါစေတနာ့ဝန်ထမ်းလူငယ်အဖွဲ့တွင် အဖွဲ့ဝင် ၄၇ ဦး ပါရှိပြီး ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဦးစီးဌာနမှ ဝန်ထမ်းများ၏ကြီးကြပ်မှုဖြင့် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များရှိ ကျေးရွာများတွင် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်နေခြင်းဖြစ်ပြီး မတ် ၁၂ ရက်အထိ ကူညီထောက်ပံ့မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့သည် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၅ ရက်မှစတင်၍ လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့များ ပေးအပ်လျက်ရှိရာ ယခုအကြိမ်မှာ ပဉ္စအကြိမ်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဟိန်းထက်ဇော်၊ ဓာတ်ပုံ-ရာမည**

# ရခိုင်ပြည်နယ်အတွင်းရှိ မျက်စိအတွင်းတိမ် ဝေဒနာရှင်များကို အခမဲ့ခွဲစိတ်ကုသပေးမည်

**စစ်တွေ မတ် ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရွှေကရုဏာဖောင်ဒေးရှင်းတို့ပူးပေါင်းပြီး ရခိုင်ပြည်နယ်အတွင်းရှိ မျက်စိအတွင်းတိမ်ဝေဒနာရှင်များကို စစ်တွေမြို့ ရွှေကရုဏာ စေတနာဆေးခန်း၌ မတ် ၁၉ ရက်မှ ၂၁ ရက်အထိ အခမဲ့ခွဲစိတ် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ရွှေကရုဏာဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်၊ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာခင်ဥမ္မာခိုင် ဦးဆောင်ပြီးတော့ မျက်စိအထူးကုဆရာဝန် ၁၀ ဦးက ခွဲစိတ်ကုသပေးကြမှာပါ၊ အခုကျွန်တော် စစ်တွေမြို့ကနေ တောင်ကုတ်မြို့ထိကို သွားရောက်ပြီး လက်ကမ်းစာစောင်တွေ ဖြန့်ဝေနေပါတယ်၊ ရန်ကုန်-စစ်တွေ လမ်းမကြီးတစ်လျှောက် ကျေးရွာတွေက ပြည်သူတွေပါ သိရှိနိုင်အောင်အတွက်ပေါ့၊ မျက်စိခွဲစိတ်ကုသမှုခံယူမယ့်သူတွေအတွက် ကျွန်တော်တို့ ဖောင်ဒေးရှင်းက စစ်တွေမြို့မှာ နေရာထိုင်ခင်းအတွက် စီစဉ်ပေးပါမယ်၊ စားသောက်တဲ့အစီအစဉ်ကတော့ သူတို့ ကိုယ့်အစီအစဉ်နဲ့ပေါ့၊ လူနာအနေနဲ့ကတော့ ၃၀၀ လောက်ကို ခွဲစိတ်ကုသပေးဖို့စီစဉ်ထားပါတယ်၊ ဒါပေမယ့် ထပ်ပြီး တိုးလာရင်လည်း ကုသပေးဖို့ အစီအစဉ်ရှိပါတယ်"ဟု ရွှေကရုဏာ ဖောင်ဒေးရှင်းဘဏ္ဍာရေးမှူး ဦးစံရွှေက ပြောသည်။

မျက်စိခွဲစိတ်ကုသမှုခံယူလိုသော ဝေဒနာရှင်များအနေဖြင့် ရွှေကရုဏာ ဖောင်ဒေးရှင်း (ရွှေကရုဏာစေတနာဆေးခန်း) သို့ မတ် ၁၆ ရက်မှ ၁၈ ရက် အတွင်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီတွင် ကိုယ်တိုင်လာရောက်ပြီး စမ်းသပ်မှုခံယူကာ စာရင်းပေးသွင်းသွားရမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-တင်ထွန်း( ပြန်/ဆက်)**
**ဓာတ်ပုံ-ကံထွန်း**

# ကလေးသူငယ်များ ကျန်းမာသန်စွမ်းသော လူသားအရင်းအမြစ်များအဖြစ် ရှင်သန်ကြီးပြင်းနိုင်ရေး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြည့်ဆည်းဆောင်ရွက်လျက်ရှိ

**စစ်တွေ မတ် ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် နိုင်ငံအတွင်းရှိ ကလေးသူငယ်များ၏ ဘဝကနဦး ပထမရက်ပေါင်း ၁၀၀၀ အတွင်း အာဟာရပြည့်ဝစွာ စားသုံးခွင့်ရ၍ ကျန်းမာသန်စွမ်းသော လူသားအရင်းအမြစ်များအဖြစ် ရှင်သန်ကြီးပြင်းနိုင်စေရေး ရည်ရွယ်ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ကို အာဟာရအခြေအနေနိမ့်ပါးသောဒေသများဖြစ်သည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် အဆိုပါအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ကြေးပေးနေမှုအခြေအနေများနှင့် ငါးနှစ်အောက်ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြီးကြပ်ကူညီရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ



လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ ကယ်ဆယ်ရေးစခန်းရှိ ကလေးများအား မုန့်များပေးဝေစဉ်။



လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ ကယ်ဆယ်ရေးစခန်းမှ ကလေးသူငယ်များအား တွေ့ဆုံအားပေးစဉ်။

ထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ အောင်သူရိန်နှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် စစ်တွေမြို့ရှိ သဲချောင်းကျေးရွာ၊ ဇော်ပူဂျာကျေးရွာ၊ သက္ကေပြင်ကယ်ဆယ်ရေးစခန်းနှင့် အောင်မင်္ဂလာရပ်ကွက်တို့သို့ ကွင်းဆင်းပြီး ကျေးရွာများနှင့် ကယ်ဆယ်ရေးစခန်းရှိ ကလေးများအား မုန့်များပေးဝေခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးမည့် အစီအစဉ်အကြောင်းကို ကိုယ်ဝန်ဆောင် မိခင်များနှင့် ရွာသူရွာသားများအား ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီ အစဉ်အရ ပထမအကြိမ် ငွေကြေး ထောက်ပံ့မှုကို ၂၀၁၇ ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် အကျုံးဝင်ခဲ့သော အကျိုးခံစားခွင့်ရှိသူများအတွက်ဖြစ်ပြီး စစ်တွေမြို့နယ်၌ အကျိုးခံစားခွင့်ရှိသူ ၈၀၇၆ ဦးရှိကြောင်း သတင်းရရှိသည်။ **သူရဇော်(သတင်းစဉ်)**

# မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် စည်ပင်သာယာရေးဦးစီးဌာနတို့ ပူးပေါင်းမှုဖြင့် မောင်းသူမဲ့ လေယာဉ်အသုံးပြုကာ မိတ္ထီလာမြို့နယ်နိမိတ်အား မြေပုံထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်

**မိတ္ထီလာ မတ် ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့၌ မတ် ၃ ရက် နံနက် ၉ နာရီခန့်တွင် မိတ္ထီလာမြို့နယ် စည်ပင်သာယာနယ်နိမိတ်အား စည်ပင်သာယာရေးဦးစီးဌာန၏ ပထမဆုံး "မောင်းသူမဲ့လေယာဉ်ပျံဖြင့် မြေပုံထုတ်လုပ်ခြင်းလုပ်ငန်း"ကို မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ဝင်းအတွင်း ဆောင်ရွက်ခဲ့သည်။



မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မောင်းသူမဲ့ လေယာဉ်သုတေသနဌာန ဌာနမှူး ဒေါက်တာသဲမောင်မောင်နှင့် မိတ္ထီလာမြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်နီလာဝင်း၊ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေး ဦးစီးဌာန အမှုဆောင်အရာရှိ ဦးသန့်ဇင်၊ ကော်မတီဝင်များဖြစ်သည့် ဦးကျော်အေး၊ ဦးတင်သန်း၊ ဦးအောင်ကြိုင်တို့ပါဝင်သော စည်ပင်သာယာရေးဝန်ထမ်းများ ပူးပေါင်း၍ မိတ္ထီလာမြို့စည်ပင်သာယာရေး နယ်နိမိတ်အား မောင်းသူမဲ့ လေယာဉ်ပျံဖြင့် မိတ္ထီလာမြို့ မြေပုံထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၁၇ ခုနှစ် ဩဂုတ် ၁၁ ရက်က ပညာရေးဌာနဝန်ကြီးရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်ခဲ့တာပါ၊ အဓိကကတော့ စနစ်ကျတဲ့ ရေဆိုးထုတ်စနစ်ဖြစ်ပေါ်လာရေး အတွက် ကွန်ဒိုလိုင်း ပါဝင်တဲ့ မြေပုံထုတ်လုပ်နိုင်ဖို့၊ ပြီးတော့ မြို့ပေါ်မှာရှိတဲ့ လမ်းတံတားတွေရဲ့နောက်ဆုံးအခြေအနေကို မှတ်တမ်းတင်ထားရှိနိုင်ဖို့နဲ့ လိုအပ်သလိုတိုးချဲ့ပြင်ဆင်နိုင်ဖို့ကို ရည်ရွယ်ပြီး လုပ်ဆောင်တာပါ၊ ပြီးခဲ့တဲ့ သုံးလအတွင်း အကြိမ် ၂၀ ကျော် ပျံသန်းလုပ်ဆောင်နိုင်ခဲ့ပါတယ်"ဟု မိတ္ထီလာမြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဒေါ်နီလာဝင်းက ပြောသည်။

"မောင်းသူမဲ့ လေယာဉ်ပျံနဲ့ မိတ္ထီလာမြို့မြေပုံထုတ်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်တာပါ၊ လုပ်ဆောင်ရတဲ့ ရည်ရွယ်ချက်က ပစ္စည်းခွန်၊ အဆောက်အအုံ ဆောက်လုပ်ခြင်းစစ်ဆေးခ၊ စားသောက်ဆိုင်လုပ်ငန်းတွေ လိုင်စင်ခစတာတို့ ကောက်ခံရာမှာ အချက်အလက်တိတိကျကျရရှိစေဖို့နဲ့ မိတ္ထီလာမြို့ မြို့ပေါ်ရေပေးဝေရေး လုပ်ငန်းတွေ၊ ရေပိုက်လိုင်းတွေ၊ ရေလှောင်ကန်တွေ၊ ရေစက်ရုံတွေ၊ ရေစင်များရဲ့ တည်နေရာကို တိတိကျကျသိရှိနိုင်ဖို့နဲ့ ရေပေးရေး လုပ်ငန်းတွေကို ထိရောက်စွာ အထောက်အကူပြုနိုင်ဖို့ ရည်ရွယ်ပြီး လုပ်ဆောင်တာဖြစ်ပါတယ်" ဟု မိတ္ထီလာမြို့ စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးသန့်ဇင်က ပြောသည်။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေး ဦးစီးဌာန၏ မိတ္ထီလာမြို့ နယ်နိမိတ်အား မောင်းသူမဲ့လေယာဉ်ပျံဖြင့် မြေပုံထုတ်လုပ်ခြင်းကြောင့် မိတ္ထီလာမြို့၏ နယ်နိမိတ်အား တိကျစွာသိရှိနိုင်ပြီး ကျန်အစိုးရဌာနများအတွက် များစွာ အထောက်အကူ ဖြစ်စေနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် စည်ပင်သာယာရေးဦးစီးဌာနတို့ ပူးပေါင်း၍ စည်ပင်သာယာရေးဦးစီးဌာန၏ မောင်းသူမဲ့ လေယာဉ်ပျံဖြင့် မြေပုံထုတ်လုပ်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံတွင် မိတ္ထီလာမြို့၌ ပထမဦးဆုံး လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# သစ်ကြီးတောကျေးရွာ မီးလောင်ပြင် ရှင်းလင်းရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ရဲတပ်ဖွဲ့နှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်

**ရေစကြို မတ် ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုး၊ ရေစကြို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဖေ၊ ရေစကြိုမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး အောင်ချိုဦး၊ ပခန်းကြီးနယ်မြေစခန်းမှူး ရဲအုပ်အောင်နိုင်ထွေးတို့ ဦးစီးအင်အား ၁၀၀ ခန့်ရှိ ရဲတပ်ဖွဲ့ဝင်များသည် မတ် ၃ ရက် ည ၈ နာရီခွဲခန့်က မီးလောင်ခဲ့သော သစ်ကြီးတောကျေးရွာ မီးလောင်ပြင်တွင် မတ် ၄ ရက် နံနက် ၅ နာရီမှ ညနေ ၆ နာရီ အထိ မီးလောင်ပြင် ရှင်းလင်းရေးလုပ်ငန်းများ၊ ယာယီမီးဘေးကယ်ဆယ်ရေးစခန်းများတွင် မီးဘေးဒုက္ခသည်များအား နေရာချထားပေးခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပြည်သူများနှင့်အတူ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ကြီးတောကျေးရွာတွင် အိမ်ခြေ ၆၇၄ လုံးရှိပြီး မီးလောင်မှုကြောင့် အိမ်ခြေ ၁၆၇ လုံးနှင့် စပါး၊ ပဲတီစိမ်း၊ ကုလားပဲ၊ နှမ်းသီးနှံများနှင့် ဝက်နှစ်ကောင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ဆုံးရှုံးသွားသည့် သီးနှံများ ပျက်စီးဆုံးရှုံးမှု တန်ဖိုးများကို သက်ဆိုင်ရာဌာနများက စာရင်းများ ကောက်ယူနေဆဲဖြစ်ကြောင်း သိရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**



# ၁၀၅ မိုင်တွင် မော်တော်ယာဉ်တစ်စီး တိုးဂိတ်ကို ဝင်တိုက်ရာမှ ယာဉ်ပေါ်တွင် တင်ဆောင်ထားသော တရားမဝင် တရုတ်နိုင်ငံလုပ် ကြက်ခြေထောက်ထုပ်များ ဖမ်းဆီးရမိ

**မူဆယ် မတ် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်တွင် မတ် ၄ ရက်ညနေ ၆ နာရီခန့်က မော်တော်ယာဉ်တစ်စီးအိုရီယမ်တယ်ဟိုက်ဝေး တိုးဂိတ်အား ဝင်ရောက်တိုက်မိခဲ့ရာမှ ယာဉ်ပေါ်တွင် တရားမဝင်တင်ဆောင်ထားသော တရုတ်နိုင်ငံလုပ်ကြက်ခြေထောက်ထုပ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၄ ရက်တွင် ယာဉ်အမှတ် YGN/5D/---- လိုင်စင်စိစစ်ဆဲတိုယိုတာယာဉ်သည် မူဆယ်ဘက်မှ တရုတ်နိုင်ငံလုပ် အေးခဲကြက်ခြေထောက်ထုပ်များ တင်ဆောင်ပြီး လားရှိုးဘက်သို့ ထွက်ခွာလာစဉ် ၁၀၅ မိုင် ယာဉ်ငယ်စစ်ဆေးရေးဂိတ်တွင် ဂိတ်ပတ်မယူဘဲ မောင်းနှင်သွားသောကြောင့် ယာဉ်ငယ်ဂိတ်မှ တာဝန်ရှိသူများက မသင်္ကာသဖြင့် နောက်မှ လိုက်လံဖမ်းဆီးခဲ့ရာ အဆိုပါယာဉ်သည် လားရှိုးမောင်းတံကို ဖြတ်ကျော်ပြီး အိုရီယမ်တယ်ဟိုက်ဝေးတိုးဂိတ်အရောက် ပုံမှန်သွားလာနေသော ယာဉ်ကြောတွင် ခရီးသွားကားများ တန်းစီရပ်တန့်ပြီး ဂိတ်ကြေးပေးဆောင်နေစဉ် ယင်းယာဉ်မှ ဆိုင်ကယ်သွားလမ်းသို့ ဖြတ်ကွေ့ပြီး မောင်းနှင်ထွက်ပြေးရန် ကြိုးစားခဲ့သော်လည်း အရှိန်မထိန်းနိုင်သောကြောင့် တိုးဂိတ်အဝင်ဝ အုတ်နံရံဘေးများကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်တိုက်မိခဲ့စဉ် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရပြီး အခင်းဖြစ်ပွားရာနေရာသို့ နယ်မြေခံတပ်မတော်သားများ၊ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ အကောက်ခွန်မှူး နေလင်းဦးဆောင်သောအကောက်ခွန်အဖွဲ့များ၊ နယ်မြေခံရဲကင်းမှ ရဲအုပ်နေကျော်ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းအဖွဲ့များ ရောက်ရှိလာပြီး ကြည့်ရှုစစ်ဆေးသည့်အခါ ယာဉ်မောင်းထွက်ပြေးသွားကြောင်းနှင့် ယာဉ်တိုက်မှုကြောင့် တိုးဂိတ်အဝင် အုတ်နံရံဘေးများ ကျိုးကြေသွားခြင်းနှင့်အတူ ယာဉ်ခေါင်းပိုင်းဘယ်ဘက်ခြမ်း ပျက်စီးသွားခြင်း၊ ယာဉ်ပေါ်တွင် တရားမဝင်တင်ဆောင်ထားသော တရုတ်နိုင်ငံလုပ် အေးခဲကြက်ခြေထောက်ထုပ်များနှင့် ယာဉ်နံပါတ်ပြားအတုများ စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါတရားမဝင် တရုတ်နိုင်ငံလုပ် အေးခဲကြက်ခြေထောက်ထုပ်များ တင်ဆောင်မောင်းနှင်ထွက်ပြေးခဲ့ပြီး တိုးဂိတ်ကို ဝင်ရောက်တိုက်မိခဲ့ရာမှ ဖမ်းဆီးရမိခဲ့သော ယာဉ်နှင့်ယာဉ်ပေါ်ပါပစ္စည်းများအား အကောက်ခွန်အဖွဲ့မှ ကုန်သွယ်ရေးဇုန်တွင် ယာယီထိန်းသိမ်းထားကာ မတ် ၅ ရက်တွင် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူများက ဆက်လက်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန့်ဇင်(မူဆယ်)**



တိုးဂိတ်အား တိုက်မိသည့် မော်တော်ယာဉ်နှင့် ယာဉ်ပေါ်၌ ပါရှိသည့် တရားမဝင် တရုတ်နိုင်ငံလုပ် ကြက်ခြေထောက်ထုပ်များ

# တစ်ဖက်နိုင်ငံ၌ အလုပ်ရမည်ဟု သွေးဆောင်ခံရသူများအား အချိန်မီတားဆီးနိုင်ခဲ့

**တောင်ကုတ် မတ် ၄**

ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ်တွင် တရုတ်နိုင်ငံ၌ အလုပ်အကိုင်ရရှိမည်ဟု သွေးဆောင်စည်းရုံးခေါ်ဆောင်ခံရသူ ၃၃ ဦးနှင့် ပြစ်မှုကျူးလွန်သူများကို မတ် ၃ ရက် ည ၈ နာရီတွင် တောင်ကုတ်မြို့အထွက် စေတီကွင်းကျေးရွာ၌ ဌာနဆိုင်ရာများက အချိန်မီတားဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ကုတ်မြို့နယ် လမူးမော်ကျေးရွာ၊ ကျော်ကိုင်းကျေးရွာ၊ ကျောက်ဝေကျေးရွာတို့မှ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၃၃ ဦးတို့ကို နေမျိုးအောင်နှင့် မောင်ကျန်လှ(ခ)မျိုးမင်းတို့က တရုတ်နိုင်ငံတွင် အလုပ်အကိုင်ရရှိမည်ဟု စည်းရုံး၍ မာန်သစ္စာယာဉ်လိုင်းဖြင့် သွေးဆောင်ခေါ်ယူလာခြင်းအပေါ် သတင်းပေးချက်အရ စခန်းမှူး ဒုရဲမှူး ချစ်ဝေနှင့်ဌာနဆိုင်ရာများက ပူးပေါင်းဖမ်းဆီးနိုင်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ခေါ်ဆောင်လာသူ မယုယုလွင်ပါ ၃၃ ဦးအား စစ်ဆေးပေါ်ပေါက်ချက်အရ တစ်ဖက်နိုင်ငံသို့ အလုပ်အကိုင်ရှာဖွေပေးမည်ဟု သွေးဆောင်ခေါ်ယူသူ နေမျိုးအောင်နှင့် မောင်ကျန်လှ(ခ)မျိုးမင်းတို့ကို တောင်ကုတ်ရဲစခန်းက အမှုဖွင့်ထားရှိပြီး သွေးဆောင်ခံရသူ ၃၃ ဦးတို့ကို မိဘများထံ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



# ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ စစ်ဆေးမှုဖြင့် စားသောက်ကုန်နှင့်လူသုံးကုန်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၆၉ စီး၊ သွင်းကုန် အစီး ၉၈၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၄ စီး၊ သွင်းကုန် အစီး ၁၀၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၃ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃ ဒသမ ၄ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၃၀၇ သန်းခန့် စုစုပေါင်းတားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၈ ဒသမ ၇၀၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၃ ရက်တွင် မန္တလေးမြို့သို့ သွားရောက်မည့် Canter ခြောက်ဘီးယာဉ်သုံးစီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းစုစုပေါင်း ၂၃ မျိုးနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆ ဒသမ ၅၉၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တာချီလိတ်၌ လျှပ်စစ်ရေနွေးအိုးမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားရာ တစ်ဦးဒဏ်ရာရရှိ

**တာချီလိတ် မတ် ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ကျောက်စိမ်းလမ်းရှိ တက်တိုးကုန်စုံဆိုင်၌ မတ် ၄ ရက် နံနက် ၉ နာရီခန့်က မီးလောင်မှုဖြစ်ပွားရာ အမျိုးသားတစ်ဦး မီးလောင်ဒဏ်ရာများ ရရှိခဲ့သည်။

မတ် ၄ ရက် နံနက် ၉ နာရီခန့်က တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက် ကျောက်စိမ်းလမ်း အိမ်အမှတ် (၃/၃၇) တက်တိုးကုန်စုံဆိုင်ပိုင်ရှင် ဦးစိုင်းလုံ (၆၅ နှစ်)သည် နေအိမ်ဈေးဆိုင်တွင် လျှပ်စစ်ရေနွေးအိုးတည်ရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ တာချီလိတ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနှ၊ မြို့မစခန်းမှူး ဒုရဲမှူးမျိုးခိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ တာချီလိတ်ခရိုင် မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်တို့မှ မီးသတ်ယာဉ်ငါးစီး၊ လူနာတင်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ်ပိုင်ရှင် ဦးစိုင်းလုံ (၆၅ နှစ်)တွင် မီးလောင်ဒဏ်ရာ (စိုးရိမ်ရ) ရရှိခဲ့သဖြင့် တာချီလိတ်ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်ငါးလုံး မီးလောင်ဆုံးရှုံး

**နတ်တလင်း မတ် ၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့ မြောက်ပိုင်းရပ်ကွက် လယ်ပြင်လမ်းတွင် မတ် ၃ ရက် ည ၈ နာရီခွဲက ဦးစိုးနိုင် (၄၈ နှစ်)၏ နေအိမ်မီးဖို မီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်းရာ နေအိမ်ငါးလုံး မီးလောင်ဆုံးရှုံးသွားခဲ့သည်။

မီးလောင်ရာသို့ တာပွန်နယ်မြေ မီးသတ်စခန်းဒုဦးစီးမှူး ဦးကိုကိုမောင်နှင့်သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးသက်ချိုဦးနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိပြီး ဝိုင်းဝန်းငြိမ်းသတ်ကြရာ ည ၉ နာရီတွင် မီးငြိမ်းသွားကြောင်း၊ အခင်းဖြစ်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းနိုင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ရောက်ရှိလာပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ မီးလောင်ရာသို့ မီးသတ်ကားရှစ်စီးနှင့် အုပ်ချုပ်မှုယာဉ်နှစ်စီးဖြင့် ငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု မရှိကြောင်းနှင့် တာပွန်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ဘက်ထရီအိုး အားသွင်းရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်



**ပဲခူး မတ် ၄**

ပဲခူးမြို့နယ် ကင်းချောင်းကျေးရွာတွင် မတ် ၃ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ကင်းချောင်းကျေးရွာနေ ကျော်မျိုးဦး(၄၂ နှစ်)၏ နေအိမ်မှ ဆိုလာပြားဖြင့် ဘက်ထရီအိုးကို မီးအားသွင်းခဲ့ပြီး နာရေးအိမ်သို့ သွားရောက်နေစဉ် ဘက်ထရီအိုး အပူလွန်ကဲရာမှ မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးမှူး ဦးကိုကိုဌေးနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်မီးငြိမ်းသတ်ရာ ညနေ ၄ နာရီ မိနစ် ၃၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ပဲခူးမြို့ အမှတ်-၂ ရဲစခန်းမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြို့ပတ်ရထားလမ်းဘေးတွင် သက်ငယ်မုဒိမ်းမှု ကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် မတ် ၄

**ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပန်းလှိုင်ဘူတာနှင့် ကြည့်မြင်တိုင်ဘူတာကြား မြို့ပတ်ရထားလမ်းဘေးတွင် လေးနှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို သားမယားအဖြစ်ပြုကျင့်သူအား တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂ ရက် ည ၈ နာရီခန့်က ပန်းလှိုင်ဘူတာတွင် ကျပန်းလုပ်ကိုင်နေသူ မ - - - - သည် ဟုန်းလမ်းဘူတာရပ်ကွက် ပန်းလှိုင်ဘူတာခုံတံတားအောက်စကြံတွင် ၎င်း၏ သားသမီးသုံးဦးအား အိပ်ရာဝင်စေခဲ့ပြီး ၎င်းနှင့်ခင်ပွန်းဖြစ်သူမှာ အပြင်သို့သွားရောက်ရာမှ ဖေဖော်ဝါရီ ၃ ရက် နံနက် ၃ နာရီက ပြန်လာခဲ့ရာ သမီးဖြစ်သူ လေးနှစ်အရွယ်ရှိ မ - - - - မှာ ပျောက်ဆုံးနေသည်ကို တွေ့ရသဖြင့် လိုက်လံရှာဖွေရာ ကြည့်မြင်တိုင်ဘူတာဘက်မှ ပန်းလှိုင်ဘူတာဘက်သို့ သံလမ်းအတိုင်း မိန်းကလေးငယ်တစ်ဦးမှာ ဒဏ်ရာများဖြင့်လမ်းလျှောက်လာသည်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ကတွေ့ရှိ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ထားကြောင်း သိရသဖြင့် ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုရာ သမီးဖြစ်သူ မ- - - - မှာ ဦးခေါင်းတွင် ဒဏ်ရာရရှိသည့်အပြင် မိန်းမကိုယ်တွင်လည်း သွေးထွက်ဒဏ်ရာများ တွေ့ရှိရကြောင်း၊ အမျိုးသားတစ်ဦးက ၎င်း၏ သမီးဖြစ်သူအား သားမယားအဖြစ် ပြုကျင့်ထားကြောင်းသိရ၍ စမ်းချောင်းမြို့မရဲစခန်းသို့ တိုင်တန်းခဲ့ကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူအားဖမ်းဆီးရမိရေးအတွက် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် စမ်းချောင်းမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက စဉ်ဆက်မပြတ် သတင်းစုံစမ်းထောက်လှမ်းခဲ့ရာ ကိုကိုနိုင်(ခ)ကိုနိုင်(ခ)နိုင်ကြီးဆိုသူအား မသင်္ကာကြောင်းစုံစမ်းသိရှိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ မတ် ၂ ရက် ညနေ ၃ နာရီခွဲခန့်တွင် ပန်းဘဲတန်းမြို့နယ် ဘုရားလမ်းဘူတာတွင် ကိုကိုနိုင်(ခ) ကိုနိုင်(ခ) နိုင်ကြီးအား ဖမ်းဆီးရမိပြီး ၎င်းထံမှ ကာမအားတိုးဆေးများလည်း သိမ်းဆည်းရမိကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ကိုကိုနိုင်(ခ)ကိုနိုင်(ခ)နိုင်ကြီး (၄၈နှစ်)**(ဝဲပုံ)**အား စစ်ဆေးရာ အထက်ပါဖြစ်စဉ်ကို ကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်ဟု သိရသည်။

ပြစ်မှုကျူးလွန်သူမှာ ၂၀၀၉ ခုနှစ်က ကြည့်မြင်တိုင် မီးရထားဘူတာရုံတွင် အရက်မူးဆဲဆိုခဲ့သဖြင့် ရန်ကုန် ရဲအက်ဥပဒေပုဒ်မ ၄၁ ဖြင့် ထောင်ခုနစ်ရက်ကျဖူးကြောင်း၊ ၂၀၀၁ ခုနှစ်တွင် လှည်းကူးမြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၂၄ နှင့် လက်နက်များအက်ဥပဒေပုဒ်မ ၁၉ (င) ဖြင့် ထောင်ဒဏ်တစ်နှစ် ကျခံဖူးသူတစ်ဦးဖြစ်ကြောင်းသိရပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူအား ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တစ်နေရာတည်း ကားသုံးစီးတိုက်မှု ခုနစ်ဦး သေဆုံးပြီး၊ နောက်တစ်ကြိမ်ထပ်တိုက်မှုဖြစ်ပွား

**ဓနုဖြူ မတ် ၄**



ဓနုဖြူမြို့နယ် ညောင်ချောင်းအုပ်စု တလိုင်းစုကျေးရွာတွင် တစ်နေရာတည်း ယာဉ်တိုက်မှုနှစ်ကြိမ်ဖြစ်ပွားကာ ပထမအကြိမ်ယာဉ်တိုက်မှုတွင် ကားသုံးစီးတိုက်မှုဖြစ်ပွားသဖြင့် အမျိုးသားငါးဦး၊ အမျိုးသမီးနှစ်ဦး သေဆုံးပြီး ကျန် ၁၂ ဦးမှာလည်း ဒဏ်ရာများ အသီးသီးရရှိကြကာ ဒုတိယအကြိမ်တွင်လည်း ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် ယာဉ်မောင်း ကျော်စိုးခိုင်ထွန်း မြန်အောင်မြို့နယ် ပြည်တော်သာကျေးရွာနေ မောင်းနှင်ပြီး ဦးပဥ္စင်းတစ်ပါး၊ ကိုရင်တစ်ပါးနှင့် ဦးညွန့်လွင်တို့လိုက်ပါလာသောယာဉ်သည် သတ်မှတ်အချက်ပြမီးများထွန်း၍ ရပ်ထားသော ကုန်တင်ယာဉ်၏ ဝဲဘက်အခြမ်းကို ဝင်ရောက်တိုက်မိကာ လမ်းမပေါ်သို့ ရောက်ရှိသွားပြီး မျက်နှာချင်းဆိုင်ဘက်မှလာသော ယာဉ်မောင်း ဇင်မင်းလတ်မောင်းနှင်သော ခရီးသည် ၁၆ ဦးပါယာဉ်နှင့် အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိပြီး အခင်းဖြစ်ပွားရာနေရာတွင် ယာဉ်မောင်း ကျော်စိုးခိုင်ထွန်း၊ ဦးဇင်းတစ်ပါး၊ ကိုရင်တစ်ပါး၊ ဦးညွန့်လွင်နှင့် တစ်ဖက်ယာဉ်မှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်း ခုနစ်ဦး သေဆုံးခဲ့ပြီး ကျန် ၁၂ ဦးမှာလည်း ဒဏ်ရာများရရှိခဲ့ကြသည်။

ယင်းနောက် မတ် ၄ ရက် နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် ထိုနေရာ၌ပင် ယာဉ်မောင်း ဇော်မင်းထက် လှိုင်သာယာမြို့နေ မောင်းနှင်ပြီး အောင်အောင်နှင့် မဇော်ဇောလင်းတို့ လိုက်ပါလာသော ယာဉ်သည် လက်ယာဘက်ဘေးတွင် သတ်မှတ်အချက်ပြမီးများထွန်း၍ ရပ်ထားသည့် ကုန်တင်ယာဉ်ကိုပင် ထပ်မံတိုက်မိသောကြောင့် (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့ကြသည်။

မော်တော်ယာဉ်အား မဆင်မခြင် အရှိန်ပြင်းစွာမောင်းနှင်သူ ကျော်စိုးခိုင်ထွန်းနှင့် ဇော်မင်းထက်တို့ကို ဓနုဖြူမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်သူဟိဏ်း(ပြန်/ဆက်)**

# ကြည့်မြင်တိုင်မြို့နယ်၌ သုံးရက်အတွင်း မူးယစ်ဆေးဝါးသယ်ဆောင်သူနှစ်ဦး ဖမ်းဆီးမိ

**ရန်ကုန် မတ် ၄**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်း၌ မတ် ၁ ရက်မှ ၃ ရက်နေ့အထိ သုံးရက်အတွင်း မူးယစ်ဆေးဝါး သယ်ဆောင်သူနှစ်ဦးကို ဖမ်းမိထားကြောင်း မြို့နယ်ရဲစခန်းမှ သိရသည်။

မတ် ၁ ရက် ည ၆ နာရီခန့်က ကြည့်မြင်တိုင်မြို့မရဲစခန်းမှ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ရဲအုပ်ဖြိုးဝေမင်းနှင့်အဖွဲ့သည် သတင်းအရ သီတာရပ်ကွက် သီတာလမ်းနှင့် အောက်ကြည့်မြင်တိုင်လမ်းမထောင့်တွင် စောင့်ဆိုင်းနေစဉ် ဈေးကလေးရပ်ကွက်နေ ဟိန်းရာဇာ(ခ)ရာဇာရောက်ရှိလာစဉ် စစ်ဆေးရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၄ ပြား၊ ငွေကျပ် ၁၈၀၀၀ နှင့်အတူ တွေ့ရှိရသဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့အတူ မတ် ၃ ရက် ည ၈နာရီ ၃၅ မိနစ်ခန့်က နယ်ထိန်းအဖွဲ့ခေါင်းဆောင် ရဲအုပ်ဖြိုးဝေမင်းနှင့်အဖွဲ့သည် သတင်းအရ မြို့နယ်အတွင်း ဈေးကြီးအနောက်ရပ်ကွက် ကမ်းနားလမ်း ညဈေးမှတ်တိုင်အနီး ဆိပ်ကမ်းသာပန်းခြံရှေ့တွင် စောင့်ဆိုင်းနေစဉ် ကြည့်မြင်တိုင်အလတ်ချောင်းရပ်ကွက်နေ ကျော်မင်း(ခ)ကုလားကြီး ရောက်ရှိလာ၍ စစ်ဆေးရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉ ပြားကို ရှာဖွေတွေ့ရှိခဲ့သဖြင့် တရားဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ရေမွှေး**



ကျော်မင်း(ခ)ကုလားကြီးနှင့် ဟိန်းရာဇာ(ခ)ရာဇာတို့ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# အမေရိကန်က ပိတ်ဆို့မှုများကို တိုးချဲ့လိုက်ခြင်းမှာ တရားမဝင်ကြောင်းကရင်မလင်ပြောကြား



**ကရင်မလင် မတ် ၄**

အမေရိကန်က ရုရှားအပေါ် အရေးယူပိတ်ဆို့မှုများတိုးချဲ့လိုက်ခြင်းမှာ တရားမဝင်ကြောင်းနှင့် အန္တရာယ်ရှိကြောင်း ကရင်မလင်နန်းတော်က ဝေဖန်ပြောကြားလိုက်ကြောင်း သိရသည်။

ရုရှားသည် ပိတ်ဆို့မှုများကို အစမပျိုးလိုကြောင်း၊ ပိတ်ဆို့မှုများသည် တရားမဝင်သည့်အပြင် ရုရှားနှင့်အမေရိကန် နှစ်နိုင်ငံလုံးမှပြည်သူများနှင့် တစ်ကမ္ဘာလုံးကိုနစ်နာစေသည့်အရာများဟု ယူဆကြောင်း ကရင်မလင်နန်းတော်ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီ ပက်စကော့ဗ်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ပြီးခဲ့သည့်သောကြာနေ့က ရုရှားအပေါ်ချမှတ်ထားသည့် ပိတ်ဆို့မှုများကို တစ်နှစ်ကျော်ကြာသည်အထိ ဆက်လက်ထိန်းထားရန်အတွက် အမိန့်ထုတ်ပြန်ချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက်တွင် ရုရှားက ထိုသို့ဝေဖန်ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၄ခုနှစ် ခရိုင်းမီးယားရွေးကောက်ပွဲနှင့် ယူကရိန်းအရှေ့ပိုင်းပဋိပက္ခများအပြီးတွင် ယခင်အမေရိကန်သမ္မတ ဘားရက်အိုဘားမားအစိုးရအဖွဲ့သည် ရုရှားအပေါ်ပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

ကြာသပတေးနေ့တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ကာကွယ်ရေးစနစ်မှန်သမျှကို ထိုးဖောက်နိုင်သည့် မဟာဗျူဟာလက်နက်သစ်အမြောက်အမြားကို ထုတ်ဖော်ပြသခဲ့ပြီး အမေရိကန်ပြည်တွင်းရေးရာဌာနက ရုရှားကို လက်နက်ထိန်းချုပ်ရေးသဘောတူညီချက်များကို ချိုးဖောက်နေသည်ဟု စွပ်စွဲပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အိမ်ဖြူတော်အပြင်ဘက်တွင် အမျိုးသားတစ်ဦး မိမိကိုယ်ကိုယ်သေနတ်ဖြင့် ပစ်ခတ်သေဆုံး

**ဝါရှင်တန် မတ် ၄**

အမေရိကန်၌ အိမ်ဖြူတော်ရှေ့တွင် မိမိကိုယ်ကိုယ်သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့် အမျိုးသားမှာ သေဆုံးသွားပြီဖြစ်ကြောင်း ဒေသရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

မည်သူမည်ဝါဖြစ်ကြောင်း အသေးစိတ်အချက်အလက်များ မသိရှိရသေးသည့် အဆိုပါ အမျိုးသားသည် သေနတ်ဖြင့် မိမိကိုယ်ကိုယ်ပစ်ခတ်ခဲ့ချိန်တွင် လူအုပ်ကြီးအတွင်း ရှိနေခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများ၏ ပြောပြချက်ကို ဝါရှင်တန်ပို့စ် သတင်းစာက ကိုးကားဖော်ပြခဲ့သည်။



လူမှုကွန်ရက်၌ ဖော်ပြခဲ့သည့် ဗီဒီယိုဖိုင်တွင် မြေပြင်ပေါ်၌ အချက်ပေးဥသြသံများကြားရပြီး အရေးပေါ်ယာဉ်များသည် အခင်းဖြစ်ပွားရာသို့ အမြန်ဆုံး ရောက်ရှိခဲ့သည်။

ထောက်လှမ်းရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ကက်သီမီလ်ဟုန်က အမျိုးသားသည် သေနတ်ထိမှန်ဒဏ်ရာတစ်ခုရရှိခဲ့ပြီး ထောက်လှမ်းရေးတာဝန်ရှိသူများ အနေဖြင့် သေနတ်တစ်ချက်မှ ပစ်ခတ်ခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

သေနတ်ပစ်ခတ်မှု ဖြစ်ပွားချိန်တွင် အိမ်ဖြူတော်၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ရှိမနေခဲ့ပေ။ ထရန့်သည် ယင်းအချိန်တွင် ဖလော်ရီဒါပြည်နယ်ရှိ West Palm ကမ်းခြေ၌ ရှိနေခဲ့သည်။ သေနတ်ပစ်ခတ်မှုသည် ညနေခင်းမတိုင်မီတွင်ဖြစ်ပွားခဲ့သည်။

သေနတ်ပစ်ခတ်မှုနှင့် ပတ်သက်၍ သတိထားစောင့်ကြည့်မှုများ လုပ်ဆောင်လျက်ရှိကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဘိုကိုဟာရမ်တို့၏တိုက်ခိုက်မှုဟု ယူဆရပြီးနောက် နိုင်ဂျီးရီးယားရှိ အကူအညီပေးလုပ်ငန်းများ ကုလသမဂ္ဂရပ်နား

**ဂျီနီဗာ မတ် ၄**

ဘိုကိုဟာရမ် စစ်သွေးကြွများလက်ချက်ဟု ယူဆရသည့် တိုက်ခိုက်မှုတစ်ခုပေါ်ပေါက်လာပြီးနောက် ကုလသမဂ္ဂနှင့် နယ်စည်းမထားဆရာဝန်များ နိုင်ငံတကာအကူအညီပေးအဖွဲ့အစည်းသည် နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းရှိ အကူအညီပေးလုပ်ငန်းဆောင်ရွက်မှုကို ရပ်နားလိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့် ကြာသပတေးနေ့က ဘော်နိုပြည်နယ်ရှိ စစ်တန်းလျားတစ်ခုကို တိုက်ခိုက်ခဲ့မှုကြောင့် ကုလသမဂ္ဂအကူအညီပေးလုပ်သား သုံးဦးနှင့် နိုင်ဂျီးရီးယားလုံခြုံရေးအစောင့်တပ်ဖွဲ့ဝင် ရှစ်ဦးတို့ သေဆုံးသွားခဲ့သည်။

နောက်ထပ်ကုလသမဂ္ဂလုပ်သား သုံးဦးမှာပျောက်ဆုံးနေပြီး ပြန်ပေးဆွဲသွားခြင်းဖြစ်နိုင်ကြောင်း ဖော်ပြခဲ့သည်။ အကူအညီပေးလုပ်သားများသည် အစိုးရအင်အားစုများနှင့် ဘိုကိုဟာရမ်စစ်သွေးကြွများအကြား ဖြစ်ပွားသည့် တိုက်ပွဲများမှ ထွက်ပြေးလာသည့် လူပေါင်း ၅၅၀၀၀ ခန့်တို့နေထိုင်သည့် စခန်း၌ အကူအညီပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

သို့သော် ကုလသမဂ္ဂနှင့် နယ်စည်းမထားဆရာဝန်များက ၎င်းတို့၏ဝန်ထမ်းများကို ကယ်ဆယ်ရွှေ့ပြောင်းခဲ့ပြီး အကူအညီပေးလုပ်ငန်းဆောင်ရွက်မှုကို ရပ်ဆိုင်းထားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းတွင် ပြီးခဲ့သည့်လက အသက် ၁၁ နှစ်မှ ၁၉ နှစ်အတွင်းရှိသည့် ကျောင်းနေမိန်းကလေး ၁၀၀ ထက်မနည်းကို ဘိုကိုဟာရမ်စစ်သွေးကြွများက ပြန်ပေးဆွဲသွားခဲ့သည်။

ပြီးခဲ့သည့်နှစ် ဇန်နဝါရီလတွင်လည်း အစိုးရအဖွဲ့၏ လေယာဉ်များဖြင့် မှားယွင်းဗုံးကြဲခဲ့မှုကြောင့် ဒေသဆိုင်ရာကြက်ခြေနီလုပ်သား ခြောက်ဦးအပါအဝင် အယောက် ၅၀ ထက် မနည်းသေဆုံးခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်အထက်လွှတ်တော်အမတ် ၅၂ နေရာအတွက် ဆီးနိတ်လွှတ်တော်ရွေးကောက်ပွဲ ကျင်းပ

**အစ္စလမ္မာဘတ် မတ် ၄**

အကူးအပြောင်းကာလ ဖြစ်စဉ်ခိုင်မာသေချာစေရန်အတွက် တင်းကျပ်သည့် စီမံထိန်းချုပ်ဆောင်ရွက်မှုများ လုပ်ဆောင်နေသည့်အချိန်တွင် ပါကစ္စတန်သည် ဆီးနိတ်လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်ကို စနေနေ့က ကျင်းပခဲ့ပြီး လာမည့်ခြောက်နှစ်အတွက် အထက်လွှတ်တော်အဖွဲ့ဝင် ၅၂ ဦးကို ရွေးချယ်တင်မြှောက်သွားမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ပြောကြားခဲ့သည်။

ပါကစ္စတန် ရွေးကောက်ပွဲကော်မရှင်ထံမှ ဖော်ပြချက်အရ အမျိုးသား ၁၁၀ ဦးနှင့် အမျိုးသမီး ၂၅ ဦးတို့ပါဝင်သည့် ကိုယ်စားလှယ်လောင်း ၁၃၅ ဦးထက်မနည်းသည် နိုင်ငံအတွင်းရှိ ပြည်နယ်အသီးသီးတို့မှ ဆီးနိတ်လွှတ်တော်အမတ်နေရာ ၅၂ နေရာအတွက် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ကိုယ်စားလှယ်လောင်း အယောက် ၂၀ တို့သည် အရှေ့ပန်ဂျပ်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်နေရာ ၁၂ခုတို့အတွက်လည်းကောင်း၊ တောင်ပိုင်း ဆင်းဒ်ပြည်နယ် ၁၂ နေရာအတွက် ကိုယ်စားလှယ်လောင်း ၃၃ ဦးကလည်းကောင်း၊ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်ထွန်ခွာပြည်နယ်မှ ၁၁ နေရာအတွက် ကိုယ်စားလှယ်လောင်း ၂၇ ဦးတို့ကလည်းကောင်း၊ ဘာလိုချီစတန်ပြည်နယ်အနောက်တောင်ပိုင်းမှ ၁၁ နေရာအတွက် ၂၅ ဦးက လည်းကောင်း၊ ဖာတာမှ လေးနေရာအတွက် ၂၄ ဦးကလည်းကောင်း၊ အစ္စလမ္မာဘတ်ရှိ နှစ်နေရာအတွက် ခြောက်ဦးတို့ကလည်းကောင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။



အခြားသော ယှဉ်ပြိုင်သူများကို အခွင့်အရေးပေးသည့် အနေဖြင့် ကိုယ်စားလှယ်လောင်း လေးဦးကို ရွေးကောက်ပွဲမှ ဖယ်ထုတ်လိုက်ပြီးနောက်တွင် ယခုအခါ ကိုယ်စားလှယ်လောင်း ၁၃၁ ဦးတို့ ယှဉ်ပြိုင်နေကြောင်း ဒေသ သတင်းရင်းမြစ်အချို့တွင် ဖော်ပြကြသည်။

ခြောက်နှစ်ပြည့် တာဝန်ထမ်းဆောင်မှုအပြီးတွင် ပါလီမန်အထက်လွှတ်တော်၏ ဆီးနိတ်လွှတ်တော်အမတ်နေရာ ၁၀၄ ခုမှ ၅၂ ဦးတို့ကို အစားထိုးခန့်အပ်ရန်အတွက် ရွေးကောက်ပွဲများကို ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဗဟိုမီချီဂန်တက္ကသိုလ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

**ချီကာဂို မတ် ၄**

အမေရိကန်နိုင်ငံ မောင့်ပလဲဆန့်မြို့ရှိ ဗဟိုမီချီဂန်တက္ကသိုလ်၏ အဆောင်တစ်ခုတွင် ယမန်နေ့က သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူနှစ်ဦး သေဆုံးခဲ့ကြောင်း ဒက်ထရိုက်ဖရီးပရက်စ် သတင်းဌာနက ဖော်ပြခဲ့သည်။ ဗဟိုမီချီဂန်တက္ကသိုလ်သည် အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဒက်ထရိုက်မြို့အနောက်မြောက်ဘက် ၁၅၅ မိုင်အကွာခန့်တွင် တည်ရှိပြီး ကျောင်းသားပေါင်း ၂၃၀၀၀ ခန့် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

လူနှစ်ဦးသေဆုံးခဲ့သော သေနတ်ပစ်ခတ်မှုကို ရဲတပ်ဖွဲ့က အတည်ပြုခဲ့သော်လည်း သေနတ်ပစ်ခတ်သူမှာ လွတ်မြောက်နေဆဲဖြစ်ကြောင်း သေဆုံးသူများမှာ တက္ကသိုလ်ကျောင်းသားများ မဟုတ်ကြောင်း ပြောခဲ့သည်။

သေနတ်ပစ်ခတ်မှု ဖြစ်စဉ်သည် အိမ်တွင်းပြဿနာတစ်ခုမှ စတင်ခဲ့ခြင်း ဖြစ်နိုင်သည်ဟု ရဲတပ်ဖွဲ့က ထင်မြင်ယူဆကြောင်း လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင် ဖော်ပြခဲ့သည်။ သေနတ်ပစ်ခတ်မှုသည် ကမ့်ဘဲလ်ခန်းမ လေးလွှာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ရာ စာသင်ချိန်ကို ရပ်ဆိုင်းခဲ့ရပြီး ကျောင်းသားများအား ဘေးကင်းရာ၌ နေထိုင်ရန် သတိပေးခဲ့ရကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုကို ကျူးလွန်သူမှာ အသက် ၁၉ နှစ်အရွယ် လူမည်းအမျိုးသား တစ်ဦးဖြစ်ကြောင်း၊ ၎င်းသည် လက်နက်ကိုင်ဆောင်ထားပြီး အန္တရာယ်ရှိသူတစ်ဦး ဖြစ်ကြောင်း တွစ်တာအကောင့်တွင် ဆက်လက်ဖော်ပြခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များကလည်း တရားခံအား ဖမ်းဆီးနိုင်ရေး အပူတပြင်း ဆောင်ရွက်နေကြောင်း မီချီဂန်ရဲတပ်ဖွဲ့က ပြောခဲ့သည်။

ဆင်ဟွာ

### အမေရိကန် အရှေ့ကမ်းရိုးတန်းတစ်လျှောက် ရာသီဥတုဆိုးရွားသဖြင့် ရေဘေးအန္တရာယ်စိုးရိမ်နေ

**ဝါရှင်တန် မတ် ၄**

လေပြင်းမုန်တိုင်းများ၊ မိုးသည်းထန်စွာ ရွာသွန်းမှုများ၊ လှိုင်းကြီးမှုများ၊ ဆီးနှင်းသည်းထန်စွာကျဆင်းမှုများ အမေရိကန် အရှေ့ကမ်းရိုးတန်းတစ်လျှောက် ဖြစ်ပွားခဲ့ပြီးနောက် ထောင်ချီသော လေကြောင်းလိုင်းများ ဖျက်သိမ်းခဲ့ရပြီး ဝါရှင်တန်ဒီစီ၏ ဒေသများတွင်လည်း မီးများပြတ်တောက်ခဲ့ရာ ၂၂ သန်းကျော်သော ဒေသခံများအား ရေဘေးအန္တရာယ်သတိပေးမှုများ ပြုလုပ်ခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကမ်းရိုးတန်းနေဒေသခံများအတွက် အသက်အန္တရာယ် စိုးရိမ်စရာကောင်းသော အခြေအနေဖြစ်ကြောင်း ဘော်စတွန်ရှိ အမျိုးသားရာသီဥတုစင်တာက လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင် ဖော်ပြခဲ့သည်။

ဆင်ဟွာ

# အကြမ်းဖက်နှိမ်နင်းရေးမှာ တားမြစ်ထားတဲ့ လက်နက်တွေကို အီဂျစ်တပ်ဖွဲ့ အသုံးပြုခဲ့သလား

**ဖြိုးစန္ဒီမွေး**




ဆိုင်းနိုင်းကျွန်းဆွယ်မှာ အီဂျစ်တွေဟာ အကြမ်းဖက်သမားတွေကို တန်ပြန်စစ်ဆင်ရေးတွေ ဆင်နွှဲနေတာ အားလုံးအသိပါပဲ။ အောင်မြင်မှုလည်းရရှိသလို နိုင်ငံတကာကလည်း အီဂျစ်နိုင်ငံရဲ့ လုပ်ဆောင်မှုကို အသိအမှတ်ပြုပါတယ်။

**တားမြစ်ထားတဲ့ လက်နက်ကို သုံးလေသလား**

ဒါပေမယ့် အခုပေါ်ပေါက်နေတဲ့ ပြဿနာကတော့ ဒီလိုမျိုးတန်ပြန်စစ်ဆင်ရေးတွေ ဆင်နွှဲတဲ့အခါ အီဂျစ်ဟာ မသုံးရဘူးလို့ ပိတ်ပင်ထားတဲ့ လက်နက်တွေကို အသုံးပြုခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေပါပဲ။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က စွပ်စွဲလိုက်တာပဲဖြစ်တယ်။ အီဂျစ်တပ်ဖွဲ့ဟာ အပြည်ပြည်ဆိုင်ရာက မသုံးရဘူးလို့ တားမြစ်ထားတဲ့ အမေရိကန်နိုင်ငံထုတ် လက်နက်တွေကို အသုံးပြုခဲ့တယ်။ ဆိုင်းနိုင်းကျွန်းဆွယ်မြောက်ပိုင်းမှာရှိတဲ့ အိုင်အက်စ်တွေကို နှိမ်နင်းဖို့ရာမှာ ရည်ရွယ်ပြီး အသုံးပြုခဲ့ခြင်းဖြစ်တယ်လို့ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က စွပ်စွဲလိုက်တာပဲ ဖြစ်တယ်။ တကယ်လို့ ဒီစွပ်စွဲမှုကသာ အတည်ဖြစ်မယ်ဆိုရင် တားမြစ်ချက်ကို ချိုးဖောက်ပြီး လက်နက်တွေ အသုံးပြုတာတင် မကပါဘူး အမေရိကန်က ထုတ်ထားတဲ့ ဥပဒေကိုပါ ချိုးဖောက်ရာလည်း ရောက်ပါတယ်။ ဖေဖော်ဝါရီလ ၂၁ ရက်က အီဂျစ်အစိုးရက ပြသထားလိုက်တဲ့ ဗီဒီယိုကိုကြည့်ပြီး ဝေဖန်ဆန်းစစ်ပြတာပဲ ဖြစ်တယ်။ အဲဒီဗီဒီယိုထဲမှာ အီဂျစ်တပ်ဖွဲ့ဟာ ဆိုင်းနိုင်းကျွန်းဆွယ်မြောက်ပိုင်းက စစ်သွေးကြွတွေကို အနိုင်ယူတိုက်ခိုက်နိုင်တာကို ပြသထားပြီး အဲဒီမှာ ပြသထားတဲ့ လက်နက်ဟာ လူတွေကို အသက်သေဆုံးခြင်း၊ အသက်မသေပါက ဒုက္ခိတဘဝနဲ့ တစ်သက်လုံးနေရအောင် ပြုလုပ်နိုင်တဲ့ လက်နက်ဖြစ်နေတာကို တွေ့ရပါတယ်။ ဒီဗီဒီယိုကို ကြည့်ရင် လူပေါင်းများစွာကို အသက်ဆုံးရှုံးဒဏ်ရာရအောင် ပြုလုပ်နိုင်တဲ့ဗုံးကို အီဂျစ်တပ်ဖွဲ့က အသုံးပြုနေတာ သေချာပါတယ်လို့ အဆိုပါအဖွဲ့က သတင်းထုတ်ပြန်ထားပါတယ်။ အဲဒီဗုံးကို တိုက်လေယာဉ်ပေါ်က ကြဲချနိုင်ပြီး အဲဒီဗုံးအသုံးပြုတဲ့အခါ မြေပြင်က လူပေါင်းများစွာဟာ သေကျေဒဏ်ရာ ရနိုင်ပါတယ်လို့ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သူ Raed Jarrar က ပြောပါတယ်။

**အရပ်သားသေဆုံးမှုနည်းအောင် သတိပြုလုပ်ဆောင်သွားမယ်**

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က အီဂျစ်တပ်ဖွဲ့ကို ဒီလိုမျိုး စွပ်စွဲမှုတွေ ပြုလုပ်ထားပေမယ့် အရေးယူဆောင်ရွက်မှုတွေတော့ မရှိပါဘူး။ အီဂျစ်ကာကွယ်ရေးဌာနကလည်း ဒီစွပ်စွဲမှုကို ဖြေရှင်းတာမျိုး မလုပ်သေးပါဘူး။ အမေရိကန်ဘက်ကလည်း ဒီအခြေအနေကို ဘာမှတုံ့ပြန်မှုမျိုး မရှိပါဘူး။ အီဂျစ်အစိုးရအနေနဲ့ အကြမ်းဖက်သမားတွေကို တန်ပြန်တိုက်စစ်ဆင်တဲ့အခါ အရပ်သားသေဆုံးမှု နည်းနိုင်သမျှနည်းအောင် သတိပြုသွားဖို့တော့ ဆက်လက်ပြီး အာရုံစိုက်သွားပါမယ်လို့ပြောကြားထားပါတယ်။ အခု အီဂျစ်တပ်ဖွဲ့က အသုံးပြုနေတယ်လို့ စွပ်စွဲထားတဲ့ဗုံးဟာ ပျက်စီးဆုံးရှုံးမှု အလွန်ကြီးပြီး အရပ်သားတွေကို ထိခိုက်စေနိုင်ပါတယ်။

**စာချုပ်မှာ လက်မှတ်ထိုးမထား**

ဒါပေမယ့် အီဂျစ်နိုင်ငံဘက်ကကြည့်ရင်လည်း သူဟာ အခြားသော အရှေ့အလယ်ပိုင်းဒေသက နိုင်ငံတွေလိုပဲ ကလတ်စတာဗုံးကို မသုံးပါဘူးလို့ စာချုပ်မှာ လက်မှတ်ထိုးထားခြင်း မရှိပါဘူး။ သူ့လိုပါပဲ အမေရိကန်ကလည်း မသုံးပါဘူးလို့ လက်မှတ်မထိုးထားပါဘူး။ ဒီဖျက်အားပြင်းတဲ့ လက်နက်ကို မသုံးဖို့အတွက် ၂၀၀၈ ခုနှစ်ကစပြီး ကန့်သတ်မှုတွေ လုပ်လာတာ ဖြစ်တယ်။ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ရရှိထားတဲ့ အချက်အလက်တွေအရ အီဂျစ်တပ်ဖွဲ့မှာ ဒီလိုလက်နက် ၁၃၀၀ ကျော်ပိုင်ဆိုင်တယ်လို့ ဆိုပါတယ်။ လူ့အခွင့်အရေးအုပ်စုတွေကတော့ အီဂျစ်ဟာ ဘာပဲပြောပြော ဒီလိုပိတ်ပင်ထားတဲ့ လက်နက်မျိုးကိုတော့ မသုံးသင့်ဘူးလို့ ဝေဖန်ကြပါတယ်။ ပန်နီဆူလာမြောက်ပိုင်းထက်ဝက်ကျော်ကို အိုင်အက်စ်တွေက ထိန်းချုပ်ထားပြီး အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင် ရာပေါင်းများစွာကို သတ်ဖြတ်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် မိုဟာမက်မော်စီ လက်ထက်ကတည်းက ဒီလို တိုက်ပွဲတွေ ဖြစ်လာခဲ့တာဆိုတော့ သေဆုံးခဲ့ရတဲ့ အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာလည်း မနည်းပါဘူး။ ဒီသူပုန်တွေကို တိုက်ထုတ်ဖို့ အီဂျစ်အစိုးရဟာ အမျိုးမျိုးကြိုးပမ်းခဲ့ပေမယ့် အဲဒီဒေသတစ်ခုလုံးကို အစိုးရရဲ့ ထိန်းချုပ်မှုဧရိယာအောက်ရောက်အောင်တော့ မစွမ်းဆောင်နိုင်သေးပါဘူး။ အီဂျစ်နိုင်ငံပိုင်သတင်းစာရဲ့ ဖော်ပြချက်အရတော့ ဖေဖော်ဝါရီ ၉ ရက်က စတင်ခဲ့တဲ့ အီဂျစ်တပ်ဖွဲ့ရဲ့ စစ်ဆင်ရေးအတွင်းမှာ စစ်သွေးကြွပေါင်း ၈၂ ဦးခန့် သတ်ဖြတ်နိုင်ခဲ့ပြီး ၁၈၀၀ ကျော်ကို ဖမ်းဆီးထောင်ချနိုင်ခဲ့တယ်လို့ သိရပါတယ်။

**သတင်းအမှောင်ချထား**

မျိုးနွယ်စုခေါင်းဆောင်တွေကတော့ အီဂျစ်တပ်ဖွဲ့ရဲ့ စစ်ဆင်ရေးတွေဟာ အရပ်သားတွေကို အသက်ဆုံးရှုံးစေပြီး လူငယ်တွေကို အစွန်းရောက်တွေဖြစ်လာစေတယ်လို့ ယူဆကြပါတယ်။ အီဂျစ်အစိုးရကတော့ သူတို့ကို အဲဒီလိုစွပ်စွဲတာ လက်မခံပါဘူး။ ဒါပေမယ့်လည်း ဆိုင်းနိုင်းဒေသမှာ တိုက်ပွဲတွေစဖြစ်ကတည်းက သတင်းအမှောင်ချထားတော့ အဲဒီဒေသမှာ အမှန်တကယ် ဘာတွေဖြစ်နေသလဲဆိုတာ သိရှိရဖို့တော့ ခဲယဉ်းပါတယ်။ အမေရိကန်ဘက်ကလည်း သူတို့ အီဂျစ်သမ္မတ စီစီကို ထောက်ပံ့ပေးထားတဲ့ လက်နက်တွေကို လူ့အခွင့်အရေးချိုးဖောက်ရာမှာ အသုံးမပြုဖို့ မှာကြားထားပါတယ်။ ဟိုတလောကလည်း အီဂျစ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ရှိတယ်။ ဆန္ဒပြပြည်သူတွေကို အတင်းအကျပ်ဖမ်းဆီးတယ်၊ နှိပ်ကွပ်တယ်ဆိုပြီး ထောက်ပံ့ပေးဖို့ရှိတဲ့ စစ်အသုံးစရိတ်တွေကို မပေးဘဲ ဖြတ်တောက်ခဲ့ဖူးပါတယ်။

ပန်နီဆူလာမြောက်ပိုင်းနဲ့ အလယ်ပိုင်းမှာရှိတဲ့ မျိုးနွယ်စုခေါင်းဆောင်တွေနဲ့ လူ့အခွင့်အရေးအုပ်စုတွေ ပြောကြတာကတော့ ဒေသခံပြည်သူတွေဟာ အစားအစာ၊ ဆေးဝါးနဲ့ လျှပ်စစ်မီးပြတ်တောက်မှုတွေကို ခံစားနေကြတယ်လို့ ပြောပါတယ်။ အင်တာနက်လိုင်းဟာလည်း မကြာခဏဆိုသလို ဖြတ်တောက်ခံရပြီး ဖုန်းလိုင်းတွေလည်း မကောင်းပါဘူး။ ကျောင်းနဲ့ တက္ကသိုလ်တွေကတော့ ပိတ်ထားရပါတယ်။ ဒီတော့ တိုက်ပွဲတွေကြောင့် ဒုက္ခရောက်ရတဲ့အထဲမှာ ပြည်သူတွေက အဓိကဖြစ်နေတယ်။ အိုင်အက်စ်တွေကို တိုက်ထုတ်ရာမှာ အထိုက်အလျောက် အောင်မြင်မှုတွေလည်း ရှိပါတယ်။ အပြီးပြတ်တိုက်ထုတ်နိုင်တာတော့ မဟုတ်သေးပါဘူး။

**ရွေးကောက်ပွဲ ကျင်းပဖို့ရှိ**

မတ်လ ၂၆ ရက်က ၂၈ ရက်အထိ အတွင်းမှာလည်း အီဂျစ်နိုင်ငံမှာ ရွေးကောက်ပွဲကျင်းပဖို့ ရှိပါတယ်။ အီဂျစ်ရွေးကောက်ပွဲမှာ အိုင်အက်စ်တို့ ဝင်နှောက်မှာကိုလည်း စိုးရိမ်နေရပါသေးတယ်။ ဆိုင်းနိုင်းကျွန်းဆွယ်မှာ အိုင်အက်စ်တို့ကို အီဂျစ်တပ်ဖွဲ့က အပြင်းအထန် စစ်ဆင်ရေးတွေဆင်နွှဲထားတော့ အိုင်အက်စ်တွေက ဒါကို အခဲမကျေပါဘူး။ အီဂျစ်နိုင်ငံသားတွေကို ရွေးကောက်ပွဲနေ့မှာ မဲရုံတွေဆီမလာဖို့ ခြိမ်းခြောက်ထားပါတယ်။ ရွေးကောက်ပွဲနေ့မှာလည်း အိုင်အက်စ်တွေဟာ တိုက်ခိုက်မှုတွေ ပြုလုပ်မယ်လို့ ခြိမ်းခြောက်ထားပါသေးတယ်။

**သတင်းလွတ်လပ်ခွင့်မရှိ**

ဒီတော့ ပြည်သူတွေအတွက် စိုးရိမ်စရာမရှိအောင်၊ မဲရုံကို ရဲရဲဝံ့ဝံ့လာရဲအောင် အစိုးရတပ်ဖွဲ့တွေက လုပ်ပေးထားဖို့ လိုပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး နောက်ထပ်ကောလာဟလတွေကတော့ အီဂျစ်သမ္မတ စီစီဟာ ရွေးကောက်ပွဲမှာ နောက်ထပ်တစ်ကြိမ် အနိုင်ရဖို့အတွက် လုပ်ဆောင်နေတယ်။ သူ့ရဲ့ပြိုင်ဘက်တွေကိုလည်း တစ်နည်းမဟုတ် တစ်နည်းနဲ့ ဖယ်ရှားပစ်နေတယ်ဆိုတာတွေပါပဲ။ လက်ရှိအချိန်မှာ သမ္မတစီစီရဲ့ပြိုင်ဘက်တွေဟာ တစ်ယောက်ပြီး တစ်ယောက် ရွေးကောက်ပွဲကနေ နုတ်ထွက်သွားကြတာကတော့ အမှန်ပါပဲ။ အီဂျစ်မှာ မီဒီယာတွေဟာလည်း ပိတ်ပင်ခံထားရပါတယ်။ ဝက်ဘ်ဆိုက်ပေါင်း ငါးရာခန့်ဟာလည်း အပိတ်ခံထားရပါတယ်။ အခုဆိုရင် နိုင်ငံခြားမီဒီယာတွေနဲ့တောင် အဆင်မပြေဖြစ်ထားပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာလည်း အီဂျစ်အမျိုးသမီးအဆိုတော်တစ်ဦးဟာ နိုင်းမြစ်ညစ်ပတ်တာနဲ့ ပတ်သက်ပြီး သီဆိုခဲ့တဲ့အတွက် နိုင်ငံတော်ကို အသရေဖျက်တယ်ဆိုပြီး ထောင်ဒဏ်ခြောက်လချမှတ်ခဲ့ပါတယ်။ ဒီတော့ အီဂျစ်မှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုတာ မေးခွန်းထုတ်စရာပါပဲ။

အခုလည်း အီဂျစ်တပ်ဖွဲ့ဟာ အရပ်သားတွေကိုပါ ထိခိုက်စေမိလို့ မသုံးပါနဲ့လို့ တားမြစ်ထားတဲ့ လက်နက်တွေ အသုံးပြုတယ် မပြုဘူးဆိုတာ အတိအကျသိရဖို့ ခက်ပါတယ်။ သတင်းသမားတွေ ဝင်ရောက်သတင်းယူလို့မရတဲ့ နေရာတွေဖြစ်နေတာလည်း ပါပါတယ်။ လတ်တလောမှာတော့ လူ့အခွင့်အရေးအုပ်စုတွေက အော်နေကြပေမယ့် အီဂျစ်ကို သတိပေးတာတွေ အရေးယူတာတွေတော့ မရှိသေးပါဘူး။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

> “ပြည်သူတွေအတွက် စိုးရိမ်စရာမရှိအောင်၊ မဲရုံကို ရဲရဲဝံ့ဝံ့လာရဲအောင် အစိုးရတပ်ဖွဲ့တွေက လုပ်ပေးထားဖို့ လိုပါတယ်၊ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး နောက်ထပ်ကောလာဟလတွေကတော့ အီဂျစ်သမ္မတ စီစီဟာ ရွေးကောက်ပွဲမှာ နောက်ထပ်တစ်ကြိမ် အနိုင်ရဖို့အတွက် လုပ်ဆောင်နေတယ်၊ သူ့ရဲ့ပြိုင်ဘက်တွေကိုလည်း တစ်နည်းမဟုတ် တစ်နည်းနဲ့ ဖယ်ရှားပစ်နေတယ် ဆိုတာတွေပါပဲ”

# ကျွန်တော်နဲ့ ရွာသာကြီး



## ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

တစ်နေ့က ကျွန်တော်ရွာသာကြီးမှာရှိတဲ့ စီးပွားရေးတက္ကသိုလ် ရောက်ခဲ့တယ်။ မှတ်မှတ်ရရ သုံးကြိမ်မြောက်။ ပထမအကြိမ်ကတော့ တော်တော်လေးကြာခဲ့ပြီ။ ကျွန်တော်နိုင်ငံခြားက ခွင့်ပြန်လာတုန်း ပါမောက္ခချုပ် ဒေါက်တာဦးစန်းလွင် ဖိတ်ကြားလို့ ကျောင်းသား၊ ကျောင်းသူတွေအတွက် ဟောပြောပွဲတစ်ရပ် လုပ်ပေးခဲ့တာ။ သွားရတာလည်း မလွယ်လှဘူး။ ချုံတွေကအပြည့်။ လယ်ကွင်းထဲမှာ ဆောက်ထားတာမို့ ပတ်ဝန်းကျင်ကလည်း အဆင်မပြေလှဘူး။ ကိုယ်က တစ်ခါတလေမှ သွားရတာ။ နေ့တိုင်း ဒီခရီးကြီးကို သွားနေရတဲ့ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေရဲ့ ဒုက္ခကို ကိုယ်ချင်းစာမိတယ်။ ဒါကြောင့်လည်း ဆရာ ဆရာမတွေခမျာ သင်စရာရှိတာကို တစ်နေ့တည်း တစ်ခေါက်တည်းနဲ့ ပြီးအောင်စီစဉ်ကြရတာ။ အဆောင်ဆိုတာလည်း မရှိ။ အနီးအနားက အိမ်ရာစီမံကိန်းတွေမှာ ဖြစ်သလို နေထိုင်ကြရတာ။ နိုင်ငံခြားတက္ကသိုလ်တွေမှာလည်း အခုလို လူနေရပ်ကွက်နဲ့မနီးတဲ့ နေရာတွေမှာ တည်ထောင်ခဲ့တယ်။ ဒါပေမယ့် လိုလေသေးမရှိ။ မြို့ငယ်လေးတစ်ခုလို လိုအပ်ချက်တွေ ပြည့်စုံအောင် စီစဉ်တာ။ အခုတော့ လူသူမနီးတဲ့နေရာကို နိုင်ငံရေးအမြင်တစ်ခုနဲ့ တက္ကသိုလ်တွေကို ဖွင့်လှစ်ခဲ့တာ၊ ပြဿနာဖြစ်ရင်ဆိုတဲ့ စဉ်းစားတွေးခေါ်မှုကို ရှေ့တန်းတင်ခဲ့ပြီး နိုင်ငံရေး ပြဿနာကို ဖြေရှင်းဖို့ ပညာရေးလက်နက်ကို အသုံးပြုခဲ့တာ။ သွားရေးလာရေး အဆင်မပြေ၊ နေရေးထိုင်ရေး ခက်ခဲတာမို့ ကျောင်းသား ကျောင်းသူတွေနဲ့ ဆရာ ဆရာမတွေမှာ အခက်အခဲတွေ မျိုးစုံကြုံခဲ့ကြရတာ။ ပေးဆပ်ရတာတွေကတော့ ပြောမကုန်အောင်ပါ။

### အချိန်ဟာ အရာရာကို ကုစားနိုင်

အချိန်ဟာ အရာရာကို ကုစားနိုင်တာမို့ အခုတော့ အရင်ထက်စာရင် သိပ်မဆိုးလှတော့ဘူး။ ခရီးကတော့ အရင်အတိုင်း အဝေးကြီး။ သစ်ပင်တွေကတော့ တော်တော်ကြီးလာကြပြီး လမ်းတွေကလည်း အခုတော့ အသစ်တွေ ခင်းထားတာတွေ့ရတယ်။ ဒုတိယအကြိမ်ရောက်တာက စီးပွားရေးတက္ကသိုလ်ရဲ့ ကျောင်းသားသမဂ္ဂက ဖိတ်ကြားတာမို့ မနှစ်က ရောက်ခဲ့တယ်။ ကလေးတွေက စီစဉ်ပေးတာမို့ ကျွန်တော်က အားပေးချင်တယ်။ ဟောပြောပွဲမှာ ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးထွန်းအောင်က ကျွန်တော့်ကို ကျောင်းသားတွေနဲ့ မိတ်ဆက်ပေးတယ်။

ဒီတစ်ခေါက် ရောက်ခဲ့တဲ့အကြောင်းက စီးပွားရေးတက္ကသိုလ်ရဲ့ ပွဲတစ်ပွဲမှာ ပြည်ထောင်စုနေ့အကြို တိုင်းရင်းသား အစားအစာ ရောင်းချပွဲနဲ့ ပဒေသာကပွဲ ကျင်းပမယ်လို့ ပါမောက္ခ ဒေါက်တာနီလာမြင့်ဖူးက ကျွန်တော့်ကို ပြောတယ်။ ပွဲလုပ်မယ်ဆိုတာကို သိတာနဲ့ ဒီနှစ်တော့ ပိုပြီး ခမ်းခမ်းနားနား ဖြစ်အောင်လုပ်ပေးမယ်လို့ ကတိပြုလိုက်တယ်။ နေပြည်တော်မှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှာ ကျင်းပတဲ့ တိုင်းရင်းသားတွေအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ဆွေးနွေးပွဲတစ်ရပ်ကို နှစ်ရက်တိုင်တိုင် ကျင်းပရာမှာ ကျွန်တော်က ကြီးမှူးဆောင်ရွက်ပေးခဲ့တယ်။ ဒီဝန်ကြီးဌာနကအသစ်။ အမျိုးသား ဒီမိုကရေစီအစိုးရလက်ထက်မှာ ဖွင့်လှစ်ခဲ့တာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နဲ့က ရင်းနှီးတယ်။ အထူးသဖြင့် သူ့ရဲ့ဇနီး ဒေါ်ကြင်သန်း၊ သားကြီးမင်းဗညားဝန်း၊ သမီး မိကွန်ချမ်း သူတို့ကို စီးပွားရေးတက္ကသိုလ်လုပ်မယ့်ပွဲကို တက်ရောက်ချီးမြှင့်ပေးဖို့ ဖိတ်ကြားခဲ့တယ်။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးကိုလည်း ဖိတ်ကြားခဲ့တယ်။

### တက္ကသိုလ်က ကျင်းပတဲ့ပွဲ

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းကိုလည်း ကြွရောက်ဖို့ ဖိတ်ကြားခဲ့ပြန်တယ်။ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနဲ့ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ဝန်ကြီးဦးမြင့်သောင်းတို့ကိုလည်း ဖိတ်ကြားခဲ့တယ်။ သူတို့နှစ်ဦးက စီးပွားရေးတက္ကသိုလ်ထွက်တွေ၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်ကိုလည်း တက်ရောက်ဖို့ ဖိတ်ခဲ့တယ်။ ဖိတ်ကြားခဲ့ပေမယ့် စိတ်ထဲက တထင့်ထင့်။ လူကြီးတွေက အလုပ်တွေများကြတော့ စီးပွားရေးတက္ကသိုလ်က ကျင်းပတဲ့ပွဲကို လာမှလာနိုင်မလား။ အမှန်တော့ ဒီပွဲဟာ ပညာရေးအတွက်ရော၊ တိုင်းရင်းသားအတွက်ရော၊ ငြိမ်းချမ်းရေးအတွက်ရော၊ ပတ်သက်မှုရှိရုံမျှမက အရေးကြီး

> “ပဋိပက္ခဖြစ်နေတဲ့ဒေသမှာ ကြီးပြင်းလာသူတစ်ဦးဟာ ငြိမ်းချမ်းမှုကို ပိုပြီးတမ်းတတယ်၊ မြတ်နိုးတယ်၊ မျှော်လင့်တယ် ဆိုပြီး စကားမပြောနိုင်တဲ့အထိ ခံစားခဲ့တယ်။ သူဖြစ်နေတာ ကြည့်ပြီး ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေးဘယ်လောက်လိုအပ်တာကို ပိုပြီး နားလည်လာခဲ့တယ်။ ဝမ်းနည်းစရာကောင်းတာက ကျွန်တော်တို့နိုင်ငံရဲ့ မငြိမ်းချမ်းတဲ့ဒေသတွေမှာ တိုင်းရင်းသားတွေအများစု နေထိုင်ကြတာ”

လှတာ။ ပွဲစနေ့မတိုင်မီ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးတစ်ခုနဲ့တိုက်နေလို့ မလာနိုင်ကြောင်း အသိပေးလာခဲ့တယ်။ သူ့ရဲ့ကိုယ်စား ပညာရေးမူဝါဒအဖွဲ့က ဆရာကြီးတွေရယ်၊ ရန်ကုန်မှာ အခြေစိုက်တဲ့ တက္ကသိုလ်က ပါမောက္ခချုပ်တွေကို လွှတ်ပေးဖို့ စီစဉ်ပေးခဲ့တယ်။ ဖြစ်ချင်တော့ ဒီနေ့မှပဲ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ အစည်းအဝေးရှိပြန်တော့ တစ်ယောက်မှ မလာနိုင်ကြဘူး။

### တိုင်းရင်းသား ဝတ်စုံတွေနဲ့ ရောင်စုံရှုခင်း

ဖွင့်ပွဲအခမ်းအနားလုပ်မယ့် ရွာသာကြီး စီးပွားရေးတက္ကသိုလ် ရောက်တော့ လူတွေက စုံနေပြီ။ တိုင်းရင်းသား ဝတ်စုံတွေနဲ့ ရောင်စုံရှုခင်းကလည်း ကြည်နူးစရာ၊ တိုင်းရင်းသား ညီညွတ်ရေးသီချင်းတွေက ဖွင့်လှစ်ထားတော့ အလိုလို ပျော်နေမိတာ။ ပါမောက္ခ ဒေါက်တာဒေါ်ခင်နိုင်ဦးက ကြိုဆိုပြီး ပါမောက္ခ၊ ဌာနမှူးများနဲ့လည်း နှုတ်ဆက်ခဲ့တယ်။ ကျွန်တော်တို့နဲ့ မရှေးမနှောင်းဘဲ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နဲ့အဖွဲ့ ရောက်လာတယ်။ ဖွင့်ပွဲအခမ်းအနားအတွက် ဖဲကြိုးဖြတ်ပြီး တိုင်းရင်းသား အစားအစာတွေ ရောင်းချတဲ့ ဆိုင်တွေကို လှည့်ကြည့်ကြတယ်။ အစားအစာတွေက မျိုးစုံ။ အဆောင်လိုက် ရောင်းချသလို ဘာသာရပ်အလိုက် ရောင်းချနေကြတယ်။ မုန့်တွေ၊ အစားအသောက်တွေ၊ အဝတ်အထည်တွေ၊ စာအုပ်တွေ မျိုးစုံ။ ဈေးခန်းတွေလှည့်ရင်း ပါမောက္ခတွေ၊ ဆရာ ဆရာမတွေက နှုတ်ဆက်ကြတော့ ပြည်ထောင်စုဝန်ကြီးက ဆရာ့ကို အားလုံး သိကြတယ်ဆိုပြီး မှတ်ချက်ပေးတယ်။ တကယ်တော့ ကျွန်တော်ဟာ စီးပွားရေးခြံပေါက်၊ လူမှန်းသိကတည်းက ရင်းနှီးခဲ့တာ ကျောင်းသားဘဝ၊ ဆရာဘဝ ဆရာအနေနဲ့လည်း တစ်ကြိမ်မက။ အကြိမ်ကြိမ်အကျော့ကျော့။ အခုထိလည်း စာသင်နေတော့ ရင်းနှီးမှုကပိုတာ။ ပါမောက္ခချုပ်တွေ၊ ပါမောက္ခတွေက တပည့်ရင်းတွေ။ သူတို့ကိုမြင်တော့ ကျေနပ်တယ်။ ကိုယ့်ထက် အောင်မြင်နေတာမြင်ရလို့ အားရမိတယ်။ ဒီလိုပဲဖြစ်ရမှာ ဆိုင်ခန်းတွေကြည့်ပြီး ခန်းမအပေါ်ထပ်မှာ ကျင်းပမယ့် ပဒေသာကပွဲကို ကြည့်ရှုကြတယ်။

ပွဲမစမီ ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောပြီး ကျွန်တော့်ကိုအမှာစကား ပြောခွင့်ပေးတယ်။ ကျွန်တော်က တိုင်းရင်းသားတွေကို အသိအမှတ်ပြုတဲ့ ပြည်ထောင်စုနေ့အကြောင်း၊ နိုင်ငံမှာငြိမ်းချမ်းလိုကြောင်း၊ စီးပွားရေးတက္ကသိုလ်မှာ တက်ရောက်နေကြတဲ့ ကျောင်းသား ကျောင်းသူများအနေနဲ့ နိုင်ငံရေး ဘောဂဗေဒပညာကို လေ့လာဖို့လိုကြောင်း၊ စီးပွားရေး တက္ကသိုလ်မှာ ပညာသင်ကြားပြီး လူ့အဖွဲ့အစည်းထဲဝင်တဲ့အခါ တာဝန်ကျေပွန်ဖို့၊ စီးပွားရေးပညာနဲ့ တိုင်းပြည်ကို အလုပ်ကျွေးပြုဖို့၊ ကျောင်းတက် နေစဉ်မှာလည်း တစ်ဦးနဲ့တစ်ဦးမေတ္တာထားဖို့၊ နားလည်ကြဖို့ သတိပေးခဲ့တယ်။ ကျွန်တော်အခုလို အမှာစကားပြောပြီး သတ်မှတ်ထားတဲ့နေရာမှာ ပြန်ထိုင်ခဲ့တယ်။ အစီအစဉ်ကြေညာတဲ့ အခမ်းအနားမှူး ဆရာမက ကချင်တိုင်းရင်းသူ။ ကချင်ရိုးရာ ဝတ်စုံကို အပြည့်ဝတ်ထားတာ။ ကျွန်တော် ပြောခဲ့တာကို ကြားပြီး သူ့ခမျာ မျက်ရည်တွေကျပြီး စကားမပြောနိုင် ဖြစ်ခဲ့တယ်။ ပဋိပက္ခဖြစ်နေတဲ့ဒေသမှာ ကြီးပြင်းလာသူ တစ်ဦးဟာ ငြိမ်းချမ်းမှုကို ပိုပြီးတမ်းတတယ်၊ မြတ်နိုးတယ်၊ မျှော်လင့်တယ် ဆိုပြီး စကားမပြောနိုင်တဲ့အထိ ခံစားခဲ့တယ်။ သူဖြစ်နေတာ ကြည့်ပြီး ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေးဘယ်လောက်လိုအပ်တာကို ပိုပြီး နားလည်လာခဲ့တယ်။ ဝမ်းနည်းစရာ ကောင်းတာက ကျွန်တော်တို့နိုင်ငံရဲ့ မငြိမ်းချမ်းတဲ့ဒေသတွေမှာ တိုင်းရင်းသားတွေ အများစု နေထိုင်ကြတာ။ ငြိမ်းချမ်းရေးကို အလိုချင်ဆုံးက တိုင်းရင်းသားတွေ ဖြစ်ကြတယ်။ မိန့်ခွန်းတွေ ပြောပြီး ဂုဏ်ပြုလက်ဆောင် ပေးအပ်ကြတယ်။ ဆက်ပြီး ဖျော်ဖြေရေး အစီအစဉ်နဲ့ အက္ခရာစဉ်အလိုက် တိုင်းရင်းသားပဒေသာ ကပွဲကို ကျင်းပခဲ့တယ်။ ပညာတတ်တွေ၊ လူငယ်တွေ ဖြစ်ကြလို့ ကကြ ခုန်ကြတာတွေက မြူးကြွသလို အဓိပ္ပာယ် ရှိလှတယ်။

ပဒေသာကပွဲကိုကြည့်ရင်း ကျွန်တော်ဟာ အကြောင်းအချက်တစ်ခုကို သတိထားမိတယ်။ ကပွဲကို ကြည့်နေကြတဲ့ ကျောင်းသားကျောင်းသူတွေကို လေ့လာတော့ သူတို့ရဲ့ အာရုံဟာ ကပွဲပေါ်မှာအပြည့်။ အရေးကြီးပုဂ္ဂိုလ်တွေ၊ ဝန်ကြီးတွေ၊ လူကြီးတွေအပေါ် အာရုံမရှိဘဲ ကနေဆိုနေကြတဲ့ သူတွေကိုအပြည့် အားပေးနေတာ။ တချို့က ဆိုနေကြတဲ့ သီချင်းတွေကို လိုက်ဆိုနေကြတယ်။ ဒါကိုမြင်ရတော့ သိပ်ကျေနပ်တယ်။ ဒီလိုပဲ ဖြစ်ရမယ်။ အရေးကြီးတာက ဒါပဲ။ လူငယ်အချင်းချင်း အားပေးရမှာ။ လူကြီးမရှိလည်းဖြစ်တယ်။ ကျွန်တော်တို့ ကပွဲဆုံးတဲ့အထိ မနေဖြစ်ခဲ့ဘူး။ ကုန်သည်ကြီး အသင်းမှာ ပွဲက နေ့လယ် ၂နာရီရှိတာမို့ နေ့လယ်စာစားပြီး အရောက်သွားခဲ့ကြတယ်။

### ဂုဏ်ပြုပေးတဲ့ပွဲ

ကုန်သည်ကြီးအသင်းမှာ ဂုဏ်ပြုပွဲကျင်းပဖို့ လွန်ခဲ့တဲ့ တစ်လက နေပြည်တော်မှာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန က Forum တစ်ခုကို နှစ်ရက်ကြာလုပ်ခဲ့တယ်။ ခေါင်းစဉ်ကို ကျွန်တော်နဲ့ဝန်ကြီးဌာနက ပေါင်းရွေးချယ်ခဲ့တာ။ တိုင်းရင်းသားများအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုခေါင်းစဉ်နဲ့ ကျင်းပခဲ့တာ။ ခေါင်းစဉ်သုံးရပ်နဲ့စီစဉ်ခဲ့တယ်။ ပထမခေါင်းစဉ်က စီးပွားရေးဖွံ့ဖြိုးမှု၊ ဒုတိယ ခေါင်းစဉ်က သယံဇာတခွဲဝေမှု၊ နောက်ဆုံးခေါင်းစဉ်က တိုင်းရင်းသား မီဒီယာ၊ ဒီခေါင်းစဉ်တွေနဲ့ စာတမ်းတွေဖတ်ကြားပြီး တက်ရောက်လာကြတဲ့ သူတွေက ဝိုင်းဆွေးနွေးကြတယ်။ နောက်ဆုံးနေ့မှာ ဆုံးဖြတ်ချက်၊ အကြံပြုချက် ၃၀ ကို ရယူနိုင်ခဲ့တယ်။ အောင်မြင်လှတဲ့ ပွဲတစ်ခု။ ဒါကြောင့်ဒီပွဲမှာ ပါဝင်ကြတဲ့ သူတွေကို ဂုဏ်ပြုပေးတဲ့ပွဲ ဖြစ်တယ်။ ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောပြီး ကျွန်တော့်ကို အမှာစကားပြောစေတယ်။ ကျွန်တော်က မြန်မာနိုင်ငံ တိုင်းရင်းသားစွန့်ထွင်ဦးစီးမှု အသင်းဖွဲ့ဖို့ အကြံပြုခဲ့တယ်။ ပွဲပေးဖို့ သဘောတူကြတယ်။ အောင်မြင်မှုတစ်ခုထပ်တိုးပြန်တယ်။ ။

---

## ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့စကားဝိုင်းဆွေးနွေး



**ရန်ကုန် မတ် ၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက်ရှိ ဓမ္မာရုံ၌ မတ် ၃ ရက် က လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန်က တက်ရောက်လာကြသည့် ပြည်သူများအား မိမိတို့၏ လမ်းအလိုက် အခက်အခဲများကို ဆွေးနွေးတင်ပြပေးရန် ဆွေးနွေးပြီး တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ဖြူဖြူခိုင်က ယုဇနဥယျာဉ်မြို့တော် အိမ်ရာကော်မတီအဖွဲ့ဝင် ၁၉ ဦးကို အသစ်ပြန်လည်ဖွဲ့စည်းပေးခဲ့ကာ မိမိတို့ ရပ်ကွက်ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းအကြံပြု ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ယုဇနအိမ်ရာကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒေသဖွံ့ဖြိုးရေးအတွက်ကြုံတွေ့နေရသည့် အခက်အခဲများကို ပြည်သူနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက တင်ပြလာသည့် အခက်အခဲများကို လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်း အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**ကျင်မောင်(ဆိပ်ကမ်း)**

# ထားဝယ်မြို့ကျက်သရေဆောင်ရွှေတောင်စား စေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိ




**ထားဝယ် မတ် ၄**

တနင်္သာရီ တိုင်းဒေသကြီးသည် မွန်ပြည်နယ်၏တောင်ပိုင်း၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ် တည်ရှိပြီး တောင်ဘက်တွင် ပါချန်မြစ်၊ တစ်ဖက်ကမ်းတွင် ထိုင်းနိုင်ငံ တည်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ဒေသတွင်လည်း စိတ်ဝင်စားဖွယ် သမိုင်းကြောင်းများ၊ သမိုင်းဝင် ရှင်ကိုးရှင် ဘုရားများ၊ ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန်ဘုရားကြီးနှင့် ထားဝယ်ဒေသအတွင်းရှိ ဘုရား၊ ပုထိုး၊ စေတီများတွင် ဘုရားဖူးလာ ပရိသတ်များဖြင့် ထင်ရှားကျော်ကြားလျက်ရှိပြီး အပန်းဖြေနားနေစရာအဖြစ် မောင်းမကန်ကမ်းခြေ အပါအဝင် ထားဝယ်ခရိုင်အတွင်းရှိ ကမ်းခြေများ၌လည်း စည်ကားလျက်ရှိသည်။

ထို့နောက် ထားဝယ်မြို့၏ အထင်ကရနေရာတစ်ခုဖြစ်သော ထားဝယ်မြို့ကျက်သရေဆောင် ရွှေတောင်စား စေတီတော်မြတ်ကြီးတွင် တပေါင်းလပြည့် နေ့ထူးနေ့မြတ်အချိန်အခါသမယ ဖြစ်သည့် အားလျော်စွာ ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းမှစတင်၍ ထားဝယ်မြို့ရှိ ဒေသခံပြည်သူများ အပါအဝင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများက ရွှေတောင်စား စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး ဘုရားကြီးတွင် ဘုရားဖူးလာသူများက အဓိဋ္ဌာန် ပုတီးစိပ်ခြင်း၊ ဂုဏ်တော်များနှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းများ ပြုလုပ်ကြသည်။

ရုံးပိတ်ရက် လေးရက်ဖြစ်သည့်အတွက် ထားဝယ်ခရိုင်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများ မိသားစုအလိုက် မြန်မာပြည်တစ်ဝန်းရှိ စေတီပုထိုးများ၊ အပန်းဖြေနေရာများကို သွားရောက်လည်ပတ်ကြပြီး အများပြည်သူ ရုံးပိတ်ရက်များတွင် နိုင်ငံ့ဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများက မိမိအတွက်သာမက မိသားစု အတွက်ပါ တန်ဖိုးကြီးမားကြပြီး အချို့ကလည်း မိမိတို့ကြိုတင်စီစဉ်ထားသော ရပ်နီးရပ်ဝေး ဘုရားဖူးခရီးစဉ်များ၊ အပန်းဖြေခရီးထွက်ခြင်းများ၊ ဒေသန္တရဗဟုသုတများကို ရှာဖွေခဲ့ကြကြောင်း သတင်းရရှိသည်။

**ခရိုင် (ပြန်/ဆက်)**

# သံဖြူဇရပ်မီးရထားပြတိုက် ကြည့်ရှုသူများပြား

**သံဖြူဇရပ် မတ် ၄**

မတ် ၁ ရက်မှ ၄ ရက်အထိသည် အစိုးရရုံးများ၊ စက်ရုံ၊ အလုပ်ရုံများ ပိတ်ရက်ဖြစ်ခြင်းကြောင့် မွန်ပြည်နယ် သံဖြူဇရပ် မြို့နယ်အတွင်းသို့ ဘုရားဖူးနှင့် ဒေသန္တရလေ့လာရေး ခရီးထွက်ခွာသည့်အဖွဲ့များ ရောက်ရှိမှု များပြားကြောင်း သိရသည်။ အထူးသဖြင့် သံဖြူဇရပ်မြို့နယ်အတွင်းရှိ တန်ခိုးကြီး ဆံတော်ရှင်ကျိုက္ခမီ ရေလယ်ဘုရားနှင့် စက်စဲကမ်းခြေသို့ ရပ်ဝေးမှပြည်သူများသည် ကိုယ်ပိုင်ယာဉ်များ၊ စင်းလုံးငှားဘုရားဖူးအဖွဲ့များဖြင့် ရောက်ရှိကြပြီးနောက် အပြန်ခရီးတွင် သံဖြူဇရပ်မြို့ရှိ ဒုတိယကမ္ဘာစစ်၏ သမိုင်းကို ဖော်ပြထားသည့် သေမင်းတမန်မီးရထားပြတိုက်သို့ ဝင်ရောက်၍လေ့လာကြည့်ရှုသူ အလွန်များပြားကြောင်း မြင်တွေ့ရသည်။

“ကျွန်တော် ကိုမျိုးဝေပါ၊ ရန်ကုန်ကပါ၊ ကုမ္ပဏီဝန်ထမ်းတွေဖြစ်ပါတယ်၊ အခုအလုပ်ပိတ်ရက်လေးရက်ရလို့ သူငယ်ချင်းတွေစုပြီးတော့ ကျိုက်ထီးရိုးနဲ့ ကျိုက္ခမီဘက် ဘုရားဖူးဖို့ ထွက်လာတာပါ၊ သံဖြူဇရပ် သေမင်းတမန်မီးရထားပြတိုက်လည်း လေ့လာသင့်တာဖြစ်လို့ ဝင်ရောက်လေ့လာကြတာပါ၊ ဒုတိယကမ္ဘာစစ်ရဲ့ အနိဋ္ဌာရုံသမိုင်းအချို့ကို ဗဟုသုတရရှိပါတယ်”ဟူ၍ ပြောကြားသည်။

ယခုလ အများပြည်သူရုံးပိတ်ရက် လေးရက်အတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်အများစုသည် သံဖြူဇရပ်မြို့ကိုဖြတ်သန်း၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နှင့် မြိတ်မြို့သို့ မှန်လုံယာဉ်ကြီးများဖြင့် သွားရောက်မှုများပြားပြီး၊ လမ်းကြောင်းပေါ်ရှိ မီးရထားပြတိုက်သို့ယာဉ်အများစုမှ ဝင်ရောက်လေ့လာကြည့်ရှုကြောင်း သိရသည်။

**ကျော်ဝင်း (ပြန်/ဆက်)**

# ဇီးကုန်းမြို့ သမိုင်းဝင်မြသိန်းတန်စေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် စည်ကားစွာကျင်းပ

**ဇီးကုန်း မတ် ၄**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ သမိုင်းဝင်မြသိန်းတန်စေတီတော်ကြီး၏ ၅၇ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို မတ် ၁ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗဟိုဝန်ဆောင်ဆရာတော် ဘဒ္ဒန္တတေဇဝန္တ အမှူးပြုသော သံဃာတော်များက ရင်ပြင်တော်ရှိ မုခ် လေးမုခ်တို့တွင် အနေကဇာတင် ပရိတ်တော်များ ရွတ်ဖတ်ကြပြီး စေတီတော်ကြီးအား လက်ယာရစ်သုံးပတ်လှည့်လည်၍ ပူဇော်သည်။

ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်ပွဲကို စေတီတော်အရှေ့ဘက်မုခ်၌ ကျင်းပရာ ဇီးကုန်းမြို့နယ် အမှတ် ၁ မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ တပေါင်းပွဲတော်ကြီးအား မတ် ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ဘုရားသမိုင်းမှတ်တမ်းဓာတ်ပုံပြခန်း၊ မြန်မာ့ရိုးရာဒိုးပတ်ပြိုင်ပွဲများ၊ ကျောက်ဆည်ဆင်အကများ၊ မန္တလေးအောင်ချမ်းသာဇာတ်ပွဲနှင့် ရွှေမေတ္တာရန်ကုန်ဇာတ်ပွဲများ ပါဝင်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# စာအောင်သံဃာတော်၊ သီလရှင်များအား ဂုဏ်ပြုလွှာဆက်ကပ်



**ရန်ကုန် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ချမ်းမြေ့ရွှေပြည် ပရိယတ္တိသာသနာ့ နုဂ္ဂဟအသင်းသည် ကြီးငါးကြီးဆုတောင်းပြည့်ဘုရားငါးဆူ ဘက်စုံပြုပြင်ခြင်းအောင်ပွဲရေစက်ချအလှူတော်မင်္ဂလာနှင့် နိုင်ငံတော်အစိုးရ၏ ၁၃၇၈ ခုနှစ်/၂၀၁၇ တွင် ကျင်းပခဲ့သည့် ပါဠိပထမပြန်စာမေးပွဲ၌ ဗဟန်းမြို့နယ်အတွင်း ဓမ္မာစရိယနှင့် ငယ်၊ လတ်၊ ကြီး စာအောင်သံဃာနှင့် သီလရှင်များအား ဒုတိယအကြိမ်မြောက် ထပ်ဆင့်ချီးကျူးဂုဏ်ပြုလွှာ ဆက်ကပ်ပူဇော်ပွဲကို မတ် ၃ ရက် နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရွှေတိဂုံစေတီတော် (မြောက်ဘက်မုခ်အနီး) ကြီးငါးကြီး ဆုတောင်းပြည့်ဘုရားရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် အဖွဲ့ဝင်ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး အလှူရှင်များအား ဂုဏ်ပြုလွှာများပေးအပ်သည်။

ဆက်လက်၍ ရဟန်းနှင့်သီလရှင် ဓမ္မာစရိယကျမ်းပြီး ၆၉ ပါး၊ ပထမကြီးတန်းအောင် ၉၇ ပါး၊ ပထမလတ်တန်းအောင် ၁၀၁ ပါးနှင့် ပထမငယ်တန်းအောင် ၈၂ ပါး စာအောင်သံဃာတော် သီလရှင်စုစုပေါင်း ၃၄၉ ပါးတို့အား ဘွဲ့လက်မှတ်ဂုဏ်ပြုလွှာနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

**၃၄၉**

# မော်လမြိုင်မြို့နယ်အတွင်း မူခင်းကျဆင်းရေး၊ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးမိရေးအတွက် လုပ်ငန်းညှိနှိုင်းစည်းဝေး

**မော်လမြိုင် မတ် ၄**

မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ မြို့နယ်အတွင်း မောင်းနှင်သွားလာသည့် ဆိုင်ကယ်မောင်းနှင်သူများထံ လုယက်သွားခြင်းနှင့် မူခင်းကျဆင်းရေးအတွက် ကျူးလွန်သူများ ဖမ်းဆီးမိရေးအတွက် မတ် ၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေးက မြို့နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် လုယက်မှုများနှင့် မူခင်းကျဆင်းရေး၊ ကျူးလွန်သူများ ဖမ်းဆီးမိရေးစီမံချက်ပါ အချက်အလက်များနှင့် ရှေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ အမှတ် ၁၅ (မော်လမြိုင်) ရထားရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူး ကျော်ဇေယျက ခရီးသည်တင်ရထားများ ဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက မူခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေးက ဖြည့်စွက်အကြံပြုဆွေးနွေး မှာကြားခဲ့သည်။

**ကျော်သန်း(မော်လမြိုင်)**

# ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်၏ နည်းဗျူဟာမူကြမ်းနှင့်ပတ်သက်၍ အကြံပြုချက်များ ပိုမိုရရှိစေရန် မြန်မာ REDD+ website ဖွင့်

**ရန်ကုန် မတ် ၄**

မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့မှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သော REDD+ National Programme ၏ နည်းဗျူဟာမူကြမ်းနှင့် ပတ်သက်၍ အကြံပြုချက်များ ပိုမိုရရှိစေရန်ရည်ရွယ်၍ ယင်းမူကြမ်းမိတ္တူအား REDD+ မြန်မာဝက်ဆိုဒ် www.myanmar-redd.org တွင် ယခုမတ်လ ပထမပတ်မှစပြီး ၂၀၁၈ ခုနှစ် ဧပြီ ၃၀ ရက်အထိ အများပြည်သူတို့၏ အကြံပြုချက်များကို ရယူရန် ဖွင့်လှစ်ထားကြောင်း သိရသည်။

အမျိုးသားအဆင့် မြန်မာနိုင်ငံ REDD+ နည်းဗျူဟာမူကြမ်းအား နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏ ကြီးကြပ်ညွှန်ကြားမှုတို့ဖြင့် ရေးဆွဲဆောင်ရွက်ခဲ့သည်။ အဆိုပါ လုပ်ငန်းဖြစ်စဉ်တွင် သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများအား ဆန်းစစ်ဖော်ထုတ်ခြင်းဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယင်းတို့နှင့်ချိတ်ဆက်ကာ ကနဦးအဆင့် မူဝါဒများနှင့် လုပ်ဆောင်ချက်များ သတ်မှတ်ဖော်ထုတ်ခြင်း၊ အကြံပြုညှိနှိုင်းဆွေးနွေးခြင်းများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပြီး REDD+ မဟာဗျူဟာ မူကြမ်း (အမျိုးသားအဆင့်) ဆွေးနွေးပွဲများအား ၂၀၁၇ ခုနှစ် ဇွန်လတွင် သက်ဆိုင်ရာဝန်ကြီးဌာန ခြောက်ခုနှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ ယခုအခါတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အထိပါ ကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံကာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။

မြန်မာ REDD+ အစီအစဉ်အား ကုလသမဂ္ဂ UN-REDD Programme ၏ အထောက်အပံ့ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ သစ်တောဦးစီးဌာနမှ ဦးဆောင်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုအသင်းအဖွဲ့များနှင့် အကျိုးဆက်စပ် ပတ်သက်သူများပူးပေါင်းကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ပြည်သူ့ကျန်းမာရေး အရေးပေါ်ကိစ္စရပ်များ ကာကွယ်စောင့်ကြည့်တုံ့ပြန်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အတွက် ကုန်ကျစရိတ်တွက်ချက်ခြင်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် မတ် ၄**

ပြည်သူ့ကျန်းမာရေး အရေးပေါ်ကိစ္စရပ်များ ကာကွယ်စောင့်ကြည့်တုံ့ပြန်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အတွက် ကုန်ကျစရိတ်တွက်ချက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်က နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့ရာ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အမြဲတမ်းအတွင်းဝန်က မြန်မာနိုင်ငံအနေဖြင့် ကူးစက်ရောဂါ ကာကွယ်စောင့်ကြည့်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းများအား ပြန်လည်ဆန်းစစ်လေ့လာခြင်း Joint External Evaluation လုပ်ငန်းကို ၂၀၁၇ ခုနှစ်၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံသည် Joint External Evaluation လုပ်ငန်းကို တတိယမြောက် ဆောင်ရွက်နိုင်ခဲ့သောနိုင်ငံဖြစ်ပြီး ပြည်သူ့ကျန်းမာရေး အရေးပေါ်ကိစ္စရပ်များ ကာကွယ်စောင့်ကြည့်တုံ့ပြန်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ပထမဆုံးရေးဆွဲနိုင်ခဲ့သောနိုင်ငံဖြစ်ကြောင်း၊ ယခုစီမံချက်အား အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများအားလုံး လက်တွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်နှင့် တာဝန်ရှိသူများက စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လက်ရှိစီမံချက်အား ပြောင်းလဲမှုဖြစ်စဉ်များအပေါ် မူတည်၍ နှစ်စဉ်ပြန်လည်ဆန်းစစ်ရန်နှင့် စီမံချက်ပါလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်နှင့် ရန်ပုံငွေသုံးစွဲမည့်အခြေအနေများကို သက်ဆိုင်ရာဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် ပြောကြားခဲ့သည်။

အခမ်းအနားတွင် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် မိတ်ဖက် နိုင်ငံတကာ




အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တုပ်ကွေးရောဂါ ကမ္ဘာ့ကပ်အသွင်ဖြစ်ပွားမှုဆိုင်ရာ ကာကွယ်တုံ့ပြန်ရေး၊ One Health Strategic Framework နှင့် Risk Communication စီမံချက်များအား ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပြီး အသစ်ပြန်လည်ရေးဆွဲထားသည့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယခုဘဏ္ဍာနှစ်တွင် ရေထွက်ပို့ကုန် ပြည်ပတင်ပို့မှုမှ ယခင်နှစ်များထက် ဝင်ငွေပိုမိုရရှိနေ

**ဇာလင်းသူ (AMIA)၊ ဓာတ်ပုံ- ကေဇူး (AMIA)**

ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လက်ရှိအချိန်အထိ ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၃၅ သန်းခန့် ရရှိထားပြီး ယခင်ဘဏ္ဍာနှစ်များထက် ဝင်ငွေပိုမိုရရှိထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။



"ဝန်ကြီးဌာနရဲ့နောက်ဆုံးထုတ်ပြန်ချက်အရ အမေရိကန်ဒေါ်လာ ၅၃၅ သန်းအထိ တင်ပို့နိုင်ခဲ့ပြီး ပြီးခဲ့တဲ့နှစ်ထက် အမေရိကန်ဒေါ်လာ ၉၇ သန်းကျော် ကုန်တန်ချိန် ၃၈၀၀၀ ဝန်းကျင် ပိုမိုတင်ပို့နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒီဘဏ္ဍာနှစ်ကုန် မတ်လအထိ ကျန်တဲ့သုံးလအတွင်းမှာ (အမေရိကန်ဒေါ်လာ) သန်း ၇၀၀ အထိ တင်ပို့နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ စာရင်းမှန်မှန်ကန်ကန်နဲ့ ပို့ကြမယ်ဆိုရင် ပြည့်မှာပါ။ ဗီယက်နမ်နိုင်ငံဆိုရင် တစ်နှစ်ကို သန်း ၉၀၀၀ ဖိုးတောင် ပို့နိုင်နေပြီ။ ဒီမှာက သူတို့ရဲ့ ဆယ်ပုံတစ်ပုံတောင် မရှိသေးဘူး။ လာမယ့်ဘဏ္ဍာနှစ်ကျရင် သန်းတစ်ထောင်အထိ ပို့နိုင်အောင်လုပ်ရမယ်" ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးထွန်းဝင်းမြင့်က ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁,၀၀၀ အထိ တင်ပို့နိုင်ရန်မျှော်မှန်းပြီး ပြည်ပတင်ပို့မှု တိုးတက်စေရန်အတွက်လည်း ငါး၊ ပုစွန် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ကာ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို နည်းပညာများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ရေထွက်ပို့ကုန်များတွင် ငါး၊ ပုစွန်၊ ငါးခြောက်နှင့် အခြားရေထွက်ကုန်ပစ္စည်း မက်ထရစ်တန်ချိန်ပေါင်း ၃၇၀၀၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၄၇၉ ဒသမ ၄၉၈ သန်း ရရှိထားခြင်းဖြစ်ကာ ယခင်ဘဏ္ဍာနှစ်ထက် မက်ထရစ်တန်ချိန် ၈၀၀၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၅၇ သန်းကျော် ပိုမိုတင်ပို့နိုင်ခြင်းဖြစ်သည်။

"ငါး၊ ပုစွန်မွေးမြူတဲ့ လုပ်ငန်းရှင်တွေ တွေ့ကြုံနေရတဲ့ မြေယာအခက်အခဲကို အားလုံးလုပ်နိုင်ကိုင်နိုင်တဲ့ ဥပဒေ၊ နည်းဥပဒေတွေ ထုတ်ပြန်ပြီး ကုန်ထုတ်လုပ်မှုကို အင်နဲ့အားနဲ့ လုပ်ရင် ၂၀၁၈ မှာ ငါး၊ ပုစွန်ထုတ်လုပ်မှုတွေ တိုးတက်လာပြီး မျှော်မှန်းသလောက်ဖြစ်မယ်လို့လည်း ထင်တယ်" ဟု မွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာ သက်မှူးက ပြောသည်။

ပြည်ပရေထွက်ပို့ကုန်တန်ဖိုး မြင့်တက်လာနေသော်လည်း အိမ်နီးချင်း ရေထွက်ပို့ကုန်နိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက တင်ပို့မှုနည်းနေသေးသည့်အတွက် ဒေသအလိုက် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်သွားရန်ရှိကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၅၈ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၂၂ သန်းကျော် ရရှိထားသည်။

# ကဝမြို့နယ်အတွင်း ကျေးရွာ ငါးရွာရှိ သီးနှံစိုက်ဧက ၅၀၀၀ ကျော် ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန် ရေငန်တားတာ တည်ဆောက်

**ပဲခူး မတ် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် တိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါး စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်း ဆောင်ရွက်သည့်အပြင် မိုးရာသီ ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးရာသီရေဘေးကာကွယ်ရေးလုပ်ငန်းများထဲမှ ပဲခူးခရိုင် ကဝမြို့နယ်အတွင်းရှိ စစ်တောင်းမြစ်ရေငန်တားတာ (ငွေတောင်ကျေးရွာမှ မမောက်ကျေးရွာအထိ) တည်ဆောက်ခြင်းလုပ်ငန်းသည်လည်း ရေဘေးကာကွယ်ရေးအတွက် ဆောင်ရွက်သော လုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည်။

**သတ်မှတ်ကာလအတွင်း ပြီးစီး**

အဆိုပါ လုပ်ငန်းကို ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ ဆောင်ရွက်ခဲ့ပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် မြေတူးစက်၊ မြေကြိတ်စက်၊ မြေထိုးစက်၊ မြေသယ်ကား၊ ရေကားစသော စက်ယန္တရားအင်အားများစွာဖြင့် စနစ်တကျ နေ့/ည ဆောင်ရွက်လျက်ရှိရာ ဆည်မြောင်းဌာနမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးတို့မှလည်း အဆင့်ဆင့် ကွင်းဆင်းကြီးကြပ် စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် လုပ်ငန်းခွင်အတွင်း ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဦးစီးမှူး အင်ဂျင်နီယာများမှ အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရေငန်ဝင်ရောက်မှု ကင်းဝေးတော့မည်**

ဤရေငန်တားတာ ဆောင်ရွက်ပြီးပါက ကျေးရွာများတွင် နှစ်စဉ်ကြုံတွေ့နေရသည့် ရေငန်ဝင်ရောက်မှုကြောင့် သီးနှံစိုက်ဧကများ ပျက်စီးဆုံးရှုံးရခြင်းဘေးမှ ကင်းဝေးတော့မည်ဖြစ်၍ အလွန်ပင်ကျေးဇူးတင်ရှိကြောင်းနှင့် ဆည်မြောင်းဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများမှ စစ်တောင်းမြစ်ကမ်းပြိုသည့် ကျေးရွာများ၊ ရွာသစ်ပြောင်းရွှေ့သည့် နေရာများတွင် သောက်ရေကန်များ တူးဖော်ရန်နှင့် ကျေးရွာပြောင်းရွှေ့သူများအတွက် လိုအပ်သော အိမ်နေရာ မြေကွက်ဝယ်ယူနိုင်ရေးအတွက် လှူဒါန်းမှုများ ပြုလုပ်ကြပြီး ကမ်းပြိုရွှေ့ပြောင်းကျေးရွာများဖြစ်သော ရွှေတဆုပ်ရွာသစ်၊ မမောက်ရွာသစ်နှင့် စာဖြူစုကျေးရွာများသို့ သောက်ရေ ဂါလန် ၃၂၀၀ နှင့် ရေသန့်ကတ်များ လှူဒါန်းခဲ့သည့်အတွက် ဒေသခံများကိုယ်စား အလွန်ကျေးဇူးတင်ရှိကြောင်း ဆည်မြောင်းဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောသည်။

**မတ်လအတွင်း အပြီးဆောင်ရွက်မည်**

ယခုဆောင်ရွက်နေသော ကဝမြို့နယ် စစ်တောင်းမြစ်ရေငန်တားတာ (ငွေတောင်ကျေးရွာမှ မမောက်ကျေးရွာအထိ) တည်ဆောက်ခြင်းလုပ်ငန်းသည် အလျား ၆ ဒသမ ၃၄ မိုင်၊ တာထိပ်အကျယ် ၁၂ ပေ ၊ ပျမ်းမျှတာအမြင့် ၈ ဒသမ ၅ ပေဖြစ်ပြီး ၂၀၁၇-၂၀၁၈ ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကာ ၂၀၁၈ ခုနှစ် မတ်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။



ရေငန်တားတာ ဆောင်ရွက်ပြီးစီးပါက ကဝမြို့နယ် ငွေတောင်ကျေးရွာ၊ မမောက်ကျေးရွာ၊ တံတားဦးကျေးရွာ၊ ကံတော် ကျေးရွာနှင့် ဘန်ဒါကျေးရွာတို့ရှိ သီးနှံစိုက်ဧက ၅၀၀၀ ကျော်အား ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**သူရိန်ထွန်း (ပဲခူး)**

# ကြက်သွန်စိုက်ခင်းများ ဖြိုင်ဖြိုင်ရေလောင်း ဖြိုင်ဖြိုင်ကောင်းနေပြီ



**ပေါက် မတ် ၄**

ရာသီဥတုပူပြင်းလာသည်နှင့်အမျှ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် ယောချောင်းဘေးတစ်လျှောက်တွင် စိုက်ပျိုးထားသော ကြက်သွန်စိုက်ခင်းများ ယခုအချိန်တွင် ဖြိုင်ဖြိုင်ရေလောင်း၍ ဖြိုင်ဖြိုင်ကောင်းနေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ရေလောင်းရာတွင် ယခင်က ပခုံးထမ်းဆိုင်းရေပန်းပုံးများကို အသုံးပြုရေလောင်းခဲ့ရသဖြင့် အချိန်ကုန် လူပန်း ငွေပန်းဖြစ်ခဲ့ကြရသည်။ ယနေ့ခေတ် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခေတ်မီလက်ဆွဲဟွန်တာရေစုပ်စက်များနှင့် ရေပက်ဖျန်းလောင်းကြသဖြင့် အချိန်တိုအတွင်း ပြီးစီးကာ လုပ်အား ငွေအား သက်သာပြီး စိုက်ခင်းများလည်း ရေအစိုဓာတ်ပိုမိုရရှိကာ အပင်ဖြစ်ထွန်းအား ပိုမိုကောင်းမွန်ကြောင်း ကြက်သွန်စိုက်တောင်သူများက ပြောသည်။

အဆိုပါ ကြက်သွန်စိုက်ခင်းများကို နတ်တော်လတွင် မြေပြင်ခြင်း၊ အောက်ခံမြေဩဇာနှပ်ပေးခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ရပြီး ပြာသိုလဆန်းပိုင်းတွင် ဖြိုင်ဖြိုင်စိုက်ပျိုးလျက်ရှိရာ မိမိတို့စိုက်ပျိုးထားသော မြေအနေအထားပေါ်မူတည်၍ အပေါ်ရေပက်ဖျန်းခြင်း မြေဩဇာကျွေးခြင်းလုပ်ငန်းများကို စိုက်ပြီး ၁၅ ရက်သားတစ်လသားမှ စတင်ဆောင်ရွက်ကြရသည်။ အပေါ်ပက်မြေဩဇာကျွေးခြင်းလုပ်ငန်းများကို စိုက်ပြီး ၄၅ ရက်အတွင်းသာ လုပ်ဆောင်ရပြီး ၄၅ ရက်ကျော်လွန်ပါက စိုက်ခင်းထဲတွင် ဥပုပ်ခြင်း ရေရှည်သိုလှောင်မထားနိုင်ခြင်းများ ဖြစ်တတ်သည်။ အပေါ်ရေပက်ဖျန်းခြင်းအနေဖြင့် မိမိတို့စိုက်ပျိုးထားသော ရေချိန်အပေါ်မူတည်၍ ပက်ဖျန်းပေးရပြီး ယခုအချိန်တွင် ရာသီဥတုပူပြင်းလာသည်နှင့်အမျှ ကြက်သွန်စိုက်ခင်းများ ဖြိုင်ဖြိုင်ရေလောင်း၍ ဖြိုင်ဖြိုင်ကောင်းနေပြီဖြစ်ကြောင်း သိရသည်။

**ဉာဏ်တိုး (ပေါက်)**

# မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းများသို့ ချေးငွေပေးအပ်

**ဇီးကုန်း မတ် ၄**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် သမဝါယမအသင်းတို့ပူးပေါင်း၍ ဒို့တောင်သူ မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းသား ၄၆ ဦးအား မျိုးစေ့ထုတ်စိုက်ဧက ၁၉၃ ဧကအတွက် China Exim Bank ပံ့ပိုးချေးငွေကျပ် ၅၇၉ သိန်း ပေးအပ်ပွဲကို ဇီးကုန်းမြို့နယ်ရှိ ညောင်ဇင်စိုက်ပျိုးရေးပညာပေး ရှေ့တန်းစခန်း၌ ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်သင်းသင်း၊ အသင်းစုဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အသင်းသားများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းတိုး (ဇီးကုန်း)**

# တစ်ပတ်အတွင်း ဈေးကွက်သုံးသပ်ချက်

## ဝတ်ရည်မွန် (AMIA)

**မတ်ပဲ**

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ မတ်ပဲက ပိဿာ ၆၀ ဝင်တစ်အိတ်ကို ငွေကျပ် ၄၉၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို မနေ့ကထက် ငွေကျပ် ၁၇၀၀ ဈေးကျသွားပါတယ်။ မန္တလေး ပွဲစားကုန်သည် စက်ပိုင်အသင်းမှာတော့ တစ်အိတ်ကို ငွေကျပ် ၄၆၀၀၀ ကနေ ၅၀၀၀၀ ပေါက်ဈေးရှိနေပြီး ငွေကျပ် ၁၀၀၀ ဈေးတက်သွားပါတယ်။ ရန်ကုန်နဲ့ မန္တလေးကုန်စည်ဒိုင်မှာ တစ်အိတ်ကို ၁၀၀၀ ဈေးကွာခြားမှု ရှိပါတယ်။

**ပဲစင်းငုံနီ**

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ပဲစင်းငုံနီက တစ်အိတ်ကို ငွေကျပ် ၃၇၆၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို မနေ့က ထက် ငွေကျပ် ၁၂၀၀ ဈေးကျသွားပါတယ်။ မန္တလေး ပွဲစားကုန်သည်စက်ပိုင်အသင်းမှာတော့ တစ်အိတ်ကို ငွေကျပ် ၃၀၀၀၀ ကနေ ၃၅၅၀၀ ပေါက်ဈေးရှိနေပြီး ငွေကျပ် ၁၀၀၀ ဈေးကျသွားပါတယ်။ ရန်ကုန်နဲ့ မန္တလေးကုန်စည်ဒိုင်မှာ တစ်အိတ်ကို ငွေကျပ် ၂၁၀၀ ဈေးကွာခြားမှု ရှိပါတယ်။

**နှမ်းနက်**

မန္တလေးပွဲစားကုန်သည်စက်ပိုင်အသင်းမှာ နှမ်းနက်က ၄၅ ပိဿာဝင်တစ်အိတ်ကို ငွေကျပ် ၁၀၀၀၀၀ ကနေ ၁၀၁၀၀၀ ပေါက်ဈေးရှိနေပါတယ်။ မုံရွာကုန်စည်ဒိုင်မှာတော့ ငွေကျပ် ၉၆၀၀၀ ကနေ ၁၂၀၀၀၀ ပေါက်ဈေးရှိပါတယ်။ မန္တလေးနဲ့ မုံရွာကုန်စည်ဒိုင်မှာ ငွေကျပ် ၁၉၀၀၀ ဈေးကွာခြားနေပါတယ်။

**ပဲဆီ**

မန္တလေးပွဲစားကုန်သည်စက်ပိုင်အသင်းမှာ ပဲဆီ တစ်ပိဿာကို ငွေကျပ် ၃၆၀၀ ကနေ ၄၅၀၀ ပေါက်ဈေး ရှိပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ ပဲဆီက တစ်ပိဿာကို ငွေကျပ် ၃၅၀၀ ကနေ ၄၀၀၀ ပေါက်ဈေးရှိပါတယ်။ မန္တလေးနဲ့ ပခုက္ကူ ကုန်စည်ဒိုင်မှာတော့ ငွေကျပ် ၅၀၀ ဈေးကွာခြားမှု ရှိပါတယ်။

**ပဲတီစိမ်း**

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ပဲတီစိမ်း (ခရမ်းရွှေဝါ) က တစ်ပိဿာကို ငွေကျပ် ၁၇၃၀ ကနေ ၁၇၅၀ ပေါက်ဈေး ရှိနေပါတယ်။ မန္တလေးပွဲစားကုန်သည် စက်ပိုင်အသင်းမှာတော့ တစ်ပိဿာကို ငွေကျပ် ၁၇၇၀ ကနေ ၁၇၉၀ ပေါက်ဈေး ရှိပါတယ်။ ရန်ကုန်နဲ့ မန္တလေးကုန်စည်ဒိုင်မှာတော့ တစ်ပိဿာ ကို ငွေကျပ် ၄၀ ဈေးကွာခြားမှု ရှိပါတယ်။



ကုန်စည်ဒိုင်များသို့ ပို့ဆောင်မည့် ပြောင်းဖူးစေ့များ — ဓာတ်ပုံ- သီဟစည်သူ

**ပြောင်းဖူးစေ့**

မုံရွာကုန်စည်ဒိုင်မှာ ပြောင်းဖူးစေ့ ၅၄ ပိဿာဝင် တစ်အိတ်ကို ငွေကျပ် ၁၀၅၀၀ ပေါက်ဈေးရှိပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ ငွေကျပ် ၁၁၀၀၀ ပေါက်ဈေးရှိနေပါတယ်။ မုံရွာကုန်စည်ဒိုင်နဲ့ ပခုက္ကူ ကုန်စည်ဒိုင်မှာ ငွေကျပ် ၉၅၀၀ ဈေးကွာခြားမှု ရှိပါတယ်။

# ကြက်သွန်နီအသစ်များ ဈေးကွက်သို့ ဝင်ရောက်လာသဖြင့် ဈေးနှုန်းများ ပြန်လည်ကျဆင်းလာ



**မန္တလေး မတ် ၄**

မန္တလေးမြို့ရှိ ကြက်သွန်ဈေးကွက်တွင် အထွက်နှုန်းကောင်းစွာ ပေါ်ထွက်လာသည့် ကြက်သွန်နီအသစ်များ စတင်ဝင်ရောက်လာသဖြင့် ဈေးနှုန်းများ ပြန်လည်ကျဆင်းလာကြောင်း သိရသည်။

### ပြန်လည်ကျဆင်းလာ

ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ ဈေးဖြင့် အမြင့်ဆုံးရောက်ရှိနေသည့် ကြက်သွန်နီ ဈေးကွက်မှ ရာသီချိန်ဖြစ်သည့် ယခုဖေဖော်ဝါရီလအတွင်း ကြက်သွန်နီအသစ်များ ထွက်ပေါ်လာခြင်းကြောင့် တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ ဈေးအထိ ပြန်လည်ကျဆင်းသွားကြောင်း တောင်သာမြို့နယ်မှ ကြက်သွန်စိုက်တောင်သူ ကိုမောင်အေးက ပြောသည်။

"မနှစ်က ဒီလိုရာသီချိန်မှာ အပျက်အစီးများတဲ့အတွက် အထွက်နှုန်းနည်းတယ်။ ဒီနှစ်မှာတော့ အထွက်နှုန်းက မနှစ်ကထက် လေးဆလောက်ပိုမယ်လို့ ခန့်မှန်းရတယ်။ ပြိုင်တူပေါ်ပြီး အထွက်နှုန်းကလည်းကောင်းတော့ ဈေးပြန်ကျတာ ထုံးစံပါပဲ။ လက်ရှိမှာတော့ မြစ်သားနဲ့ ဆိပ်ဖြူနယ်ဘက်ကပဲ ပေါ်သေးတယ်။ နောက်ထပ် တောင်သာနဲ့ မုံရွာနယ်ဘက်တွေက ထပ်ထွက်လာရင် ဈေးနှုန်းက ဆက်ပြီးကျဆင်းလာဦးမယ်" ဟု ၎င်းက ပြောသည်။

### ဆက်ကျဖို့ရှိ

ကြက်သွန်နီကို တန်ဆောင်းမုန်းလဆန်းတွင် မျိုးစေ့စတင်ပျိုး၍ ၄၅ ရက်ကြာပါက ပြောင်းရွှေ့စိုက်ပျိုးပြီး ရက်ပေါင်း ၁၀၅ ရက်အကြာတွင် ကြက်သွန်နီဥများကို ဖော်ယူရကြောင်းနှင့် ကြက်သွန်နီ တစ်ဧကလျှင် အနည်းဆုံး ပိဿာ ၆၀၀၀ ထွက်ရှိပြီး စိုက်ပျိုးစရိတ်မှာ ငွေကျပ် ၁၅ သိန်းခန့်ကုန်ကျကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# တာချီလိတ်၌ ပျိုးသက်နုကောက်ကွက်ကြဲ စပါးစိုက်ပျိုးနည်းစနစ် ကွင်းလက်တွေ့သရုပ်ပြ

**တာချီလိတ် မတ် ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ တောင်သူများ ခေတ်မီပျိုးသက်နု ကောက်ကွက်ကြဲ စပါးစိုက်ပျိုးနည်းအား သိရှိနားလည်စိုက်ပျိုးကာ အကျိုးအမြတ်များစွာ ရရှိစေရန် ကွင်းလက်တွေ့သရုပ်ပြပွဲကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ဖန်မင်ကျေးရွာအုပ်စု ပါဝုန်းကျေးရွာရှိ နွေစပါးစိုက်ခင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမှ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဒုတိယဦးစီးမှူး ဦးတင်ဦးက ပျိုးသက်နုကောက်ကွက်ကြဲ စပါးစိုက်ပျိုးနည်းစနစ် ကွင်းလက်တွေ့သရုပ်ပြသရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးပါက တောင်သူများ မျိုးစေ့ကုန်ကျမှုသက်သာခြင်း၊ လုပ်သားရှားပါးမှုနှင့် လုပ်အားခသက်သာခြင်း၊ စပါးအထွက်နှုန်း ပိုမိုထွက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှဝင်းက ပြောသည်။

ဆက်လက်ပြီး ကျေးရွာအုပ်စုအတွင်းရှိ တောင်သူ ၅၄ ဦးအား ပျိုးသက်နုကောက်ကွက်ကြဲ စိုက်ပျိုးနည်းစနစ်ကို ကွင်းလက်တွေ့သရုပ်ပြသပေးပြီး ရှမ်း၊ အာခါ၊ လားဟူ တိုင်းရင်းသားဘာသာများဖြင့် ပညာပေးပိုစတာများ စိုက်ထူခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဝေယံလင်း (ပြန်/ဆက်)**

# ထားဝယ်၌ စပါးမျိုးကောင်း မျိုးသန့် မျိုးစေ့ ထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်

**ထားဝယ် မတ် ၄**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ KOPIA Project အစီအစဉ်ဖြင့်ဆောင်ရွက်သည့် အရည်အသွေးပြည့်မီသော စပါးမျိုးကောင်း မျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ထားဝယ်မြို့ ဗျောတောဝရပ်ကွက်ရှိ စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ကြိုးပမ်းဆောင်ရွက်

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လှက တိုင်းဒေသကြီးအတွင်း မျိုးစေ့သန့် အထွက်ကောင်းစပါးမျိုး စိုက်ပျိုးမှသာ အထွက်နှုန်းကောင်းပြီး တောင်သူများ ဝင်ငွေတိုးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ဝမ်းစာမဖူလုံသေးသော အခြေအနေတွင် မျိုးကောင်း၊ မျိုးသန့်များ အစားထိုးနိုင်မှ စပါးအထွက်တိုးမည်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းကို တောင်သူအဖွဲ့အစည်းနှင့် စုဖွဲ့ဆောင်ရွက်နေချိန်တွင် ယခုလို သင်တန်းပို့ချသည့်အတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မျိုးစေ့ထုတ်လုပ်ငန်းကို လေ့လာသင်ယူပြီး တိုင်းဒေသကြီး ဝမ်းစာဖူလုံမှု ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

### ဖွင့်လှစ်ပို့ချ

ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ရီက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းတွင် ပို့ချရန် ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။

**ဖိုးရွှေသွန်း (ထားဝယ်)**

# လယ်ယာသုံးစက်ပစ္စည်းများ ကိုင်တွယ်အသုံးချနည်း အသိပညာပေး

**နတ်တလင်း မတ် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ရွာမရပ်ကွက် ရန်ကုန်-ပြည်လမ်းဘေးရှိ ဦးသန်းဌေးပိုင်အရောင်းပြခန်း၌ ဂျွန်ဒီးယားကုမ္ပဏီမှ လယ်ယာသုံးပစ္စည်းများ လက်တွေ့ကိုင်တွယ်အသုံးချ အသိပညာပေးပွဲကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ကျင်းပခဲ့သည်။

ဂျွန်ဒီးယားကုမ္ပဏီအရောင်းပြခန်းနှင့် ဈေးကွက်တာဝန်ခံ ဦးအဲလစ်က လယ်ယာသုံးပစ္စည်းများ ရောင်းချနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ တောင်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းနှင့် အရစ်ကျစနစ်ဖြင့်ဝယ်ယူရာတွင် ပေးချေရမည့် နည်းစနစ်များအကြောင်း ရှင်းလင်းပြောကြားပြီး လယ်ထွန်စက်ဖြင့် ထွန်ယက်မှုများကို လက်တွေ့ဆောင်ရွက်ပြသခဲ့ရာ တောင်သူ ၆၅ ဦးခန့် လာရောက် လေ့လာခဲ့ကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

# ဆီထွက်သီးနှံ မျိုးစေ့ထုတ်လုပ်ရေးကဏ္ဍ တိုးချဲ့ဆောင်ရွက်နိုင်ရေး နိုင်ငံတော်သို့ တင်ပြသွားမည်

**နေပြည်တော် မတ် ၄**

မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် ရောဝတီတိုင်း ဒေသကြီးတို့တွင် ဆီထွက်သီးနှံကဏ္ဍ ဖူလုံရေးအတွက် အရည်အသွေးပြည့်မီသည့် မျိုးစေ့များ ထုတ်လုပ်လျက်ရှိပြီး အဆိုပါ မျိုးစေ့ထုတ်လုပ်မှုများကို တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းမှ သိရသည်။

"ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းမှာ ရေနဲ့ မြေက အဓိက ဖြစ်ပြီး မျိုး၊ စက်ကိရိယာ၊ နည်းပညာ စတဲ့ သွင်းအားစုတွေနဲ့ ပေါင်းစပ်လိုက်ရင် တစ်ဧက တင်း ၁၀၀ ရည်မှန်းချက်ကို အောင်မြင်မှာဖြစ်ပါတယ်၊ တောင်သူတွေလည်း ပဲမျိုးစုံကို အိန္ဒိယက ပိတ်တော့ သူတို့ဘဝက အတော်အဆင်မပြေဖြစ်နေတာ၊ မြေပဲစိုက်ချင်တဲ့တောင်သူတွေ အရမ်းများလာတော့ မျိုးပေးနိုင်အောင် အခုလို စိုက်ကွင်းနဲ့ စတာဖြစ်ပါတယ်၊ မျိုးမှန်မှ အထွက်နှုန်း တင်း ၁၀၀ သေချာမှာဖြစ်ပါတယ်၊ ဇန်နဝါရီလက Pil ot Project ၆၀ ဧကက ထွက်တဲ့မျိုးကို ထပ်ပွားတယ်၊ မျိုးက စိုက်ပျိုးရေးက တရားဝင်အသိအမှတ်ပြုထားတဲ့ ဆင်းပဒေသာ ၁၁ မျိုးပါ၊ နိုင်ငံခြားမျိုး မဟုတ်ဘူး၊ ပြည်တွင်းမျိုးကို အခြေပြုစိုက်ထားတာပါ၊ ကုန်ကျစရိတ် သက်သာအောင်ပါ၊ ဒါကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း(MEOM A)ရဲ့ စိုက်ထုတ်ကုန်ကျငွေနဲ့ Model Farming လုပ်ခြင်းဖြစ်ပါတယ်၊ မျိုးက သိပ်ကိုအရေးကြီးလို့ မျိုးကို စတင်ထုတ်လုပ်တာ ဖြစ်ပါတယ်၊ လာမယ့်နှစ်တွေမှာ နိုင်ငံတော်ကိုတင်ပြပြီး တိုးချဲ့လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်၊ ဒုတိယ Model Farming ကိုလည်း အောင်လံမှာပြီးရင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်ဒေသ မရိုးကုန်းကျေးရွာမှာ ၁၅ ဒသမ ၅ ဧက ထပ်လုပ်သွားဖို့ အစီအစဉ်ရှိပါတယ်"ဟု မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဒုဥက္ကဋ္ဌ(၁) ဦးထွန်းထွန်းဦးက ပြောသည်။

မျိုးမြေပဲ စံပြစိုက်ကွင်းအတွက် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မရိုးကုန်းကျေးရွာမှ တောင်သူများနှင့် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းတို့ တွေ့ဆုံကာ စိုက်ပျိုးမြေ သတ်မှတ်ရွေးချယ်ခြင်း၊ မျိုးစမ်းသပ်ရွေးချယ်ခြင်း အပါအဝင် နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်၊ ဆေး၊ မြေဆီ၊ စိုက်ပျိုးနည်းပညာ၊ မျိုးပြန်လည်ဝယ်ယူမည့် ကိစ္စများကို ဆောင်ရွက်နေပြီး ထိုင်ဝမ်နည်းပညာ ဘောင်ဖော်အစေ့ချစံနစ်ဖြင့် မစိုက်ပျိုးမီ ကြိုတင်ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။

ဆီထွက်သီးနှံကို ဦးစားပေးစိုက်ပျိုးကဏ္ဍအဖြစ် တစ်ဧကတင်း ၅၀ မှ တင်း ၁၀၀ အထိ ထွက်ရှိနိုင်ရန် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းက ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနှင့် ပူးပေါင်းကာ ထိုင်ဝမ်နည်းပညာဖြင့် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ ထွက်ကုန်နှစ်ဆတိုးမြင့်ပြီး မြန်မာ့စားသုံးဆီလုံလောက်စေရန်ရည်ရွယ်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းအနေဖြင့် တောင်သူများနှင့်ပူးပေါင်းပြီး ကန်ထရိုက်စနစ်ဖြင့်လည်း မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ရွာမထုံးကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မရိုးကုန်းကျေးရွာ၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ညောင်ပင်ရွာတို့တွင် pilot project အပိုင်း ၁၊ ၂၊ ၃၊ ၄ ဟု ခွဲခြားကာ မြေပဲစိုက်ပျိုးနေကြောင်း သိရသည်။



ပဲစိုက်ပျိုးမှုတွင် အပင်ပေါက်နှုန်း ကောင်းခြင်း၊ ရောဂါပိုးမွှား ကင်းစင်ခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ခြင်း အရည်အသွေးများ ပြည့်စုံသော မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာဝယ်ယူရရှိနိုင်ရန်အတွက် နိုင်ငံမျိုးစေ့ဘဏ်(Seeds Bank)များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တည်ထောင်ပေးခြင်း၊ နည်းပညာများ ရရှိရန်အတွက် ပညာရှင်များဖိတ်ခေါ်ခြင်းနှင့် ပြည်ပသို့ ပညာတော်သင်များ စေလွှတ်ခြင်း၊ စက်ကိရိယာများကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များပါဝင်သော အများပိုင်အဖွဲ့က ဝယ်ယူရင်းနှီးမြှုပ်နှံပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ဝန်ဆောင်မှုပေးခြင်းတို့ကိုလည်း မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းက ဆောင်ရွက်နေကြောင်း သိရသည်။

**မြတ်သူ(AMIA)၊ ဓာတ်ပုံ- ကေဇူး(AMIA)**

# သိုးနှင့် ဆိတ်အရှင်များကို တရုတ်အပြင် အခြားနိုင်ငံများသို့ပါ တင်ပို့ခွင့်ပေးရန် လုပ်ငန်းရှင်များ တောင်းဆို

**နေပြည်တော် မတ် ၄**

သိုးနှင့် ဆိတ်အရှင်များကို တရုတ်နိုင်ငံအပြင် အခြားဈေးကွက်ရှိသည့် ထိုင်းနှင့် မလေးရှားနိုင်ငံများသို့ပါ တင်ပို့ခွင့်ရအောင် နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သိုး၊ ဆိတ် မွေးမြူတင်ပို့မှုတိုးတက်ရေး ပေါင်းစပ်ညှိနှိုင်းရေးအသင်းဥက္ကဋ္ဌက ဦးဌေးဝင်းက ပြောသည်။

"တရုတ်အပြင် တခြားဈေးကွက်ရှိတဲ့ နိုင်ငံတွေကိုလည်း တင်ပို့နိုင်မှ မွေးမြူသူတွေအတွက် အဆင်ပြေနိုင်မယ်။ အခု ဈေးကွက်အခြေအနေအရ ထိုင်းနဲ့ မလေးဘက်ကို နည်းနည်းတင်ပို့တယ်။ ဈေးကွက်လည်း ခိုင်မာတယ်။ တရုတ်နိုင်ငံတစ်ခုတည်းကိုပဲ မှီခိုနေမယ်ဆိုရင် တရုတ်ကသာ မဝယ်တော့ရင် မွေးမြူသူတွေအားလုံး ခက်ခဲလာနိုင်တယ်။ ရောင်းရင်လည်း ထိုင်းကနေတစ်ဆင့် မလေးရှားဘက်ကိုသွားတာဆိုတော့ တိုက်ရိုက်တင်ပို့နိုင်ဖို့ နိုင်ငံတော်ကနေ ဆောင်ရွက်ပေးဖို့လိုအပ်တယ်။ တချို့နိုင်ငံတွေက အစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုနဲ့ပဲဝယ်တော့ ချိတ်ဆက်ပေးဖို့လိုတယ်"ဟု ၎င်းက ပြောသည်။

မလေးရှားမှ ဝယ်လက်များသည် ရန်ကုန်သို့သာ အလာရှိပြီး မန္တလေးဘက် အလာမရှိခြင်းကြောင့် ရန်ကုန်မှ ဝယ်လက်များကိုသာ မှီခိုရောင်းချရန်ဖြစ်ပြီး ပြည်ပမှအဝယ်များသော ဆိပ်စွပ်ရေခဲသား တင်ပို့မှုအစား အရှင်တင်ပို့မှုကိုသာ ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာ ၂၉ ရက်အထိ စာရင်းများအရ မြန်မာနိုင်ငံမှ သိုးအရှင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၄ သန်း ရရှိခဲ့ကြောင်း သိရသည်။



"တင်ပို့တဲ့နိုင်ငံကိုကြည့်ရင် အိမ်နီးချင်းတရုတ်နိုင်ငံကို အဓိကထား တင်ပို့နေတာဖြစ်ပြီး ဈေးကွက်တိုးချဲ့နိုင်မယ်ဆိုရင် လက်ရှိတင်ပို့နေတဲ့ အခြေအနေထက် ပိုမိုတိုးတက်တင်ပို့နိုင်ဖို့ အလားအလာကောင်းတွေ ရှိနေတယ်လို့ ဆိုနိုင်မှာလည်း ဖြစ်ပါတယ်၊ တိရစ္ဆာန်အရှင်တင်ပို့မယ်ဆိုရင် ပြည်တွင်းလုပ်ထုံးလုပ်နည်းများနဲ့အညီ တင်ပို့ရန် လိုအပ်ရုံသာမက တင်ပို့မယ့်ဈေးကွက်ရဲ့ သတ်မှတ်လုပ်ထုံးလုပ်နည်းတွေနဲ့ စံချိန်စံညွှန်း သတ်မှတ်ချက်တွေကိုလည်း သိရှိနားလည်ထားဖို့ အရေးကြီးပါတယ်"ဟု ဆိတ်အရှင် ပို့ကုန်လုပ်ငန်းရှင် ဦးကျော်စိုးက ပြောသည်။

မြန်မာနိုင်ငံတွင် ဆိတ်မွေးမြူရေး လုပ်ငန်းကို မကွေးတိုင်းဒေသကြီးတွင် အများဆုံးလုပ်ကိုင်နေကြပြီး သိုး၊ ဆိတ် အများဆုံးမွေးမြူသည့် ပခုက္ကူမြို့နယ် နတ်တောင်စင်ကျေးရွာတွင် မြန်မာနိုင်ငံကိုယ်စားပြု သိုး၊ ဆိတ် မွေးမြူတင်ပို့မှုတိုးတက်ရေး ပေါင်းစပ်ညှိနှိုင်းရေးအသင်းကို ဖွဲ့စည်းလိုက်ပြီး တောင်စင်ရွာတွင် မွေးမြူရေးဇုန်တစ်ခု ဖွံ့ဖြိုးလာသည်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)၊**
**ဓာတ်ပုံ- ကေဇူး(AMIA)**

# ရော်ဘာထုတ်လုပ်သူများအသင်း ဗဟိုအလုပ်အမှုဆောင်ရွေးချယ်



**ပုသိမ် မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း နှစ်ပတ်လည်တွေ့ဆုံပွဲနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်သည့် အခမ်းအနားကို မတ် ၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက ရော်ဘာလုပ်ငန်းရှင်များ အနေဖြင့် စိုက်ပျိုးခြင်းဆိုင်ရာ နည်းစနစ်ကောင်းများကို အစဉ်လေ့လာပြီး ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်မှသာ လက်ခံဝယ်ယူမည့်သူများ ရှိလာမည်ဖြစ်ကြောင်းနှင့် ထုတ်ကုန်များ အရည်အသွေးကောင်းမွန်အောင် နည်းပညာသစ်များဖြင့် ဆောင်ရွက်သွားကြရေး အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဌေးလွင်၊ ဒုတိယတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှူး ဗိုလ်မှူးသိန်းလှိုင်၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်နှင့် ရော်ဘာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်များနှင့် ထုတ်လုပ်ပုံ နည်းလမ်းများကို အသိပညာမျှဝေခဲ့သည်။ ထို့နောက် ရော်ဘာလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်သစ်များ ပြန်လည်ရွေးချယ်ကာ အသင်းကြီးမှ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေဆိုင်ရာ အသိပေးရှင်းလင်းပွဲ ကျင်းပ

**မိုင်းယောင်း မတ် ၄**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေသည့် တောင်သူများ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအား ချေးငွေများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးမည်ဖြစ်ရာ ချေးငွေဆိုင်ရာ လိုက်နာရမည့် သတ်မှတ်စည်းကမ်းချက်များ ရှင်းလင်းဟောပြောပွဲကို ဝမ်တပ်ကျေးရွာအုပ်စုရှိ ဟိုရမ်းကျေးရွာ၌ မတ် ၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်နှင့် သက်ဆိုင်ရာဌာနများပါဝင်သော မြို့နယ်ချေးငွေကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အဆိုပါ ချေးငွေများထုတ်ချေးရာတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်လိုသူများအတွက် အသေးစားစက်ကိရိယာများ ဝယ်ယူခြင်းဆိုင်ရာ ချေးငွေကို သက်တမ်းသုံးနှစ်ရှိ နှစ်တိုချေးငွေအဖြစ်သတ်မှတ်၍ ချေးပေးမည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးအခြေခံ စီးပွားရေးလုပ်ငန်းချေးငွေများကို နှစ်ရှည်ချေးငွေအဖြစ် သတ်မှတ်၍ ချေးငွေသက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ သုံးနှစ်တာကာလ နှစ်တိုချေးငွေများအတွက် သိန်းနှစ်ရာအောက် ချေးငွေများ ထုတ်ချေးမည်ဖြစ်၍ တစ်နှစ်လျှင် အတိုးနှုန်း ကိုးရာခိုင်နှုန်းသတ်မှတ်ပြီး ငါးနှစ်တာကာလ နှစ်ရှည်ချေးငွေများအတွက် သိန်းနှစ်ရာမှ အများဆုံး သိန်းငါးထောင်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေအတွက် အာမခံပစ္စည်းများ ထားရှိရာတွင် ချေးငွေပမာဏထက်မနည်းသော တန်ဖိုးရှိသည့် လယ်ယာလုပ်ပိုင်ခွင့်ပုံစံ(၇)၊ လန-၃၉(သို့) လယ်ယာမြေဥပဒေပုဒ်မ ၃၀(က)နှင့် (ခ)အရ အခြားသုံးစွဲခွင့်(သို့) မြေငှားလိုင်စင် ဂရန် (သို့) ဘိုးဘွားပိုင်မြေ၊ မြေသုံးစွဲခွင့်ပြုမိန့် မူရင်းနှင့် မပြောင်းရွှေ့နိုင်သော ပစ္စည်းများအပြင် အာမခံမည့်လူပုဂ္ဂိုလ်နှစ်ဦး လိုအပ်မည်ဖြစ်ကြောင်း၊ နှစ်ရှည်ချေးငွေအတွက် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအပေါ် မီးအာမခံအဖြစ်ထားရှိသော စာရွက်စာတမ်းများကိုလည်း အာမခံထားရှိနိုင်ကြောင်း သိရသည်။



အဆိုပါ ချေးငွေများကို ပြန်လည်ပေးဆပ်ရာတွင် သုံးနှစ်သက်တမ်းရှိ နှစ်တိုချေးငွေများအတွက် ကျသင့်သောအတိုးကို ခြောက်လလျှင် တစ်ကြိမ်ဖြင့် သုံးနှစ်အတွင်း ခြောက်ရစ်ခွဲ၍ အရင်း အတိုးပေးသွင်းရမည်ဖြစ်ကြောင်း၊ ငါးနှစ်သက်တမ်းရှိ နှစ်ရှည်ချေးငွေများအတွက် ပထမနှစ်၌ ကျသင့်အတိုးကို ခြောက်လတစ်ကြိမ် ပေးသွင်းပြီးနောက် ကျန်ချေးငွေသက်တမ်း လေးနှစ်အတွင်း အရင်းနှင့်ကျသင့်အတိုးကို ခြောက်လတစ်ကြိမ်ဖြင့် ရှစ်ရစ်ခွဲ၍ ပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လျှပ်တစ်ပြက် လောက်ကိုင်

**မြင့်စိုး(နတလ)**

ကျွန်တော့်ဘဝတွင် ယနေ့အချိန်အထိ သွားလာခဲ့ဖူးသော ပြည်တွင်းခရီးစဉ်များ (ကြွားဝါလောက်သောစကားဟု မမှတ်ယူကြပါလျှင် ပြည်ပခရီးစဉ် အနည်းငယ် အပါအဝင်)မှာ လေယာဉ်ဖြင့် တစ်မျိုး၊ မော်တော်ကားဖြင့်က အများဆုံး၊ ခြေကျင်ဖြင့် တစ်ဖုံ၊ ငယ်ဘဝအစ မွေးရပ်မြေတောရွာက ပြန်ကောက်ရပါမူ လှည်းတွေ၊ လှေတွေလည်း အစုံအလင်ထည့်သွင်းပြီးသကာလ ယာဉ်အမျိုးမျိုး၊ နည်းလမ်းအသွယ်သွယ်ဖြင့် သွားခဲ့ဖူးပါပြီ။ သို့သော်ငြားလည်း အကြောင်းသင့်၊ အလျဉ်းသင့်၍ တပ်မတော်ကစီစဉ်ပေးသော ရဟတ်ယာဉ်ဖြင့် လိုက်ခွင့်ကြုံဖူးသည့်ခရီးစဉ်ကမူ မှတ်မှတ်ရရ လေးကြိမ်သာ ရှိခဲ့ဖူးပါသည်။

ပထမဦးဆုံးစီးဖူးသော ခရီးစဉ်က ကျွန်တော်နတလသို့ ရောက်ပြီး နောက်တစ်နှစ် ၁၉၉၆ခုနှစ် ဇန်နဝါရီလထဲမှာ ဦးခွန်ဆာ၏ လွယ်မော်အဖွဲ့ အကြွင်းမဲ့ လက်နက်စွန့်သောအခါ ဟိုမိန်းဒေသ အထူးအုပ်ချုပ်ရေးအဖွဲ့ဝင် ၃၅ ယောက်အား ဟိုမိန်းသို့ အားချင်းပို့ဆောင်ပေးရာ၌ လင်းခေး-ဟိုမိန်း ခရီးစဉ်ကို ရဟတ်ယာဉ်နှစ်စင်းဖြင့် ပို့ဆောင်ပေးသည့်ခရီးစဉ် ဖြစ်၏။ ဒုတိယအကြိမ်မြောက် ရဟတ်ယာဉ်ခရီးစဉ်ကမူ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက သမ္မတရုံးဝန်ကြီးဦးလှထွန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းတို့၏ ခရီးစဉ်ဖြင့် လိုက်ပါခွင့်ကြုံခဲ့သော လားရှိုးမှ လောက်ကိုင်-ဟိုပန်ခရီးစဉ်ဖြစ်၏။ တတိယခရီးစဉ်ကမူ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပပြီးနောက်တစ်နေ့ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က လဟယ်-ခန္တီး ခရီးစဉ်ကို အုပ်ချုပ်မှုသုံး ရဟတ်ယာဉ်တစ်စင်းဖြင့် အတူလိုက်ပါခွင့် ရခဲ့ခြင်းပါလေ။ ခန္တီး-လဟယ် အသွားခရီးကို မော်တော်ကားဖြင့်သွားခဲ့ရာ ဖြတ်ကျော်ခဲ့ရသည့် ထိန်ညိုတောင်(အမြင့်ပေ ၄၉၉၇ပေ)ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရသည်မှာ အမြင်တစ်မျိုးဆန်းနေ၏။ "ထိန်ညိုတောင်ကို သုံးပေ မြေထပ်ဖို့ပြီးမှ တိုင်းထွာလိုက်ပါမူ အမြင့်ပေ ၅၀၀၀ နှင့် လွယ်လွယ်ကူကူ မှတ်ရလွယ်ပေမပေါ့"ဟု မှတ်ချက်ပြုခဲ့ဖူးသော ညီတော်မောင် ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်အား သတိရလိုက်မိသော ခရီးစဉ်တစ်ခုဆိုလျှင်လည်း မမှားပါ။

ယခုစတုတ္ထအကြိမ်မြောက် ခရီးစဉ်ကမူ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၂ ရက်က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ကျော်ဇော၏ ရှမ်းပြည်နယ် (မြောက်ပိုင်း) ခရီးစဉ်တွင် ပြည်ထောင်စုဝန်ကြီး၏ တာဝန်ပေးချက်အရ လိုက်ပါခွင့်ရခဲ့ခြင်းဖြစ်သည်။ ထိုခရီးစဉ်တွင် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ထင်မော်ထွန်းလည်း ပါဝင်လာသဖြင့် တစ်ခါက ဦးစီးအရာရှိ(တတိယတန်း)တာဝန် ထမ်းဆောင်ခဲ့ဖူးသော ယင်းဌာန(ကကနယ်)မှ ဆရာသမားများဖြစ်သော ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ဗိုလ်မှူးဒေါ်ခင်မျိုးနွယ်(ခင်မျိုးနွယ်-မန်းတက္ကသိုလ်)တို့ကို ပြေး၍သတိရလိုက်မိသေး၏။ ခမရ(၁၄)၊ ခလရ(၃၃)၊ ရမခတို့ကဲ့သို့ပင် ကကနယ်သည်လည်း သံယောဇဉ်ကြီးခဲ့ရသော ဌာနတစ်ခုဖြစ်ခဲ့သည်။

**လျှပ်တစ်ပြက်လောက်ကိုင်**

လျှပ်တစ်ပြက်လောက်ကိုင်ဟု ကျွန်တော်ညွှန်းဆိုလိုက်ရခြင်းမှာ မျှော်လင့်မထားသောအချိန်တွင် လိုက်ခွင့်ကြုံခဲ့ခြင်းကြောင့် ထိုသို့ပြောလိုက်ရခြင်းပါတည်း။ နတလကိုရောက်ရှိသည့် ၁၉၉၅ ခုနှစ်က လောက်ကိုင်မှာ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို စတင်တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ထိုစဉ်က လောက်ကိုင်မြို့ပြ၏ ပရိဝုဏ်သည် ယခုလောက် အရှိန်အဝါမကြီးသေး။ မြို့ဟောင်း နေရာသေးသေး လေးမှာပင် ဈေးလည်းရှိသည်၊ အထကကျောင်းလည်းရှိသည်။ ကိုမိုးမောက်တို့ မောင်နှမ တာဝန်ထမ်းဆောင်နေသော စာတိုက်နှင့် ကြေးနန်းရုံးလည်း ရှိသည်။ မောင်ဟန်သိန်းဦးတို့အဖွဲ့ ပျော်မွေ့ရာ စိုက်ပျိုးရေးရုံး၊ ဦးစန်းမောင်တို့ စက်မှုလယ်ယာအဖွဲ့နှင့် ထွန်စက်ကြီးများနားခိုရာ မြို့အရှေ့ဖျားဆီက စက်မှုလယ်ယာရုံး၊ ၄င်းနှင့် မနီးမဝေးမှာတော့ ကျွန်တော်တို့ဝန်ထမ်းများအတွက် စိတ်ပျော်ရွှင်မှုကို ဖြစ်စေသည့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ။



လောက်ကိုင်မြို့အနီးမှ ကြံစိုက်ခင်းကြီးများ မြင်ကွင်း



'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အမှတ်တရ

တိုက်တိုက်ဆိုင်ဆိုင် ထိုစဉ်က (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းပွဲတော် ကျင်းပနေစဉ် တစ်ခုသောဘောလုံးပွဲစဉ်တစ်ခု (ဗီယက်နမ်နှင့် ထင်ပါသည်)၌ ဂိုးသမားအောင်ကျော်ကျော်၊ နောက်တန်းကစားသမား မင်းဇော်ဦးတို့ အနီကတ်ဖြင့် အထုတ်ခံရသောကြောင့် ကိုသန်းတိုးအောင်တို့ ကျန်ကိုးယောက်လျှာထွက်မတတ် ပြေးလွှားကစားနေရသည်ကို ကြည့်ခဲ့ရသည်။ ထိုအကြောင်းတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သင်တန်းတစ်ခု၌ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ အင်ဂျင်နီယာမှူးကြီးများအား နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများဆိုင်ရာ သင်ခန်းစာပို့ချချိန်တွင် အင်ဂျင်နီယာမှူးကြီးကိုသန်းတိုးအောင်နှင့်ဆုံသဖြင့် ရယ်ရယ်မောမော ပြောပြမိသေး၏။

၂၀၀၀ ပြည့်နှစ်၌ ဒုတိယတစ်ခေါက်ပြန်ရောက်ဖြစ်သော လောက်ကိုင်ကမူ ဟိတ်ကြီးဟန်ကြီး ဣန္ဒြေကြီးတစ်ခွဲသားနှင့် ဖြစ်တည်နေပေပြီ။ ယခင်မြို့ဟောင်းပရိဝုဏ်လေးကို တိုးချဲ့လျက် အရှေ့ခြမ်းမြို့သစ်၊ ဇာမဏီမြို့သစ်၊ ရွှေဆင်မြို့သစ်၊ ငြိမ်းချမ်းရေးမြို့သစ်၊ ဖုန်လီချိန်(နဂါးညီနောင်)မြို့သစ် စသည်တို့ဖြင့် စည်ကားများပြားလို့နေချေပြီတကား။ ထိုစဉ်က သွားရောက်ခဲ့ရသောတာဝန်မှာ လောက်ကိုင်မြို့၌ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီးတစ်ခု တည်ဆောက်ပြီးစီးခဲ့ရာ မိမိတို့ဝန်ကြီးဌာန လုပ်ငန်းဌာနများအလိုက် ပြခန်းများ တာဝန်ယူခင်းကျင်းပြသကြရန်အတွက်ဖြစ်သည်။ အောင်မြင်ခဲ့တာ မအောင်မြင်ခဲ့တာ အသာထားလို့ တာရှေထန်ဒေသမှာ စိုက်ပျိုးခဲ့သော ပန်းဂျုံဖြင့် ဂုဏ်သတင်းမွှေးနေချိန်၊ အဆင့်မြင့်ဟိုတယ်တွေ၊ ဈေးတွေတည်ဆောက်လာချိန်၊ လမ်းအသွယ်သွယ်၌ စားသောက်ဆိုင်များ၊ အရောင်းခန်းမများ ဒလဟောပေါ်ပေါက်နေပြီသာမက ပုဂ္ဂလိကဆေးခန်းများပင် အလွန်များပြားလို့နေပေရာ ၁၉၉၅ ခုနှစ် ယခင်မြို့ဟောင်း နေရာလေးက လောက်ကိုင်ပြည်သူ့ဆေးရုံဟောင်းလေးမှာ ဆုံခဲ့သည့် ဒေါက်တာအောင်ရွှေဖြူနှင့် ဆရာ ဆရာမများ၊ သန့်ရှင်းရေးလုပ်သား 'ဝ'တိုင်းရင်းသူကြီး ဒေါ်ကြီးမြဲတို့ကို သတိရနေမိသေးတော့။

တတိယခရီးစဉ်ကမူ စောစောက ကျွန်တော်ပြောခဲ့ဖူးသော ၂၀၁၃ ခုနှစ်၌ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ရောက်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်၏ ယခုလောက်ကိုင်ခရီးစဉ်က စတုတ္ထမြောက်ခရီးစဉ် ဖြစ်ပါသည်။ ပြည်ထောင်စုဝန်ကြီးလမ်းညွှန်မှာကြားလိုက်သည့်အတိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ညှိနှိုင်းမှတ်သား ရယူနိုင်ခဲ့ပါသည်။ ယခင်ဦးစီးအဖွဲ့ဥက္ကဋ္ဌဟောင်း ဦးပယ်စောက်ချိန်ကလည်း ကစထမှူးထံ လာရောက်တွေ့ဆုံနှုတ်ဆက်သဖြင့် အခွင့်သင့်ခိုက် ၁၉၉၅ ခုနှစ်က လောက်ကိုင်၌ နေခဲ့ဖူးကြောင်း၊ ဗိုလ်မှူးချုပ်ဝေလင်း၊ ဗိုလ်မှူး စိုးအောင်၊ ဗိုလ်မှူးစိုးသန်း (ကွယ်လွန်)တို့သည်လည်း ဦးပယ်စောက်ချိန်နှင့်အတူ လောက်ကိုင်ဒေသ စိုက်ပျိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ဖူးကြောင်း ပြောဖြစ်ခဲ့ကြသည်။ လက်ရှိ ကိုးကန့်ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်ထယ်ချမ်းကလည်း ငယ်ရွယ်တက်ကြွသူတစ်ဦးပင်။ သူနှင့်အတူ ကုန်းကြမ်းဒေသ ရေရရှိရေးလုပ်ငန်းများကို အလေးပေး ဆွေးနွေးဖြစ်ခဲ့ကြပါသည်။

**ပလောင်၊ 'ဝ' ဥက္ကဋ္ဌများနှင့်လည်း တွေ့ဆုံ**

လားရှိုးသို့ပြန်ရောက်ပြီး နောက်တစ်နေ့ ဖေဖော်ဝါရီ ၂၃ ရက်တွင်မူ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးဝင်းကျော်နှင့် တွေ့ဆုံခွင့်ရခဲ့သည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းမပြောမီ ဟိုးယခင် ကျွန်တော်ရောက်ဖူးခဲ့သော ၁၉၉၁ ခုနှစ်က နမ့်ဆန်မြို့လေးအခြေအနေကို အမှတ်တရ ပြန်လည်ပြောဖြစ်ခဲ့ကြ၏။ သူကလည်း တော်တော်များများကို မှတ်မိနေပါသည်။ သူပြောပြမှသာ ကျွန်တော်တို့ စစ်ဗျူဟာမှူးကြီး ဗိုလ်မှူးကြီးစောဘိုးသာ(ကွယ်လွန်)၏မိတ်ဆွေ၊ နမ့်ဆန်မြို့ ဇယန်းကြီးရပ်ကွက်နေ ကရင်တိုင်းရင်းသားကြီး စောကန္ဒီ ကွယ်လွန်သွားပြီဖြစ်ကြောင်း သိလိုက်ရ၍ စိတ်မကောင်းဖြစ်ရပါသည်။ ၁၉၉၁ ခုနှစ်၌ PSLA အဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးကြစဉ်က သူလည်း တစ်ထောင့်တစ်နေရာက စိတ်ရောကိုယ်ပါ ကူညီခဲ့သူဖြစ်သည်။ ဥက္ကဋ္ဌ ဦးဝင်းကျော်ကိုလည်း ယခုမှ တွေ့ဖူးဆုံဖူးလင့်ကစား ရင်းနှီးခင်မင်စွာ စကားပြောခွင့်ရခဲ့ပါသည်။ သူနှင့်တွေ့ဆုံအပြီး လားရှိုးမှာပင် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့် ဆက်လက်တွေ့ဆုံခဲ့သည်။ မကြာမီကမှ ပြန်လည်ရောက်ရှိခဲ့သော မက်မန်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းကို ဦးစွာပထမပြောဖြစ်ခဲ့ကြ၏။

**မြစ်သံလွင်ကို နှုတ်ဆက်ခဲ့သည်**

သံလွင်မြစ်ကူးတံတား တော်တော်များများကို ကျွန်တော်ဖြတ်ဖူးခဲ့ပြီဖြစ်သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကွမ်းလုံတံတားကြီးမှအစ တန့်ယန်းဒေသရှိ သံလွင်တံတား (တာကော်အက်)၊ ကရင်ပြည်နယ်က သံလွင်တံတား(ဘားအံ)၊ မွန်ပြည်နယ်က သံလွင်တံတား(မော်လမြိုင်) စသည် စသည်ဖြင့်။ အချို့သော နေရာများ၌ တံတားမရှိသော်ငြား ကူးတို့ဖောင်ဖြင့်ဖြတ်ကူး၍လည်း သွားခဲ့ဖူးပေပြီ။ ဥပမာအားဖြင့် ဟိုမိန်းဒေသသို့ သွားရောက်ခဲ့စဉ်က ဖြတ်ကူးခဲ့ရသော တာဆွတ်တိန်းကူးတို့ဆိပ်လို နေရာမျိုးများ ဖြစ်သည်။

သို့တစေ ယနေ့အထိ ဖြတ်ကူးခွင့်မကြုံသော သံလွင်မြစ်ကူးတံတားတစ်စင်း ကျန်ရှိနေပါသေးသည်။ ယင်းကတော့ သံလွင်တံတား(တာပါး)ပဲ ဖြစ်၏။ ယခုတစ်ခေါက် လောက်ကိုင်မှအပြန် ရဟတ်ယာဉ်လမ်းကြောင်းမှာ လာလမ်းအတိုင်း မဟုတ်ဘဲ ကုန်းကြမ်းမြို့ပေါ်မှဖြတ်၍ တာမိုးညဲ-ကွတ်ခိုင်ဘက်သို့ ဦးတည် ပျံသန်းပြီးမှ သိန်းနီ-လားရှိုးဘက်သို့ ပြန်၍လှည့်ခြင်းဖြစ်ရာ အပေါ်စီးမှ တွေ့မြင်နေရသော သံလွင်မြစ်၏အနေအထားက မှုန်ဝါးဝါးဖြင့် ပေါ်လိုက်ပျောက်လိုက် ဖြစ်လို့နေသည်။ သံလွင်တံတား(တာပါး)ကို ကောင်းစွာမမြင်ရသော်ငြား အပေါ်ကတော့ ဖြတ်ဖူးလိုက်နိုင်ပြီဟု အတွေးဝင်မိသေး၏။ ကျွန်တော်တို့ စီးလာသောရဟတ်ယာဉ် လားရှိုးမြေပေါ်သို့ ပြန်ရောက်ချိန်မတော့ ညနေ ၅ နာရီခွဲပေပြီ။ နှုတ်ဆက်ခဲ့ပါသည် သံလွင်။ ဖြတ်ကူးခွင့်ကြုံလျှင်ဖြင့် နောက်တစ်ကြိမ် ဆုံချင်ပါသေးသည်။ ။

"၂၀၀၀ ပြည့်နှစ်၌ ဒုတိယတစ်ခေါက်ပြန်ရောက်ဖြစ်သော လောက်ကိုင်ကမူ ဟိတ်ကြီးဟန်ကြီး အိန္ဒြေကြီး တစ်ခွဲသားနှင့် ဖြစ်တည်နေပေပြီ၊ ယခင်မြို့ဟောင်းပရိဝုဏ်လေးကို တိုးချဲ့လျက် အရှေ့ခြမ်းမြို့သစ်၊ ဇာမဏီမြို့သစ်၊ ရွှေဆင်မြို့သစ်၊ ငြိမ်းချမ်းရေးမြို့သစ်၊ ဖုန်လီချိန်(နဂါးညီနောင်)မြို့သစ် စသည်တို့ဖြင့် စည်းကားများပြားလို့နေချေပြီတကား၊ ထိုစဉ်က သွားရောက်ခဲ့ရသောတာဝန်မှာ လောက်ကိုင်မြို့၌ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီးတစ်ခု တည်ဆောက်ပြီးစီးခဲ့ရာ မိမိတို့ဝန်ကြီးဌာန လုပ်ငန်းဌာနများအလိုက် ပြခန်းများ တာဝန်ယူခင်းကျင်းပြသကြရန်အတွက် ဖြစ်သည်"



# ပွင့်လင်းရာသီရောက်လာသဖြင့် ဇလုံတောင်တော်ဘုရားသို့ လာရောက်လည်ပတ်သူ များပြား

**ဇန်းမောက် မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်ရှိ ဇလုံတောင်တော်ဘုရားသို့ ပွင့်လင်းရာသီရောက်ရှိလာသည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေးများကောင်းမွန်လာသောကြောင့် မြန်မာပြည်အနှံ့မှ ဘုရားဖူးခရီးသွားများဖြင့် လူစီကားလျက်ရှိသည်ကိုတွေ့မြင်ရသည်။

ဇလုံတောင်ဝန်းကျင်တွင် ဇီဝမျိုးကွဲတွေစုံလင်ပြီးအလွန်ထူထပ်တဲ့သစ်တောကြီးအလယ်မှာ ဇလုံတောင်တော်ကတည်ရှိ၍ နှစ်စဉ်ဘုရားဖူးခရီးသွားများတစ်နှစ်ထက်တစ်နှစ်ပိုမိုများလာတာတွေ့မြင်နေရပါသည်။ပြီးခဲ့သည့်နှစ်ကဘုရားဖူးခရီးသွားများဝင်ရောက်ခဲ့သည်ထက် ယခုနှစ်တွင် ပိုမိုထူးခြားစွာ လာရောက်ဖူးမြော်ကြကြောင်း၊ ဇန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာများ၊ ပတ်ဝန်းကျင်မှ မြို့ရွာများနှင့်မြန်မာပြည်အနှံ့အပြားမှဘုရားဖူးမှန်လုံယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့်နေ့စဉ် ဇလုံတောင်တော်ဘုရားဖူးခရီးသွားများလာရောက်လျက်ရှိသည်ကိုတွေ့မြင်နေရကြောင်း၊ ဘုရားဖူးများလာသည့်အတွက် ဇန်းမောက်မြို့ပေါ်ရှိ တည်းခိုခန်းများ၊ဘုန်းတော်ကြီးကျောင်းများ တွင်လည်း ပြည့်လျှံနေကြောင်း၊ CBD လုံးချင်းငှား တည်းခိုရိပ်သာတွင်လည်း ပြည့်လျှံ၍ရှိနေကြောင်း မြို့နယ်မြင့်မြတ်လူမှုကူညီရေးအသင်း ဥက္ကဋ္ဌက ပြောကြားသည်။

ဘုရားဖူးခရီးသည်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရန်အတွက် ဇလုံတောင်တက်မော်တော်ယာဉ်ငယ်အသင်းက လူထုအခြေပြုခရီးသွားလုပ်ငန်းအနီးတွင်ကားဂိတ်ထားရှိပြီးထိုမှတစ်ဆင့် ဇလုံတောင်တော်နှင့် ကျောက်မဏ္ဍပ်တောင်ပေါ်တို့ကို ဘုရားဖူးခရီးသွားများအားပို့ဆောင်ပေးလျက်ရှိသည်။ ထို့နောက် ဇလုံတောင်တော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်မတိုင်မီတွင် ခရီးသွားဘုရားဖူးများ စည်ကားလျက်ရှိနေပြီး တက္ကသိုလ်ဝင်တန်း အတန်းတင်စာမေးပွဲကြီးပြီးသွားပါက ပိုမိုစည်ကားလာမည်ကို တွေ့မြင်နေရသည်။

**ကျော်စွာ(ဇန်းမောက်)**

# သန့်ရှင်းသောသောက်သုံးရေရရှိရန် ရေပိုက်လိုင်းများ သွယ်တန်းတပ်ဆင်

**စဉ့်ကူး မတ် ၄**

စဉ့်ကူးမြို့ပေါ်၌ ရပ်ကွက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာ ရေးကော်မတီက ကြီးကြပ်၍ ရေပိုက် လိုင်းများ သွယ်တန်းတပ်ဆင်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မန္တလေး တိုင်းဒေသကြီး စည်ပင်သာယာအဖွဲ့မှ ခွဲဝေချထားပေးသည့် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်သန်း ၁၀၀ ဖြင့် နှစ် လက်မနှင့် တစ်လက်မခွဲ ဏငွယ ပိုက် လိုင်း အရှည် ပေ ၉၀၀၀ သွယ်တန်း တပ်ဆင်ခြင်း လုပ်ငန်းများကို မြို့နယ် စည်ပင်သာယာရေးကော်မတီမှ တင်ဒါ အောင်မြင်သော အမေ့ဂုဏ်ရည် ကုမ္ပဏီ မှ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရ သည်။

ရေပိုက်လိုင်း သွယ်တန်းတပ်ဆင်ခြင်း ကို စဉ့်ကူး မြို့မရပ်ကွက်နှင့်တိုးချဲ့မြို့သစ်တို့တွင် ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ် ငန်းဆောင်ရွက်မှုများကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးရဲညွန့်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းမောင်**

# မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးကြေညာချက်များထုတ်ပြန်

**မြို့သစ် မတ် ၄**

ပူပြင်းခြောက်သွေ့သော ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်း မီးမဆင်မခြင်သုံးစွဲမှု ပေါ့ဆမှုတို့ကြောင့် မီးဘေးအန္တရာယ်များ မဖြစ်ပွားမပေါ်ပေါက်စေရန်အတွက် မီးသတ်တပ်ဖွဲ့ဥပဒေ ပုဒ်မ(၁၆)အရ ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်း နေထိုင်များသူများ လိုက်နာရမည့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များကို မတ် ၂ ရက်က မီးသတ်မော်တော်ယာဉ်ဖြင့် မြို့ပေါ်ရပ်ကွက်ငါးခုတွင် လှည့်လည်အသိပေးကြေညာခဲ့သည်။

နေအိမ်အဆောက်အအုံတိုင်းတွင် ခိုင်ခံ့သည့် မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေပုံးနှင့် ရေလုံလောက်စွာထားရှိရန်၊ မီးဖိုအသုံးပြုရာတွင် သတ်မှတ်ချိန်အတွင်း သာသုံးရန်၊ သတ်မှတ်ချိန်လွန်၍မီးသုံးစွဲလိုသည့် လုပ်ငန်းရှင်များ စားသောက်ဆိုင်များနှင့် စျေးဆိုင်များသည် သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်ဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနတွင် လျှောက်ထား၍ ခွင့်ပြုချက်ရရှိမှသာ မီးသုံးစွဲရန်၊ မီးဖိုအသုံးပြုစဉ် လူစောင့်ကြည့်ရန်နှင့် မီးအသုံးပြုပြီးပါက မီးကွင်းမီးကျန်မထားဘဲ စနစ်တကျ မီးငြိမ်းသတ်ရန်၊ ဟောင်းနွမ်းချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းများ လျှပ်စစ် ဝိုင်ယာကြိုးများ မီးခလုတ်များကို အသုံးမပြုရန်နှင့် လျှပ်စစ်မီးအသုံးပြုပြီးပါက ပလပ်ဖြုတ်ရန်၊ ယာဉ်ပိုင်ရှင် စက်ပိုင်ရှင်များအနေဖြင့် စက်သုံးဆီသိုလှောင်ပါက စနစ်တကျထားရှိရန်နှင့် မီးသတ်ပစ္စည်းကိရိယာများ လုံလောက်စွာထားရှိရန်၊ မိမိတို့ပတ်ဝန်းကျင်တွင် မီးလောင်မှုဖြစ်ပွားပါက မီးသတ်စခန်းသို့ ဆက်သွယ် သတင်းပေးရန်တို့ကို အသိပေးကြေညာသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အကြိုအခမ်းအနား ကလေးမြို့၌ကျင်းပ

**ကလေး မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့အခြေစိုက် လူမှုရေးအသင်းအဖွဲ့များနှင့် အရပ်ဘက် အဖွဲ့အစည်းများ ပူးပေါင်း၍ မတ် ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အကြိုအခမ်းအနားကို မတ် ၂ ရက်က ကလေးမြို့ သိမ့်ခန်းမ၌ ကျင်းပခဲ့သည်။

အကြိုအခမ်းအနားတွင် အမျိုးသားနှင့် အမျိုးသမီးများ တန်းတူညီမျှရေးကွန်ရက် နည်းပညာပံ့ပိုးသူ ဒေါ်ကျော့ကျော့ခိုင်က အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံသမိုင်းကို DAWN Project မှ တာဝန်ရှိသူက ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းကို ဒေါ်ကျော့ကျော့ခိုင်ကလည်းကောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းအကြောင်းကို ကလေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ခင်မြလွင်ကလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒေသအတွင်း အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ မိမိတို့ဒေသအတွင်း ဆောင်ရွက်သည့်လုပ်ငန်းများ၊ ဒေသအတွင်း လိုအပ်ချက်များကို ဒုလျှန်ချင်း အမျိုးသမီးအဖွဲ့အကြံပေး ဒေါ်မားစော်မီး၊ ချင်းပြည်နယ် ကျီခါးမြို့ တီးတိန်မြို့ တွန်းဇံမြို့နှင့် ကလေးမြို့နယ် နတ်မြောင်းကျေးရွာတို့ရှိ အမျိုးသမီးအဖွဲ့များမှ အဖွဲ့ဝင်များက အသီးသီး ဆွေးနွေးခဲ့ကြသည်။

**ချင်းတွင်းသား**

# ကျေးရွာများသို့ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်မည်

**ဝေါ မတ် ၄**

နွေရာသီကျောင်းပိတ်ရက်အတွင်း ဝေါမြို့နယ်၌ ဒေသခံပြည်သူများ စာပေဗဟုသုတတိုးပွား၍ စာဖတ်လိုသော အလေ့အကျင့်ကောင်းများ ရှိလာစေရန်အတွက် ဝေါမြို့နယ် ကျေးလက်ဒေသများ စာဖတ်ရှိန်မြှင့်တင်ရေး ပရဟိတအဖွဲ့(စာပေ စေတမန်အဖွဲ့)က နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများကို မတ် ၂ ရက်မှ စတင်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ဝေါမြို့နယ် ပန်းညိုကျေးရွာအုပ်စု အောက်ပန်းညိုကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ မတ် ၂ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ရာတွင် စာပေစေတမန်အဖွဲ့အတွင်းရေးမှူးဦးရွှေဝင်းက စာကြည့်တိုက်ဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာပေစေတမန်အဖွဲ့ဥက္ကဋ္ဌ စာရေးဆရာ ဘုန်းဇော်မိုး(ဥဿာ)က စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာများကို ဟောပြောဆွေးနွေးသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ ကျေးရွာတာဝန်ခံဦးဝင်းမြင့်နှင့် ရပ်မိရပ်ဖများက စာပေရေးရာများကို မေးမြန်းဆွေးနွေးကြပြီး စာပေစေတမန်အဖွဲ့ဥက္ကဋ္ဌက ပြန်လည် ရှင်းလင်းဆွေးနွေးကာ ဒေသခံပြည်သူများက ခင်းကျင်းပြသထားသော စာအုပ် စာစောင်များကို ဖတ်ရှုလေ့လာခဲ့သည်။

စာပေစေတမန်အဖွဲ့အနေဖြင့် အဆိုပါ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို အောင်ပန်းညိုကျေးရွာ၌ သုံးရက်ကြာ ဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ပြီး အခြားကျေးရွာများသို့လည်း လာမည့်ကျောင်းဖွင့်ချိန် ဇွန်လဆန်းပိုင်းအထိ အလှည့်ကျ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ကျေးရွာလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေး

**မိုင်းပျဉ်း မတ် ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ဖာဝေါကျေးရွာအုပ်စု ခုန်နားကျေးရွာ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် ဆောင်ရွက်ပြီးစီးသွားသော အရှည်ပေ ၇၀၀ ရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများ မတ် ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

မိုင်းပျဉ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုင်းအောင်မျိုးထက်တို့က လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လမ်းရေရှည်တည်တံ့ကောင်းမွန်အောင် ကော်မတီဝင်များက ထိန်းသိမ်းသွားရန် မှာကြားခဲ့သည်။

**နေလင်း(ညောင်လေးပင်)**

# မူးခင်းကျဆင်းရေး အသိပညာပေး

**တိုက်ကြီး မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ အိုးတန်းရပ်ကွက် အမှတ် ၅ မူလတန်းလွန် ၅ ကျောင်း၌ မူးခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို တိုက်ကြီးမြို့မရဲစခန်းက ကြီးမှူး၍ မတ် ၂ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တိုက်ကြီးမြို့မရဲစခန်းမှူး ဒုရဲမှူးသန်းဦးက သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူးခင်းကျဆင်းရေးဆိုင်ရာ သိကောင်းစရာများ၊ သတိပြုရမည့် အချက်များကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး ဟောပြောပွဲသို့ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူ ၅၀ ကျော် တက်ရောက်ခဲ့သည်။ **ထွန်းလှိုင်(မြိုင်)**



# တက္ကသိုလ်ဝင်စာမေးပွဲတွင် စဉ့်ကူးမြို့နယ်မှ ၂၆၈၆ ဦး ဝင်ရောက်ဖြေဆိုကြမည်

**စဉ့်ကူး မတ် ၄**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၈-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၇ ရက်တွင် စတင်ဖြေဆိုတော့မည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးတွင် စာဖြေဌာန ၁၉၂ ခုထားရှိပြီး ကျောင်းသား ကျောင်းသူ ၁၁၆၇၉၁ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း၊ စဉ့်ကူးမြို့နယ်တွင် စာဖြေဌာန လေးခု၌ ကျောင်းသား ကျောင်းသူ ၂၆၈၆ ဦး ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

စဉ့်ကူးမြို့နယ်တွင် စဉ့်ကူး၊ လက်ပန်လှ၊ ထုံးကြီးနှင့် ရွှေပြည် အခြေခံပညာ အထက်တန်းကျောင်း စာဖြေဌာနလေးခု ဖွင့်လှစ်ထားရှိပြီး အတွင်းဖြေ ၁၅၁၀ နှင့် အပြင်ဖြေ ၁၁၇၆ ဦး၊ စုစုပေါင်း ၂၆၈၆ ဦး ဖြေဆိုသွားကြဖြစ်ကြောင်း၊ စာဖြေဌာနများကို တက္ကသိုလ်ဝင်တန်းစာမေးပွဲကျင်းပရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အတွင်းရေးမှူး မြို့နယ်ပညာရေးမှူး ဦးကျော်သူနှင့် အဖွဲ့ဝင် ငါးဦးက စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း ကြီးကြပ်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျေးရွာ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေး

**ကန်ကြီးထောင့် မတ် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေနှင့် ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေများဖြင့် ပူးပေါင်းဆောင်ရွက်သော ရိုးကြီးကျေးရွာ(ရွာလမ်းမ)ဂဝံခင်းခြင်းလုပ်ငန်းကို တာဝန်ရှိသူများ မတ် ၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးရေးဦးစီးဌာနမှူး ဦးစိုးသန်းနှင့် ခရိုင်၊ မြို့နယ် ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ရိုးကြီးကျေးရွာ(ရွာလမ်းမ) ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရွာသူရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် အခက်အခဲများကို မေးမြန်းဆွေးနွေးခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အရှည် ပေ ၃၉၅၀၊ အကျယ် ၆ ပေရှိသော အဆိုပါဂဝံလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ပြည်သူများထည့်ဝင်ငွေ ကျပ် ၁၀ သိန်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဂဝံလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးသွားပါက ရိုးကြီးကျေးရွာနေပြည်သူများနှင့် အနီးဝန်းကျင်ကျေးရွာများမှ ပြည်သူများ၏ ဆက်သွယ်သွားလာရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို ပိုမိုအဆင်ပြေချောမွေ့လာစေမည်ဖြစ်ကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းသစ်ဖွင့်

**စဉ့်ကူး မတ် ၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဝါးရုံကုန်းကျေးရွာအုပ်စု ကြို့ပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ နှင့် ဒေသခံပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၂၈ သိန်းကျော်ဖြင့် ခင်းကျင်းပြီးစီးခဲ့သော အရှည် ၆၇၂ပေ၊ အကျယ် ၁၂ ပေရှိ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ် ၂ ရက်က ကျင်းပခဲ့သည်။

လမ်းသစ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်ဝင်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသောင်းရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များက အမှာစကားပြောကြားကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လွင်လွင်အောင်က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

## စိုက်ပျိုးရေးသိပ္ပံ(ဒီးမော့ဆို) ဒီပလိုမာပေးအပ်

**ဒီးမော့ဆို မတ် ၄**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်ရှိ စိုက်ပျိုးရေးသိပ္ပံ(ဒီးမော့ဆို)တွင် ပထမအကြိမ် စိုက်ပျိုးရေးဒီပလိုမာ ပေးအပ်ပွဲကို မတ် ၃ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ထို့နောက် စိုက်ပျိုးရေးဒီပလိုမာ ရရှိသူများအား ကျောင်းအုပ်ကြီးက ဒီပလိုမာလက်မှတ်များကိုလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက တန်းစဉ်ပေါင်း ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအား ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ စိုက်ပျိုးရေးဒီပလိုမာ ပေးအပ်ပွဲတွင် ဒီပလိုမာရရှိသူ ၅၈ ဦးရှိပြီး စိုက်ပျိုးရေးတက္ကသိုလ် တက်ရောက်ရန် အဆင့်မီသူ ခြောက်ဦးရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျေးရွာများသို့ လျှပ်စစ်မီးရောက်ရှိရေး ဆွေးနွေး

**ထီးလင်း မတ် ၄**

မကွေးတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် တိုင်းဒေသကြီး သယံဇာတနှင့် လျှပ်စစ်စွမ်းအင်ဝန်ကြီးနှင့် ဒေသနေပြည်သူများ တွေ့ဆုံဆွေးနွေးပွဲများကို ထီးလင်းမြို့နယ် ရေမျက်နီကျေးရွာနှင့် ဆေးမင်းတောကျေးရွာတို့၌ မတ် ၁ ရက်က ပြုလုပ်ခဲ့သည်။

ရေမျက်နီကျေးရွာ ဆေးပေးခန်း၌ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ရေမျက်နီကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာငါးရွာတို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ဆေးမင်းတောကျေးရွာ စာသင်ကျောင်း၌ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ဆေးမင်းတောကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာ လေးရွာတို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံပြီး တိုင်းဒေသကြီး သယံဇာတနှင့် လျှပ်စစ်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က အမှာစကား ပြောကြားကာ ထီးလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိဒ္ဓိက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို တင်ပြဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲများသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်အောင် ၊ မြို့နယ်လျှပ်စစ်ဌာနမှူးနှင့် မြို့နယ်သစ်တောဦးစီးဌာနမှူးတို့လည်း တက်ရောက်ပြီး တက်ရောက်လာကြသူများက သဘာဝ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဝါးစိုက်ပျိုးရေး၊ အစုအဖွဲ့ပိုင်သစ်တောများ စိုက်ပျိုးရေး၊ ကျေးရွာများအရောက် လျှပ်စစ်မီးရောက်ရှိအောင် ဆောင်ရွက်နိုင်ရေးတို့ကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**၁၀၁**

## နွေရာသီ ပညာဒါန ပန်းချီအခြေခံသင်တန်းဖွင့်

**ဖျာပုံ မတ် ၄**

မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဖျာပုံမြို့နယ်)နှင့် ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် ကော်မတီတို့ ပူးပေါင်း၍ နွေရာသီ ပညာဒါန အခြေခံပန်းချီသင်တန်းကို ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်တွင် မတ် ၃ ရက်က စတင်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

ကျောင်းသားကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်များကို အကျိုးရှိစွာ ကုန်ဆုံးစေရန်၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးကြစေရန်၊ မိမိကိုယ်ကိုယ်အားကိုးလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်များ မွေးမြူတတ်စေရန်၊ ကျောင်းသင်ဘာသာရပ်များတွင် ပံ့ဆွဲရာ၌ အထောက်အကူဖြစ်စေရန်၊ အလှအပများကို မြတ်နိုးတန်ဖိုးထားတတ်ပြီး ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန် ရည်ရွယ်လျက် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး ဖျာပုံမြို့နယ် ဥက္ကဋ္ဌ ဦးလှတိုးက ပြောသည်။

အဆိုပါ ပန်းချီသင်တန်းဖွင့်ပွဲတွင် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဖျာပုံမြို့နယ် ပန်းချီပန်းပုအစည်းအရုံးဥက္ကဋ္ဌ ဦးလှတိုးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြပြီး သင်တန်းတွင် ကျောင်းသားကျောင်းသူ ၆၀ တက်ရောက်ကာ သင်တန်းကို တစ်ပတ်လျှင် လေးရက်ဖြင့် သင်တန်းကာလ နှစ်လကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

## သာသနဓဇဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်အား ဂုဏာပူဇာမင်္ဂလာဆင်ယင်ကျင်းပ

**သီပေါ မတ် ၄**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနတို့က ကြီးမှူးကျင်းပခဲ့သော ဓမ္မာစရိယ ပါဠိပထမပြန်စာမေးပွဲတွင် သာသနဓဇ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ကို ရရှိအောင်မြင်တော်မူသော ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ကုန်းတော်ကျောင်းတိုက်မှ အရှင်ပညာသာမိ၏ ပရိယတ္တိဓမ္မစာပေဂုဏ်ကို ပူဇော်သောအားဖြင့် "ဂုဏပူဇော်ပွဲသဘင်"နှင့် ပုနေ့ာပသမ္ပဒ ကံထပ်အလှူတော်မင်္ဂလာကို ဖေဖော်ဝါရီ ၂၇ ရက်က ကုန်းတော်ပရိယတ္တိ စာသင်တိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဆက်ကပ်တော်မူသော သာသနဓဇ ဓမ္မာစရိယဘွဲ့လက်မှတ်ကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်က လည်းကောင်း၊ တံဆိပ်တော်တုံးကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်က လည်းကောင်း၊ ပညာဒါန ဂုဏ်ပြုအလှူတော်ငွေကျပ် ၂၅ သိန်းကို မြို့နယ်သာသနာရေးဦးစီးမှူးကလည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွက်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ဆေးဝါးအတုနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှုမရှိစေရန် ကွင်းဆင်းစစ်ဆေး

**ရေဦး မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် မြို့မစည်ပင်သာယာဈေးကြီးရှိ ဆေးဝါးအရောင်းဆိုင် ခုနစ်ဆိုင်နှင့်အောင်ဆန်း အောင်ချမ်းသာရပ်ကွက်ရှိ ဆေးဝါး အရောင်းဆိုင် ခြောက်ဆိုင်တို့တွင် ထိန်းချုပ်ဆေးဝါးများ၊ ဆေးဝါးအတုနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှု မရှိစေရန်အတွက် တာဝန်ရှိသူများ မတ် ၂ ရက်က ကွင်းဆင်းစစ်ဆေးကာ ဆိုင်ရှင်များအား အသိပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးသိန်းဝင်း ဦးဆောင်သော မူးယစ်နှိမ်နင်းရေးအဖွဲ့၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးအဖွဲ့နှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ ဆိုင်များကို လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်ကာ ဆိုင် ၁၃ ဆိုင်ကို စစ်ဆေးရာ ဆိုင်အားလုံးတွင် ထိန်းချုပ်ဆေးဝါးများ၊ ဆေးဝါးအတုနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်းမရှိသည်ကို တွေ့ရကြောင်း၊ တစ်ဆိုင်တွင် ရောင်းချသူလိုင်စင်သက်တမ်းကုန်နေကြောင်းနှင့် တစ်ဆိုင်တွင် ထိန်းချုပ်ဆေးဝါးရောင်းချခွင့် လိုင်စင်နှင့် ဆေးဝါးရောင်းချသူလိုင်စင် နှစ်ခုပြုလုပ်ထားသည်ကို တွေ့ရကြောင်း သိရသည်။ ထို့အပြင် ဆေးဆိုင်အားလုံး၌ မီးသတ်ဆေးဘူးများ ထားရှိခြင်း မရှိသည်ကိုလည်း စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

ဆေးဆိုင်များစစ်ဆေးခဲ့မှုနှင့် ပတ်သက်၍ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်နိုင်က လိုင်စင် သက်တမ်းတိုးခြင်းများကို ဆက်လက်ဆောင်ရွက်သွားရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆေးဆိုင်တိုင်းတွင် မီးသတ်ဆေးဘူးများ ထားရှိရန် လိုအပ်ကြောင်း၊ ဆေးဝါးရောင်းသူသည် အင်္ဂလိပ်စာကျွမ်းကျင်သူဖြစ်စေ ဆေးဝါးကျွမ်းကျင်လက်မှတ် ရရှိသူဖြစ်စေ ဖြစ်ရန် လိုအပ်ကြောင်း၊ ယခုလိုစစ်ဆေးခြင်းသည် ကနဦး ပညာပေးဆွေးနွေးခြင်းအဆင့်ဖြစ်ပြီး ဒုတိယအကြိမ် ထပ်မံစစ်ဆေးသွားမည်ဖြစ်ကာ ထပ်မံစစ်ဆေးသည့် အခါ စည်ကမ်းချက်နှင့်မကိုက်ညီသည်များကို တွေ့ရှိခဲ့ပါက အရေးယူမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း အကြံပြု လမ်းညွှန်မှာကြားခဲ့သည်။

**သန်းထိုက်( ရေဦး)**



## ခရီးထွက်အပန်းဖြေခြင်းဖြင့် စိတ်ခွန်အားသစ်များနှင့် ပျော်ရွှင်နွေးထွေးမှုကို ခံစားရရှိစေနိုင်

**မန္တလေး မတ် ၄**



သဘာဝအမွေအနှစ်ရှိရာ ဒေသများသို့ သွားရောက်အပန်းဖြေ အနားယူခြင်းဖြင့် စိတ်ခွန်အားသစ်များနှင့် ပျော်ရွှင်နွေးထွေးမှုကို ခံစားရရှိစေနိုင်ကြောင်း ရုံးပိတ်ရက်ရှည်ကာလအတွင်း မန္တလေးမြို့သို့ လာရောက်ကြသည့် ပြည်တွင်းခရီးသွားများက ပြောကြားသည်။

ရုံးလုပ်ငန်းတာဝန်များဖြင့် အချိန်ကုန်နှစ်မြုပ်နေကြသည့် ပြည်သူများနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ သဘာဝအမွေအနှစ်များရှိရာဒေသများသို့ ယခုလို ရုံးပိတ်ရက်ရှည်ခံစားရရှိသည့် ကာလများတွင် သွားရောက်အနားယူခြင်းကြောင့် စိတ်ခွန်အားသစ်များကို ခံစားရရှိစေကြောင်း မန္တလေးမြို့ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ မကွေးမြို့မှ လာရောက်အပန်းဖြေကြသည့် စိုက်ပျိုးရေးဝန်ထမ်းများက ပြောသည်။

"ဒီတစ်ခါ ရုံးပိတ်ရက်ရှည်ရတဲ့ကာလလေးမှာ အကျိုးရှိအောင်အသုံးချဖို့ အပန်းဖြေခရီးထွက်လာတာပါ၊ ဦးပိန်တံတားနဲ့ တောင်သမန်အင်းအလှက စိတ်ကို လန်းဆန်းစေသလို ပြင်ဦးလွင်မြို့နယ်မှာရှိတဲ့ ဒီးဒုတ်ရေပြာအိုင်စခန်းမှာ ရေကစားခဲ့ရတာလည်း ပေ့ါပါးလွတ်လပ်မှုကို ရရှိခဲ့ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့လို ဝန်ထမ်းတွေအနေနဲ့ အားအင်သစ်တွေနဲ့ တာဝန်တွေ ပြန်ထမ်းဆောင်နိုင်ဖို့ ဒီလိုခရီးထွက် အပန်းဖြေမှုတွေ လုပ်ပေးသင့်တယ်"ဟု ၎င်းတို့က ပြောသည်။

ထို့ပြင် စဉ့်ကိုင်မြို့နယ်မှ ပြင်ဦးလွင်မြို့ အနီးရှိ ဒီးဒုတ်ရေတံခွန်ဆင်စခန်းသို့ လာရောက် လည်ပတ်ကြသည့် ဦးခင်မောင်ဝင်းကလည်း "သားသမီးတွေ ရုံးပိတ်ရက်ကာလနဲ့ မြေးတွေ ကျောင်းပိတ်ချိန်ဆုံတုန်းလေး ပျော်ပျော်ပါးပါး ခရီးထွက်လာကြတာပါ၊ အဓိကအနေနဲ့ မြေးတွေပျော်ရွှင်ပြီး မိသားစုနွေးထွေးမှုတွေ ရရှိစေဖို့ ဒီလိုအပန်းဖြေစခန်းတွေကို ရွေးပြီး လည်ပတ်ခဲ့ပါတယ်"ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီးသည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ စိတ်ကို ကြည်လင်လန်းဆန်းစေသည့် သဘာဝ အမွေအနှစ်များဖြစ်သော တော၊ တောင်ရေမြေ သဘာဝရှုခင်း အလှအပများ ပေါများရာဒေသဖြစ်ခြင်းကြောင့် ရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်ရှည်ကာလများတွင် ပြည်တွင်းခရီးသွားများ ပိုမိုများပြားစွာ ဝင်ရောက်လေ့လာ အပန်းဖြေအနားယူလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အလင်းပြကောင်းကင်ပရဟိတ ဒီဇိုင်နာအသက်မွေးသင်တန်းကျောင်းဖွင့်

**ရန်ကုန် မတ် ၄**

အကယ်ဒမီ ခန့်စည်သူ ဦးဆောင်မှုဖြင့် အလင်းပြကောင်းကင် ပရဟိတအဖွဲ့က တည်ထောင်သော အလင်းပြကောင်းကင် ပရဟိတ အသက်မွေး ဒီဇိုင်နာပညာ သင်တန်းကျောင်း ဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် ဓမ္မဝိဟာရကျောင်းတိုက် ရှုပဂုဏ်ရည်ကျောင်းဆောင်၌ မတ် ၃ ရက်က ကျင်းပရာ အကယ်ဒမီမင်းသားကြီးများဖြစ်ကြသည့် လူမင်းနှင့် ခန့်စည်သူ၊ သဃ်န်းကျွန်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှဝင်းနှင့် ပြည်ထဲရေးညွှန်ကြားရေးမှူး အငြိမ်းစား ဦးရဲမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

"ကျွန်တော်တို့ အလင်းပြကောင်းကင် ပရဟိတအဖွဲ့အနေနဲ့ ငွေကြေးလှူတာထက် အတတ်ပညာရပ်တစ်ခုခု လှူဒါန်းတာ ပိုကောင်းတယ်လို့ ခံယူဆုံးဖြတ်ပြီး ဒီသင်တန်းကျောင်းကို စတင်ဖွင့်လှစ်လိုက်တာဖြစ်ပါတယ်။ ဒီကနေတစ်ဆင့် အမျိုးသမီးတွေကို အဆင့်မြင့်တဲ့ စက်ချုပ်ဒီဇိုင်နာအတတ်ပညာတွေ အခမဲ့သင်ကြားပေးမှာဖြစ်လို့ အမျိုးသမီးတွေရဲ့လူမှုဘဝ မြင့်မားတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု အကယ်ဒမီ ခန့်စည်သူက ပြောသည်။

သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူသည် အဆိုပါကျောင်းတိုက်၌ ၂၀၀၆ ခုနှစ်ကတည်းက နှစ်ထပ်သိမ်ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့ပြီးနောက် လေးထပ်ကျောင်းဆောင် နှစ်ခုနှင့် သုံးထပ်ကျောင်းဆောင် သုံးခုတို့ကိုလည်း ခုနစ်ရက်သားသမီးများ ပေါင်းစုလှူဒါန်းငွေဖြင့် ဦးဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည့်အပြင် ကျောင်းတိုက်၌ ပရဟိတဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းကိုလည်း ၂၀၀၈ ခုနှစ်ကပင် ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့ ဒီပရဟိတ သက်မွေးသင်တန်းကျောင်းမှာ သင်တန်းသားတွေ ခေါ်ယူပြီး သင်ကြားပေးမယ့်အပိုင်းမှာ short course ရက်တို သင်တန်းတွေအဖြစ် အပိုင်းလိုက် သင်ကြားပေးမှာဖြစ်ပါတယ်၊ ပြီးတော့ ဒီမှာက ငွေကြေးတစ်ပြားတစ်ချပ်မှ ကောက်ခံမှုမရှိပါဘူး၊ ဒီမှာ အကုန်လုံး ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်၊ သင်ထောက်ကူပစ္စည်းတွေကအစပေါ့၊ လာသင်မယ့်သူတွေကို အဓိကအားဖြင့် တောင်းဆိုချင်တာက အချိန်မှန်မှန် ရက်မှန်မှန်တက်ဖို့ အရေးကြီးပါတယ်၊ တက်ရောက်လို သူတွေအနေနဲ့ သင်တန်းနဲ့သက်ဆိုင်တဲ့ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား ဂဏန်းသင်္ချာတော့ တတ်ဖို့လိုပါတယ်၊ အခြားကန့်သတ်ချက်တွေ မရှိပါဘူး၊ ဒီသင်တန်းကျောင်းက အခြေခံအဆင့်ကနေ အဆင့်မြင့်သင်တန်းတွေအထိ သင်ကြားပေးသွားမှာဖြစ်ပါတယ်၊ တစ်လကို ရက်တိုသင်တန်း နှစ်ခုလောက်တော့ အနည်းဆုံးဖွင့်လှစ်သွားမှာဖြစ်ပါတယ်"ဟု အလင်းပြကောင်းကင်ပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးအာကာဟိန်းကပြောသည်။

အဆိုပါသင်တန်းကျောင်းတွင် စက်ချုပ်ဒီဇိုင်နာသင်တန်း တက်ရောက်လိုသူ အမျိုးသမီးငယ်များအနေဖြင့် ဖေ့စ်ဘုတ်စာမျက်နှာ (မြန်မာဘာသာဖြင့်) "အလင်းပြကောင်းကင်"တွင် လေ့လာဆက်သွယ်နိုင်ပြီး လောလောဆယ်တွင် သင်တန်းကျောင်း၌ အမျိုးသမီး ၃၉ ဦးအား သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**




# ဘွဲ့တံဆိပ်တော်ရရှိခဲ့သော ဆရာတော်အား ဂုဏ်ပြုကြိုဆို

**ရန်ကုန် မတ် ၄**

နိုင်ငံတော်အစိုးရက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော သန်လျင်မြို့ မြို့ဟောင်းအရှေ့ရပ်ကွက် အောင်မြေဘုံစံကျောင်းမှ ဆရာတော် ဘဒ္ဒန္တဇနကနှင့် သုဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဦးဇော်ဝင်း (ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီ၊ ချမ်းမြေ့မေတ္တာဆေးရုံတို့၏ (CEO)တို့အား ဂုဏ်ပြုကြိုဆိုပွဲကို မတ် ၃ ရက်က သန်လျင်မြို့၌ ကျင်းပခဲ့သည်။

ကြိုဆိုပွဲတွင် ပရိသတ်များက သန်လျင်တံတားထိပ်မှ အခမ်းအနားဖြင့် ဆရာတော်အား ကြိုဆိုပင့်ဆောင်ပြီး မြို့တွင်းလှည့်လည်ပူဇော်ကြကာ ဆက်လက်၍ သာသနာ့ဗိမာန်ကြီး၌ ပူဇော်ဂုဏ်ပြုပွဲကို ကျင်းပသည်။ ပူဇော်ပွဲတွင် အနုပညာရှင်များက ရတုပိုဒ်စုံ၊ ၈၀ ပေါ်တေးထပ်တို့ဖြင့် သီဆိုပူဇော်ကြပြီး ဆရာတော်ထံမှ သီလခံယူကြကာ ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားသည်။ ထို့နောက် ဆရာတော်အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးနေလင်းအောင်နှင့် ဦးအောင်နိုင်ထွန်းတို့က ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့သည်။

**သန်းဝင်း(သန်လျင် )**

# ပန်းတောင်းမြို့နယ်ကိုယ်စားပြု ဗိုလ်ချုပ်မြင်းစီးရုပ်တု ဥသျှစ်ပင်မြို့ လေးလမ်းဆုံ၌ အဝိုင်းပတ်ပြုလုပ်ထားရှိမည်ဖြစ်

**ပန်းတောင်း မတ် ၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ကိုယ်စားပြု ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တုကို ဥသျှစ်ပင်မြို့ လေးလမ်းဆုံမြေနေရာ၌ အဝိုင်းပတ်ပြုလုပ်၍ ထားရှိမည်ဖြစ်ရာ အဆိုပါနေရာနှင့်ပတ်သက်၍ အသေးစိတ် ညှိနှိုင်းအစည်းအဝေးကို မတ် ၂ ရက်က ဥသျှစ်ပင်မြို့ပြည်တော်သာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ၊ နိုင်ငံရေးပါတီဝင်များနှင့်ညှိနှိုင်းဆွေးနွေးကြရာတွင် ဥသျှစ်ပင်လမ်းဆုံမြေနေရာတွင် ထားရှိမည်ဆိုပါကမူလလမ်းကိုအဝိုင်းပတ်ပြုလုပ်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအား တင်ပြဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှ ခွင့်ပြု ဘဏ္ဍာငွေချပေးနိုင်မှု ရှိ မရှိ၊ ချပေးနိုင်ခြင်းမရှိပါက ပြည်သူမှမည်မျှထည့်ဝင်ရမည်တို့ကို ဆောင်ရွက်ပေးနိုင်ရေးစသည်တို့ကို အသေးစိတ်ညှိနှိုင်းဆွေးနွေးသည်။

"ပထမ ဗိုလ်ချုပ်ဆောင်ဆန်းရုပ်တုတည်ဆောက်ရေးကော်မတီက ပန်းတောင်းမြို့မပန်းခြံမှာ ရွေးထားတယ်၊ ဒါကိုကော်မတီဝင်တစ်ဦးက ဥသျှစ်ပင် လေးတိုင်း လေးလမ်းဆုံ၌ ထားသင့်ကြောင်း တင်ပြထားတယ်၊ အများဆန္ဒကလည်း ဥသျှစ်ပင်လမ်းဆုံမှာ ထားစေချင်တယ်၊ ကော်မတီဖွဲ့ရာမှာလည်း ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေ မပါလို့ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းပေးရန်နှင့် လျှို့ဝှက်မဲခွဲဆုံးဖြတ်ပေးဖို့ တင်ပြတယ်ဗျာ၊ ဒါကို ပထမအကြိမ်မဲခွဲတော့ ဥသျှစ်ပင်လမ်းဆုံက ၂၃ မဲ၊ ပန်းတောင်းပန်းခြံက ၁၀ မဲ၊ ညောင်ရိပ် လမ်းခွဲက ငါးမဲနဲ့ ဆုံးဖြတ်တယ်၊ ဒါကိုတည်ဆောက်ရေးကော်မတီ မစုံလို့ ပြန်ခွဲပါဆိုလို့ ၄၉ အုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကော်မတီဝင်များပါဝင်တဲ့ ကိုယ်စားလှယ် ၈၄ ဦးတို့ မဲခွဲလိုက်တော့ ဥသျှစ်ပင်လမ်းဆုံက ၅၁ မဲ၊ ပန်းတောင်းပန်းခြံက ၃၃ မဲနဲ့ ဥသျှစ်ပင် လမ်းဆုံကို ဦးစားပေး ၁ ဖြင့် ရွေးချယ်လိုက်တော့ လမ်းဆုံမှာ အဝိုင်းပတ်ပြုလုပ်နိုင်ရေး စတင်ဆောင်ရွက်နေတာပါ"ဟု ရတနာပုံရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြသိန်းက ရှင်းလင်းပြောပြသည်။

"ဗိုလ်ချုပ်ရုပ်တုက မြို့နယ်ကိုယ်စားပြု လုပ်မှာဆိုတော့ ကိုယ့်မြို့နယ်ဂုဏ်ရှိဖို့ဆို လေးတိုင်း လေးလမ်းဆုံတဲ့ ဥသျှစ်ပင်လမ်းဆုံမှာ ထားသင့်တာပေါ့ဗျာ၊ လုပ်ချင်တာထက် လုပ်သင့်တာကို ဦးစားပေးရမှာပေ့ါ၊ မူလလမ်းကို အဝိုင်းပတ်လုပ်ရမှာဆိုတော့ ပြည် သူ့လွှတ်တော်ကိုယ်စားလှယ်နဲ့ ညှိနှိုင်းရမှာလေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကိုတင် ပြဆောင်ရွက်ရမှာမို့ နိုင်ငံတော်က ကူညီဆောင်ရွက်ပေးစေချင်တယ်၊ မဆောင်ရွက်ပေးနိုင်လဲ ခွင့်ပြုပေးရင် ကျွန်တော်တို့မြို့လုပ်ငန်းရှင်တွေမှာ စက်ကြီးတွေ၊ ကျောက်ကြီး၊ မြေကြီးတွေလှူမယ့် အလှူရှင်တွေက အဆင်သင့်လေ၊ အမြန်ဆုံး ဆောင်ရွက်ချင်ပါပြီဗျာ၊ တည်ဆောက်ရေးမှာလည်း အဖွဲ့အစည်းတစ်ခု၊ ပါတီတစ်ခုက ဦးဆောင်ခြင်းမျိုး မဟုတ်ဘဲ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအဖွဲ့များ၊ ပါတီအသီးသီး၊ ပညာရှင်၊ လုပ်ငန်းရှင်၊ ရပ်မိရပ်ဖများ အလွှာစုံပါဝင်တဲ့ကော်မတီဖွဲ့ပေးနိုင်ဖို့လည်း တက်ကြွသူများက လာရောက်အကြံ ပြုနေပါတယ်၊ ကျွန်တော်တို့မြို့က စီးပွားရေးမြို့ဆိုတော့ အမြန်ပြီးစီးသွားမှာပါဗျာ"ဟု ပြည်တော်သာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုက ပြောပြသည်။

**အောင်မြင့်(ပန်းတောင်း)**

# စိုက်ပျိုးရေးဌာနဝန်ထမ်းများထံပေးမည့် ဆိုင်ကယ်များ ဂန့်ဂေါသို့ရောက်ရှိ

**ဂန့်ဂေါ မတ် ၄**

ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် စိုက်ခင်းများအရောက် အဆင်ပြေစွာ ကွင်းဆင်းသွားလာ၍ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ဆိုင်ကယ်များကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပေးခဲ့ရာ မတ် ၂ ရက်က အဆိုပါဆိုင်ကယ်များ ဂန့်ဂေါမြို့သို့ ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ ဆိုင်ကယ်များမှာ ပြည်ထောင်စုအစိုးရက IRM Project ချေးငွေဖြင့် ပံ့ပိုးသော HONDA WAVE 110 ဆိုင်ကယ်များဖြစ်ကြောင်းနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက တစ်ဆင့်ထုတ်ပေးခြင်းဖြစ်ကာ ဂန့်ဂေါမြို့နယ်အတွက် ၁၀ စီး ရောက်ရှိလာကြောင်း၊ ဆိုင်ကယ်တစ်စီးလျှင် ကျပ် ၁၃ သိန်းခွဲတန်ဖိုးရှိပြီး စိုက်ပျိုးရေးဆိုင်ရာ ပညာပေးရေးလုပ်ငန်းများကို ဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆိုင်ကယ်များ ပံ့ပိုးရရှိလို့ ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပိုမိုထိရောက်အဆင်ပြေစွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်၊ ရေကြီးရေလျှံခြင်း၊ သဘာဝဘေးနှင့် ပိုးမွှားရောဂါကျရောက်ခြင်းများရှိပါက အလျင်အမြန် သွားရောက်ကွင်းဆင်းပြီးတော့ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"ဟု ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောသည်။


ဂန့်ဂေါမြို့နယ်သည် တောင်မြောက်ရှည်လျားပြီး မိုင်အားဖြင့် ၇၇ မိုင်ခန့်ရှိ၍ တောင်ဆင်း တောင်တက်အကွေ့အကောက် ပေါများကာ လိုင်းကားမရောက်နိုင်သည့် ကျေးရွာများ၊ မော်တော်ကား ဝင်ထွက်ရခက်သည့် ဒေသများလည်းရှိရာ ယခု မော်တော်ဆိုင်ကယ်များ ရရှိသဖြင့် စိုက်ပျိုးရေးဝန်ထမ်းများအနေဖြင့် ကျေးလက်များသို့ကွင်းဆင်း၍ စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမို ထိရောက်အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၀၁)**

# မုံရွာမြို့၏ အဓိကလမ်းမကြီးသုံးခုတွင် အဆင့်မြင့်လျှပ်စစ်မီးသီးများ ပြောင်းလဲတပ်ဆင်မည်

**မုံရွာ မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီးအဆင့်ရုံးများ တည်ရှိရာ မုံရွာမြို့ရှိ အဓိကလမ်းမကြီးသုံးခုကို မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန်အတွက် လျှပ်စစ်မီးတိုင်များတွင် လက်ရှိတပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်မီးကွေးများအစား ဝပ် ၁၅၀ ရှိ အဆင့်မြင့် မီးသီးများ ပြောင်းလဲတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ် အင်ဂျင်နီယာမှူးရုံးမှ သိရသည်။



မုံရွာမြို့တွင် တောင်မြောက်သွယ်တန်းလျက်ရှိသော ကမ်းနားလမ်းမ၊ ဗိုလ်ချုပ်လမ်းမကြီးနှင့် ပြည်ထောင်စုလမ်းမကြီးတို့သည် အဓိကလမ်းမကြီးများဖြစ်ရာ ထိုလမ်းမကြီးများရှိ လျှပ်စစ်မီးတိုင်များတွင် လက်ရှိတပ်ဆင် အသုံးပြုထားသော လျှပ်စစ်မီးကွေး မီးသီးများသည် လုံလောက်သောအလင်းရောင် မရရှိသဖြင့် ပြောင်းလဲတိုးတက်လာသည့် မြို့တော်အင်္ဂါရပ်နှင့်အညီ အလင်းအားကောင်းသော ဝပ် ၁၅၀ ရှိ အဆင့်မြင့် မီးသီးများကို လာမည့်ခြောက်လ ဘတ်ဂျက်ကာလအတွင်း ပြောင်းလဲတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ညပိုင်းတွေမှာ လုံလောက်တဲ့မီးအလင်းရောင် ရဖို့အတွက်ရယ်၊ နှစ်စဉ်မိုးရာသီမှာကြုံတွေ့ရတဲ့ ချင်းတွင်းမြစ်ရေကြီးမြင့်မှုမှာလည်း မီးအလင်းရောင်လုံလောက်စွာနဲ့ ရေကင်းတွေ စောင့်ကြည့်နိုင်အောင်လို့ရယ် အစားထိုး လဲလှယ်တပ်ဆင်ပေးသွားမှာပါ၊ လက်ရှိအသုံးပြုနေတဲ့ ရိုးရိုးမီးကွေးတွေက ညပိုင်းတွေမှာ လုံလောက်တဲ့ အလင်းရောင်မရနိုင်ဘူး၊ မြို့တော်အင်္ဂါရပ်နဲ့ ညီအောင်လို့ ဝပ် ၁၅၀ ရှိ မီးသီးတွေ ပြောင်းလဲတပ်ဆင် အသုံးပြုသွားမှာပါ၊ ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းတွေကိုတော့ လာမယ့်ခြောက်လ ဘတ်ဂျက်ကာလအတွင်းမှာ လုပ်ဆောင်သွားမှာပါ၊ အခု လောလောဆယ်မှာတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိတဲ့ အိုးဘိုတောင် ရပ်ကွက်က ကမ်းနားလမ်းပိုင်းမှာ ဝပ် ၁၅၀ ရှိမီးသီးတွေ ပြောင်းလဲတပ်ဆင် ပေးထားပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လမ်းမကြီး သုံးလမ်းရှိ လျှပ်စစ်မီးတိုင်များတွင် ဝပ် ၁၅၀ ရှိ အဆင့်မြင့်မီးသီးများ ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးရုံး၏ ကြီးကြပ်မှုဖြင့် မုံရွာမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# တစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ပုလဲ မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ပဲခင်းမကျေးရွာအုပ်စု ကံသာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ Care To Poor Education Group နှင့် မုံရွာမြို့နေမျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအေးကို မိသားစုမှ ဆောက်လုပ်လှူဒါန်းသည့် တစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် အလှူရှင် ဒေါက်တာအေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားကာ Care To Poor Education Group မှ ဦးဝင်းအောင်နှင့် အလှူရှင် ဒေါက်တာအေးကိုတို့က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဒေါက်တာအေးကိုက ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်သန်းစိုးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ပေ ၄၀၊ အနံ ၂၈ ပေ၊ အမြင့် ၁၂ ပေရှိ တစ်ထပ် သွပ်မိုး၊ နံကပ်၊ သံဆန်ခါတပ်၊ သမံတလင်းခင်း အမျိုးအစားဖြစ်ပြီး Care To Poor Education Group နှင့် မုံရွာမြို့နေ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအေးကို မိသားစုက ကျပ်သိန်း ၆၀ ခန့် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ကာ မြင်းခြံမြို့နေ ဦးအောင်သူဝင်း မိသားစုကလည်း နှစ်ခန်းတွဲ ရေလောင်းအိမ်သာကို ငွေကျပ် ၁၀ သိန်းကျော် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ၂၀၁၇-၂၀၁၈၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူမည့် ဗဟိုအဆင့်နှင့် ပြည်နယ်/တိုင်း ဆေးရုံများတွင် ကာယကုသမှုခံယူစေရေးအတွက် စက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ ရုံးအမှတ် ၄၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၈-၃-၂၀၁၈ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၃-၂၀၁၈ ရက် ညနေ ၃:၀၀နာရီ

**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၁၁၅၁၀၊ ၀၆၇-၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ဗောဓိမြိုင်သစ္စာရွှေပြည်ဓမ္မရိပ်သာဆရာတော်၏ သကြၤန် (၁၀)ရက်တရားစခန်း

**နေ့ရက်** - ၁၂-၄-၂၀၁၈ ရက်မှ ၂၃-၄-၂၀၁၈ ရက်အထိ
**နေရာ** - ဗောဓိမြိုင်သစ္စာရွှေပြည်ဓမ္မရိပ်သာ(လှည်းကူး)၊ မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ၊ ဘိုးတော်လမ်း၊ ကျွန်းကလေးကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
**မှတ်တိုင်** - ရိတ်သိမ်းမှတ်တိုင်
**စာရင်းပေးသွင်းရန်** - ဦးသြဘာသ ဖုန်း-၀၉-၄၀၂၆၀၆၉၂၃၊ ၀၉-၇၇၄၄၀၆၂၂၃

အမည်၊ အသက်၊ အမျိုးသားမှတ်ပုံတင်အမှတ်တို့ကို SMS Message ပေးပို့၍ စာရင်းပေးသွင်းပါရန်။ ဗောဓိမြိုင်သစ္စာရွှေပြည်ဓမ္မရိပ်သာ မှတ်တမ်း Page တွင်လည်း စာရင်းပေးသွင်းနိုင်ပါသည်။

**ဝေယျာဝစ္စအဖွဲ့**
**ဗောဓိမြိုင်သစ္စာရွှေပြည်ဓမ္မရိပ်သာ**

## အမည်မှန်

ဦးညွန့်လင်း ၅/ဒပယ(နိုင်)၀၀၀၅၇၈၏သမီး မုံရွာမြို့၊ အထက-၅၊ နဝမတန်း(C) မှ မသက်မြတ်မွန်၏ အမည်မှန်မှာ မသဲမြတ်မွန်ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးထွန်းရီ၏သား မုံရွာမြို့၊ မိုးဦးပန်း ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်အောင်မင်းသိမ်းအား မောင်မင်းသိမ်းဟု ပြောင်းလဲခေါ်ပါရန်။



ဗဟိုစာရင်းအင်းအဖွဲ့မှ ၂၀၁၇ခုနှစ် မြန်မာစာရင်းအင်းစာစောင် (Myanmar Statistical Yearbook 2017) ကိုနိုင်ငံတကာတွင် ထုတ်ပြန်လျက်ရှိသည့်စာရင်းအင်းစာစောင်များနည်းတူ နောက်ဆုံးပြုစုရရှိသော စာရင်းအင်းအချက်အလက်များ (Up to date Data)၊ နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များ (Technical Notes)၊ အဓိပ္ပာယ်ရှင်းလင်းဖော်ပြချက်များ (Glossary)၊ ဆောင်ရွက်ထားရှိခဲ့သော စစ်တမ်းတွေ့ရှိချက် အကျဉ်းချုပ်များနှင့်အတူ အခန်းပေါင်း ၁၇ခန်း၊ ဇယားပေါင်း ၃၀၀ ကျော်တို့ဖြင့် ၂၀၁၇ခုနှစ်အတွက် ပုံနှိပ်ထုတ်ဝေဖြန့်ဖြူးရောင်းချမည်ဖြစ်ပါကြောင်းနှင့် စာအုပ်နှင့် CD နှစ်မျိုးတွဲလျက် ဈေးနှုန်းမှာ ကျပ် ၂၂၀၀၀၊ CD တစ်မျိုးတည်း ဝယ်ယူပါက ကျပ် ၁၂၀၀၀ နှုန်းစီဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။

ဝယ်ယူရရှိနိုင်သော နေရာများမှာ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် ၃၂၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟိုစာရင်းအင်းအဖွဲ့၊ အမှတ်၄/၆၊ တတိယထပ်(ညာ)၊ ဗြဟ္မစိုရ်လမ်းနှင့်သီလလမ်းထောင့်၊ စုပေါင်းရုံးကြီးဝင်း (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်မြို့(ရန်ကုန်ရုံးခွဲ)နှင့် စာမေဗိမာန်အရောင်းဆိုင် (နေပြည်တော်၊ ရန်ကုန်မြို့)တို့တွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၆၃၂၈၊ ၀၆၇-၄၀၆၃၂၉၊ ၀၆၇-၄၀၆၃၃၆၊ ၀၁-၈၅၀၀၈၈၇**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဘူးကြီး အလက(ခွဲ) အဋ္ဌမတန်းမှ မအေးနန္ဒာအောင်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်းအောင် (ကေဘီယူ-၁၆၅၅၂၇)ဖြစ်ပါသည်။
**ဦးနိုင်ဝင်းအောင်**

## ဖခင်အမည်မှန်

အင်းစိန်မြို့နယ်၊ အထက (၁) အဋ္ဌမတန်း (L)မှ မစုလှဲ့ရည်ထက်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ၁၄/ပစလ(နိုင်)၁၆၆၅၂၉ ဖြစ်ပါသည်။
**ဦးမြင့်ဦး**

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ အမက (၂၆)၊ ဆဋ္ဌမတန်း(စံပယ်ဆောင်)မှ မောင်ဝေလင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ၁၄/ပစလ(နိုင်)၁၆၆၅၂၉ ဖြစ်ပါသည်။
**ဦးမြင့်ဦး**

## ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

၁။ ဆောင်ရွက်လျက်ရှိသော သာကေတတံတားသစ်တည်ဆောက်ရေးစီမံကိန်းအရ ပုဇွန်တောင်ချောင်း အတွင်း ဝင်/ထွက်သွားလာနေသော ရေယာဉ်များသိရှိလိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို ၁၂.၁.၂၀၁၈ ရက်နေ့ (မြန်မာ့အလင်း၊ ကြေးမုံ) သတင်းစာမှလည်းကောင်း၊ သက်ဆိုင်ရာရေယာဉ်အဖွဲ့များသို့ ၈.၁.၂၀၁၈ ရက်စွဲပါစာဖြင့်လည်းကောင်း အသိပေးအကြောင်းကြားသည့် ရေကြောင်းသတိပေးချက်ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ ယခုအခါတွင်လည်း လုပ်ငန်းစီမံကိန်း၏လိုအပ်ချက်အရ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်သွားရန် ရေကြောင်းသတိပေးချက်ထပ်မံထုတ်ပြန်ပါသည် -

(က) ၈.၃.၂၀၁၈ ရက်နေ့ ည ၁၂ နာရီ(၂၄၀၀ နာရီ) မှ ၁၀.၃.၂၀၁၈ ရက်နေ့ နံနက် ၆ နာရီ (၀၆၀၀ နာရီ) အထိ အချိန်အတွင်း မည်သည့်ရေယာဉ်မှ တံတားတည်ဆောက်ရေးစီမံကိန်းနေရာကိုဖြတ်သန်း၍ ပုဇွန်တောင်ချောင်းအတွင်း ဝင်/ထွက်သွားလာခြင်းမပြုရန်။

(ခ) ၁၀.၃.၂၀၁၈ ရက်နေ့ နံနက် ၆ နာရီ နောက်ပိုင်းမှစ၍ အပိုဒ် (၁)ပါ ထုတ်ပြန်ထားပြီးဖြစ်သည့် ရေကြောင်းသတိပေးချက်ပါ သတ်မှတ်ချက်များအတိုင်းလိုက်နာ၍ ဝင်/ထွက်သွားလာကြရန်။

၃။ လုပ်ငန်းလိုအပ်ချက်အရ ရေလမ်းကြောင်းအတွင်း သွားလာခွင့်တားမြစ်ကန့်သတ်ရန် အခြေအနေပေါ်ပေါက်လာပါက ရေယာဉ်များသိရှိနိုင်ရန် ထပ်မံ၍ရေကြောင်းသတိပေးချက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-မန္တလေး
## မန္တလေးမြို့
## အကြိမ်(၅၀)မြောက်ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ဆေးတက္ကသိုလ်-မန္တလေး၏ အကြိမ်(၅၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အစမ်းလေ့ကျင့်ခြင်း** ၇-၄-၂၀၁၈ရက်(စနေနေ့)၊ နံနက် ၉:၀၀နာရီ
(ပါရဂူဘွဲ့၊ ဆေးလက်တွေ့ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့၊ ဒီပလိုမာဘွဲ့၊ ဆေးပညာဘွဲ့)

**ဘွဲ့နှင်းသဘင်** ၈-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)၊ နံနက် ၉:၀၀နာရီ
(ပါရဂူဘွဲ့၊ ဆေးလက်တွေ့ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့၊ ဒီပလိုမာဘွဲ့၊ ဆေးပညာဘွဲ့)

၂။ အကြိမ် (၅၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးတက္ကသိုလ်-မန္တလေး၏ အောက်ပါစာမေးပွဲများကို အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်-

(က) ၂၀၁၇ခုနှစ် စက်တင်ဘာလမှစ၍ ပါရဂူဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ။
(ခ) ၂၀၁၇ခုနှစ် စက်တင်ဘာလမှစ၍ ဆေးပညာမဟာသိပ္ပံဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ။
(ဂ) ၂၀၁၇ခုနှစ် စက်တင်ဘာလမှစ၍ ဒီပလိုမာဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ။
(ဃ) ၂၀၁၇ခုနှစ် ဒီဇင်ဘာလနှင့်လျှောက်လွှာပိတ်ရက်တွင် အလုပ်သင်တာဝန် တစ်နှစ်အပြည့်အဝ ထမ်းဆောင်ပြီးသူများ။

၂၀၁၇ခုနှစ် ဩဂုတ်လမတိုင်မီက အလုပ်သင်ဆရာဝန်တာဝန် ၁နှစ် ထမ်းဆောင်ပြီးဆုံးပြီး ဘွဲ့နှင်းသဘင် မတက်ရောက်ခဲ့သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တက်ရောက်ဘွဲ့ -၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) အဝေးရောက်ဘွဲ့ -၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)
(ဂ) မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာဘွဲ့ -၈၀၀၀ိ/-(ကျပ်ရှစ်ထောင်တိတိ)
(ဃ) ဒီပလိုမာဘွဲ့(ပြင်ပဆရာဝန်များ) -၂၅၀၀၀ိ/-(ကျပ်နှစ်သောင်းငါးထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးတက္ကသိုလ်-မန္တလေး၊ ကျောင်းသားရေးရာဌာနမှရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ပတ်စ်ပို့အရွယ် (၁½လက်မ×၂လက်မ) ဓာတ်ပုံလေးပုံ(အမျိုးသားများသည် လည်ကတုံးရှပ်နှင့် တိုက်ပုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်၊ အမျိုးသမီးများသည် ရင်ဖုံးလက်ရှည်အင်္ကျီ(ပြောင်)ဖြင့် ဓာတ်ပုံဖြစ်ရမည်)ပူးတွဲလျက် (၇-၃-၂၀၁၈ မှ ၂၁-၃-၂၀၁၈)ရက်ထိ တင်သွင်းကြရမည်။

၅။ ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ရာတွင် အမျိုးသားများသည် မြန်မာဝတ်စုံ (လည်ကတုံးရှပ်နှင့်တိုက်ပုံ)/ အနောက်တိုင်းဝတ်စုံ/တိုင်းရင်းသားဝတ်စုံ၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ(လုံချည်၊ အင်္ကျီ)/တိုင်းရင်းသားဝတ်စုံဝတ်ဆင်ရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများ အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

**(အေးအေးမော်)**
**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ်-မန္တလေး**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃/သမိုင်း၊ မြေကွက်အမှတ် ၆/သ၊ မြေကွက်တည်နေရာအမှတ် ၇၄၊ သာယာကုန်းရှမ်းရွာ ၃ လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်(ဦးခင်မောင်) အမည်ပေါက် မြေပိုင်မြေ(အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက် ဦးခင်မောင်ထံမှ မြေ၏အစိတ်အပိုင်းအား အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်(၄၁၂၉/၁၉၉၇) (၂၇-၈-၁၉၉၇)ဖြင့် ဒေါ်တင်ရွှေမှ ပိုင်ဆိုင်ထားပါသည်။ ၎င်းထံမှ မေတ္တာဖြင့် အပိုင်ပေးစာချုပ် (၂၄၁၇/၁၉၉၈) (၃-၇-၁၉၉၈)ဖြင့် ဦးတင်အောင်၊ ဒေါ်ခင်သန်းတို့မှပိုင်ဆိုင်လာပါသည်။ အဆိုပါ မြေကွက်ထဲမှ မခွဲမစိတ်ရသေးသည့် အစိတ်အပိုင်းမြောက်ဘက်ခြမ်း (၂၇'/၂၆'×၄၇'/၃၈')အား သမီးဖြစ်သူ ဒေါ်နုနုစန်းနှင့်သားသမက်တော်စပ်သူ ဦးလှိုင်ကြည်တို့အား အပိုင်ပေးစာချုပ် (၃၅၂၅/၂၀၁၄)ဖြင့် ပေးကမ်းခဲ့ပါသည်။ ဦးလှိုင်ကြည်၊ ဒေါ်နုနုစန်းတို့ထံမှ အဆိုပါအစိတ်အပိုင်းအား အရောင်းအဝယ်စာချုပ်အမှတ် ၄၃၈၅/၂၀၁၂(၄-၉-၂၀၁၂)ဖြင့် ဒေါ်စန်းစန်းဝင်းမှလည်းကောင်း၊ ဒေါ်စန်းစန်းဝင်းကွယ်လွန်သွားပါသဖြင့် ခင်ပွန်းဖြစ်သူ ဦးအောင်ကျော်မြင့်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် (၅၅၈၇/၂၀၁၄) (၁၂-၉-၂၀၁၄)ဖြင့်လည်းကောင်း၊ ဦးအောင်ကျော်မြင့်ထံမှ အရောင်းအဝယ်စာချုပ် (၉၁၂၂/၂၀၁၄) (၁၇-၁၂-၂၀၁၄)ဖြင့် ဦးနေလင်း၊ ဒေါ်ရီရီဝင်းတို့မှ ပိုင်ဆိုင်လာပါသည်။ ကျန်အစိတ်အပိုင်း ပိုင်ဆိုင်သူ ဦးတင်အောင်မှာ ၂၆-၁-၂၀၀၅ရက်တွင် ကွယ်လွန်သွားကြောင်း၊ ၎င်းပိုင်ဆိုင်သည့်အစုအား ဇနီးဖြစ်သူ ဒေါ်ခင်သန်း ၁၂/မရက(နိုင်)၀၆၀၃၃၈မှ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ စာချုပ်အဆက်အစပ်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၅ဓယ/၃၀၇၁၆ CANDA 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီအောင် ၉/ပမန(နိုင်)၁၉၂၉၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇/အနော်ရထာ)၊ ဦးပိုင်အမှတ် (၈၀)၊ ဧရိယာ ၀ဒသမ၀၇၂ကေရှိ မြေကွက်အား ဦးဟန်တင်(ဘ)ဦးဘိုးစ ၉/တကန(နိုင်)၀၁၁၀၂၃မှ တပ်ကုန်းမြို့နယ် တရားရုံး၏ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(၁)၊ ကျောင်းအရှေ့ရပ်၊ ဦးပိုင်အမှတ်(၁၃၁)၊ မြေယာအမှတ်(264/463) မြေဧရိယာ ၀ဒသမ၀၉၀ဧကရှိ မြေနှင့်မြေပေါ်ရှိအကျိုးခံစားခွင့်များအား ဒေါ်နွယ်နီ၊ ဦးဆန်နီဦး၊ ဦးဇာနည်မြင့်၊ ဒေါ်ဂျွန်နီမြင့်တို့ လေးဦးအမည်ဖြင့် ဂရန်အမှုတွဲအမှတ် (၅၈၂/၁၉၉၉-၂၀၀၀) ဂရန်အမည်ပေါက်ပါသည်။ အထက်ပါ ဂရန်အမှုတွဲမှာ ပြင်ဦးလွင်ခရိုင်ရုံးမှတ်တမ်းများတွင် အဝင်/အထွက်စာရင်းမှန်ကန်မှုမရှိကြောင်းနှင့် ယင်းနံပါတ်နှင့်ပင် အဝင်/အထွက်စာရင်းရေးသွင်းပြီး အမှုတွဲဖွင့်လှစ်နိုင်ရေးအတွက် လျှောက်ထားသည့်အပေါ်ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးများသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ၊ တရားရုံး တားဝရမ်းဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဆန်နီဦး**
**အိမ်အမှတ်(၁၄၈)၊ စန်းသီတာလမ်း၊ ၁ကွက်၊ ရကက(၅)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၀၂၅၀၇၇၈၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ် (၉/၁၀-ခ)၊ ဦးပိုင်အမှတ် (၄/၁က)၊ မြေဧရိယာ ၀ဒသမ၃၅၆ဧကရှိပြီး ဦးဇော်ဂမ်အမည်ဖြင့် ၉-၁၂-၂၀၂၈ ရက်ထိ နှစ် ၃၀ ဂရန် သက်တမ်းရရှိခဲ့ နေအိမ်မြေဧရိယာအနက် မြေဧရိယာ ၀ဒသမ၀၆၉ဧက ၂၃-၁၂-၂၀၁၂ရက်စွဲ၏ပါ နှစ်ဦးသဘောတူအိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးစိန်အောင် ၁/မကန(နိုင်)၁၈၈၈၅၆နှင့် ဒေါ်ဂျာဘရန် ၁/မကန(နိုင်)၁၁၅၇၅၀တို့နှစ်ဦးမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၁၅-၂-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၁၂၁/၂၀၁၈)ကို ၁၉-၂-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၆၃/၂၀၁၈)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်ရရှိရေး လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၁၁၃)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၃၅-H)၊ မြေကွက်အမှတ် ၈၃၀၊ လူနေရပ်ကွက်အမှတ် (ကျိုက္ကဆံ) အလျား(၂၀'×၄၀')ပေရှိနှစ် (၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မောင် ၁၂/ဗဟန(နိုင်)၀၇၃၇၁၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၁၁)**
**အမှတ် ၁၈၊ ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၄၂၂၉၆**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ ရေဦးမြို့၊ ဗိုလ်အောင်ဇေယျရပ်နေ ဦးသန်းညွန့် ၅/ရဥန(နိုင်)၀၀၇၀၉၅နှင့် ဒေါ်ချိုချို ၅/ရဥန(နိုင်)၀၀၇၅၁၃တို့၏သား သော်တာမင်းခေါင်သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘနှင့်ညီအစ်ကိုမောင်နှမများအား ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းနှင့် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေသည့်အတွက် ၎င်းအား ဤကြော်ငြာပါသည့်ရက်စွဲမှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ မောင်သော်တာမင်းခေါင်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမဆို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ဖြစ်ပေါ်လာသည့်ကိစ္စအရပ်ရပ်သည်လည်း မိခင်၊ ဖခင်တို့နှင့် လုံးဝ(လုံးဝ) သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဒေါ်ချိုချို ၅/ရဥန(နိုင်)၀၀၇၅၁၃**

## ရောင်းမည်

ကျောက်မြောင်းနေရာကောင်း၊ လူစည်၊ သြဘာလမ်းနှင့် ဒဂုံသီရိလမ်းထောင့်၊ MIND စားသောက်ဆိုင်နှင့်အခန်း။
**ဖုန်း-၀၉-၅၁၉၄၆၇၄**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/4588 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ အကွက်အမှတ် ၇၊ ခဲလယ်တောင်ရပ်၊ ဦးပိုင်အမှတ် ၁၂၃-က၊ မြေယာအမှတ် 128၊ မြေဧရိယာ ၀ဒသမ၀၉၄ဧကရှိမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်များအား ဦးခင်မောင်လေး၊ မောင်သိန်းရွှေ၊ မခင်သာ၊ မမာလာ၊ မနွယ်နီ၊ မသီတာ၊ မောင်ဖုန်းမြင့်၊ မနီလာ၊ မခင်အုန်းမြင့်တို့ (၉)ဦးအမည်ဖြင့် ဂရန်အမှုတွဲအမှတ် ၅၀၂/၁၉၉၉-၂၀၀၀ ဂရန် အမည်ပေါက်ပါသည်။ အထက်ပါဂရန်အမှုတွဲမှာ ပြင်ဦးလွင်ခရိုင်ရုံးမှတ်တမ်းများတွင် အဝင်/အထွက်စာရင်းမှန်ကန်မှုမရှိကြောင်းနှင့် ယင်းနံပါတ်နှင့်ပင် အဝင်/အထွက် စာရင်းရေးသွင်းပြီး အမှုတွဲဖွင့်လှစ်နိုင်ရေးအတွက် လျှောက်ထားသည့်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ၊ တရားရုံး တားဝရမ်းဒီကရီများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်သာ**
**အိမ်အမှတ် ၁၂၈၊ (၈)လမ်း၊ (၇)ကွက်၊ ရကက(၄)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၅၈၇၅**





# ရုံးပိတ်ရက်များတွင် မန်းရွှေစက်တော်သို့ ဘုရားဖူးလာရောက်သူ များပြားစည်ကား

**မကွေး မတ် ၄**

ယခုလအတွင်းတွင် ရုံးပိတ်ရက် ဆက်တိုက်လေးရက်ပိတ်ခဲ့သဖြင့် မြန်မာနိုင်ငံ၏ ဒုတိယမြောက် အစည်ကားဆုံးဘုရားပွဲဖြစ်သော ရွှေစက်တော်ဘုရားပွဲတွင် ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ယခုရုံးပိတ်ရက်အတွင်းတွင် ရွှေစက်တော်သို့သွားကြသော ဘုရားဖူးကားများ များပြားမှုကြောင့် ကားလမ်းပိုင်းဖြစ်သည်။ ကျောက်တစ်လုံးကွေ့မှ လှေတင်တံတားအထိ ကားများ တိုးမပေါက်နိုင်အောင် ကားကျပ်မှုများနှင့် ကြုံကြရသည်ဟု သိရသည်။

ယခုလရုံးပိတ်ရက် လေးရက်တွင် ဧည့်သည်များပြားသောကြောင့် တည်းခိုဆောင်များတွင် လူပြည့်နေသဖြင့် အချို့ဘုရားဖူးဧည့်သည်များမှာ သဲသောင်ပြင်တွင် ကားထိုးကာ အိပ်ကြရပြီး ရိုးရိုးတဲခန်းများတွင်လည်း အခန်းမရကြခြင်းကြောင့် အခန်းရလိုဇောဖြင့် အခန်းခပိုပေးကာ ငှားရမ်းကြမှုများလည်းရှိခဲ့ကြောင်း ရွှေစက်တော်ဘုရားဂေါပက အဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

"ကျွန်တော်က မန္တလေးကနေ ရွှေစက်တော်ဘုရား လာဖူးတာပါ။ ကျွန်တော်က ရုံးဝန်ထမ်းပါ။ ခုပိတ်ရက်ကလည်း လေးရက်ဆိုတော့ လာဖြစ်တာပါ။ *စာမျက်နှာ ၉ ကော်လံ ၁* ◆

# MNL ပွဲစဉ်(၈) ဇွဲကပင် နိုင်ပွဲပြန်ရပြီး အိမ်ကွင်း၌ ရခိုင် နိုင်ပွဲဆက်

**ရန်ကုန် မတ် ၄**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဇွဲကပင်အသင်းနှင့် ရခိုင်အသင်း နိုင်ပွဲရခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ထားသည့် ဇွဲကပင်အသင်းသည် ယခုပွဲတွင် ပြန်လည်ပေါက်ကွဲခဲ့ပြီး တန်းတက် စစ်ကိုင်းယူနိုက်တက်အသင်းကို အနိုင်ကစားကာ နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ ဇွဲကပင်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ဖိအားလျော့သွားခဲ့ရပြီး တန်းတက် စစ်ကိုင်းအသင်းမှာမူ လက်ကျန်ပွဲများတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

နှစ်သင်းစလုံး နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် အမာခံကစားသမား အစုံအလင်ဖြင့်ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက အပြန်အလှန်သွင်းဂိုးများ တွေ့မြင်ခဲ့ရသည်။ ပွဲအစ ၁၀ မိနစ်တွင် သက်နောင်ထွေးက စစ်ကိုင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ပွဲကိုထိန်းချုပ်နိုင်ခြင်း မရှိခဲ့ပေ။ ဇွဲကပင်အသင်းသည် ချေပဂိုးရရန် အားထည့်ကစားလာခဲ့ပြီး မိနစ် ၃၀ ကျော်တွင် ချေပဂိုးနှင့် ဦးဆောင်ဂိုး နှစ်ဂိုးထပ်ရခဲ့၍ စစ်ကိုင်းအသင်း ချေပဂိုးပြန်ရရန် ခက်ခဲသွားခဲ့ရသည်။ ၃၁ မိနစ်တွင် စိုင်းမင်းထွန်းက ပယ်နယ်တီမှတစ်ဆင့် ဇွဲကပင်အတွက် ချေပဂိုးပြန်သွင်းခဲ့ပြီး နှစ်မိနစ်အကြာတွင် ဇင်မင်းထွန်းက ဦးဆောင်ဂိုးထပ်သွင်းခဲ့သည်။ နှစ်ဂိုးဆက်ရခဲ့သည့် ဇွဲကပင်အသင်းသည် ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး ၄၂ မိနစ်တွင် ပေါ်လိုက တတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် စစ်ကိုင်းအသင်း ချေပဂိုးရရန် အားထည့်လာခဲ့ပြီး ဇွဲကပင်အသင်းက ဂိုးပြန်မပေးရရန် *စာမျက်နှာ ၁၃ ကော်လံ ၃* ❐



ဇွဲကပင်အသင်းတိုက်စစ်မှူး ပေါ်လို စစ်ကိုင်းအသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# ပုဂံဘုရားအမှတ် ၁၀၆၆ တွင် ပြန်လည်ပြုပြင်ထားသော အပိုင်းများ ပြိုကျပျက်စီး

**နေပြည်တော် မတ် ၄**

ပုဂံမြို့သစ် အနောက်မြောက်ဘက် စိမ်းညက်ညီအစ်မဘုရားစု၏ အနောက်တောင်ဘက်ရှိ ဘုရားအမှတ် ၁၀၆၆ သည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် တိုက်မန်ရုံသုံးဖက် ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဘုရားအမှတ် ၁၀၆၆ သည် မုခ်တစ်ဖက်ပါ လိုဏ်ခံဘုရားတစ်ဆူဖြစ်၍ ၂၆ ပေပတ်လည် အမြင့်ပေ ၄၀ ခန့်ရှိကြောင်း၊ ၁၉၉၆ ခုနှစ်ခန့်က အသစ်ပြန်လည်ပြုပြင်ထားသော ဂူဘုရားတစ်ဆူဖြစ်ကာ ၂၀၁၆ ခုနှစ် ငလျင်ထိခိုက်မှုတွင်ပါဝင်ပြီး တတိယဦးစားပေး ပြုပြင်ရမည့် စေတီတစ်ဆူဖြစ်ကြောင်း၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုမှာ တိုက်မန်ရုံလေးဖက် အက်ကွဲကြောင်းများ *စာမျက်နှာ ၉ ကော်လံ ၅* ✳

## မာတိကာ

ပဉ္စမအသုတ် UEHRD စေတနာ့ဝန်ထမ်းလူငယ်များအဖွဲ့ မောင်တောဒေသအတွင်း၌ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ် စာ ၁၀

တစ်ဖက်နိုင်ငံတွင် အလုပ်ရမည်ဟု သွေးဆောင်ခံရသူများအား အချိန်မီတားဆီးနိုင်ခဲ့ စာ ၁၁

အမေရိကန်က ပိတ်ဆို့မှုများကို တိုးချဲ့လိုက်ခြင်းမှာ တရားမဝင်ကြောင်း ကရင်မလင်ပြောကြား စာ ၁၄

